
www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုခေတ်

## ပုံပြင်ထဲက ကောင်မလေး

(အချစ်လုံးချင်းဝတ္ထုသစ်)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးခေတ်

BURMESE CLASSIC .com

ပုံပြင်ထဲက...

# ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

"ကိုကျော်စွာ ရောက်လာပြီ့ဆရာ"

သူ့တပည့် ကောင်လေးတစ်ယောက်၏အသံကြောင့် ဆက်တီပေါ်ကို ခြေထောက်တစ်ချောင်း ပစ်တင်ရင်း ခေါင်းကို ဆိုဖာပေါ် မှီလျက် သက်တောင့်သက်သာ လဲလျောင်းနေရာမှ ဖြီးပြည့်စုံ မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူ့ရှေ့မှာ လက်နောက်ပစ်လျက် ရိုရိုကျိုးကျိုးပုံစံလေးနှင့် ခါးလေးညွှတ်ကာ ရပ်နေသောမင်းမင်းကို တွေ့လိုက်ရ၏။ သူ့ရဲ့ခပ်စင်းစင်းအကြည့်ကြောင့် မင်းမင်းက မဝံ့မရဲလေသံနှင့်. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာက ဆရာနဲ့တွေ့ခွင့်တောင်းနေပါတယ်"

ဟု ထပ်ပြောလေသည်။

သူ ခေါင်းညိတ်ပြလိုက်၏။

"ရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့, နာရီဝက်နီးပါးရှိပြီဆရာ၊ ဆရာ အိပ်နေတယ်ထင်လို့ ကျွန်တော် ခဏစောင့်ခိုင်းထားတာ"

သူ စီးကရက်ကို နှုတ်ခမ်းမှာ တေ့ရင်း ပြုံးလိုက်သည်။ မင်းမင်းက အလျင်စလိုပြေးလာပြီး ရွှေရောင်မီးခြစ်လေးကို ထောက်ခနဲဖွင့်ကာ မီးညှိပေးသည်။

အဲဒီလိုအလိုက်တသိရှိမှု သူက သဘောကျတတ်တာမို့ သူ့ရဲ့လက်စွဲတော်တပည့်လေးတွေက ပျာယာခတ်နေကြတာဖြစ်၏

သူ စီးကရက်ကို တစ်ချက်ဖွာရှိုက်ပြီးမှ. . .

"မင်းတော်တယ်. . . ငါအိပ်နေတာတော့မဟုတ်ဘူး။ ဒါပေမဲ့သူတို့နဲ့တွေ့ရင် ဈေးစကားပြောဖို့ အချိန်ယူစဉ်းစားနေတာ။ ကဲ, ဝင်ခွင့်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ဆရာ"

မင်းမင်းက ချက်ချင်းပြန်ထွက်သွားသည်။ စက္ကန့်အနည်းငယ်





အတွင်းမှာပဲ သူ့အခန်းတံခါးက ပွင့်လာကာ မင်းမင်းနှင့်အတူ ကိုကျော်စွာနှင့် တခြားလူတစ်ယောက် ဝင်လာသည်။

"စောင့်နေရတဲ့အတွက်. . . တောင်းပန်ပါတယ်ကိုကျော်စွာ။ ကျွန်တော် အလုပ်လေး နည်းနည်းရှုပ်နေလို့ပါ"

ခရီးရောက်မဆိုက် နွေးထွေးချိုမြစွာ တောင်းပန်စကားဆိုလိုက်တာမို့ ကိုကျော်စွာ့မျက်နှာက ပြုံးသွားသည်။

"ရပါတယ်ဗျာ. . . ကိုဖြိုးပြည့်စုံ ဘယ်လောက်အလုပ်များတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်"

ကိုကျော်စွာ့စကားအဆုံး သူ နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ကွေးသွားရုံ ဖွဖွကလေး ပြုံးလိုက်မိပါသည်။

ရှင်းသန့်ချောမွေ့သော သူ့ရုပ်ရည်နှင့် ချိုသာကြည်လင်သော သူ့စကားသံကို ကြားရသူ မည်သူမဆို အနည်းနဲ့အများတော့ ယုံကြည်လေးစားသွားကြတာချည်းပင်။

စီးပွားရေးသမားဆိုတာကလည်း မုသားမပါ လက်ာမချောဆိုသလို အလိမ်အညာနှင့်တော့ သိပ်မလွတ်ကင်းပါ။ ကြည့်ကောင်းအောင် အဆင်ပြေသွားအောင်တော့ ပြောရသေးသည်။

"ဒါနဲ့ ကားက ကျွန်တော်လိုက်ကြည့်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မကြည့်ရပါဘူးဗျာ. . . ကျွန်တော် ယူလာတယ်။ ဒီက ကိုဟိန်းကျော်ကိုသာ မေးကြည့်ပေတော့။ ဟိုမှာ ကျွန်တော်တယ်လောက် ပြောခဲ့ဆိုခဲ့ရသလဲဆိုတာ"

ကိုကျော်စွာနှင့်ပါလာသော ကိုဟိန်းကျော်ဆိုသည့်လူက သူ့ကို သွားဖြဲလေးနှင့် ခေါင်းညိတ်ပြရှာ၏။

"အဲဒါဆိုလည်း သွားကြည့်ရအောင်ဗျာ။ အောက်မှာ ရပ်ထားခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ ရပါတယ် ကိုဖြိုးပြည့်စုံ"

သူ့နာမည် သူပြန်ကြားရတာ နားထဲမှာ ခပ်တောင့်တောင့်နှင့် သိပ်ဘဝင်မကျမိချေ။ သူ့ကို ပြည့်စုံဟုခေါ်တာ သဘောအကျဆုံးပင်။ နာမည်ကိုက အတိတ်နှင့် နိမိတ်နှင့်မဟုတ်လား။

ငယ်ငယ်ရွယ်ရွယ်နှင့် ပြည့်စုံ ကြွယ်ဝနေသော သူ့အတွက် ထိုအမည်က ပညတ်သွားရာ ဓာတ်သက်ပါသည်ဟုပင် ဆိုရမည်။

"ကာလာက ivory...လား။ ကျွန်တော်က အဖြူသန့်သန့် လိုချင်တာ"

ကားဘောနက်ပေါ်မှာ လက်ထောက်ရင်း နောက်လှည့်ပြောလိုက်သော သူ့စကားကြောင့် ကိုကျော်စွာ့ပုံစံက ပျာယာခတ်သွားသည်။





အားလုံးကြိုက်နေပြီးမှ ကာလာကြောင့် ငြင်းပစ်လိုက်မှာကို စိုးရိမ်နေသည်။ သူက မထင်ရင် မထင်သလို လုပ်တတ်သူမို့ ကိုကျော်စွာ ပျာသွားတာ သိပ်တော့မဆန်း။

"ivory...က ရှားတယ်ဗျ။ ကာလာပြောင်းရတာ လွယ်ပါတယ်။ ကျွန်တော်က ကိုဖြိုးပြည့်စုံ ကြိုက်မယ်ထင်လို့"

သူ စုတ်တစ်ချက်သပ်ရင်း ခေါင်းရမ်းလိုက်သည်။

"ကာလာပြောင်းတာကို မကြိုက်ဘူးဗျ။ သိတယ်မဟုတ်လား။ ကျွန်တော်က အော် (Original) ပဲကြိုက်တာ။ ကျေးဇူးပဲနော်၊ ထပ်ရှာလိုက်ပါဦး"

စကားအဆုံး သူ လှည့်ထွက်လာခဲ့သည်။ မျက်စိပျက်မျက်နှာ ပျက်နှင့် ကျန်ခဲ့မည့်ကိုကျော်စွာ့မျက်နှာကို မြင်ယောင်ကြည့်ပြီး သူပြုံးလိုက်မိသည်။

"ဆရာ၊ ဘာလို့ငြင်းလိုက်တာလဲ၊ ကာလာက ဘာမှအရေးမကြီးတာကို"

မင်းမင်း သူ့နောက်မှ ခပ်ကုပ်ကုပ်လေး လိုက်လာရင်း မဝံ့မရဲဝင်ပြောသည်။ Underground Car Park ထဲမှာ အေးအေးဆေးဆေး လျှောက်လာရင်း သူ မင်းမင်းကို တစ်ချက်ငဲ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''သူ့ကားကို မကြိုက်လို့မဟုတ်ဘူး၊ ဒီ Park ထဲမှာ ငါ အရမ်းကြိုက်သွားတဲ့ကားတစ်စီး ခုနကမြင်လိုက်လို့''

''ဗျာ. . .''

''ဟုတ်တယ်၊ ငါတို့စကားပြောနေတုန်း ဒီထဲ မောင်းဝင်သွားတာ မြင်လိုက်လို့''

''အဲဒါက ရောင်းဖို့ဟုတ်ပါ့မလား''

''ဟော့ကောင်!. . . ငါ မဝယ်နိုင်တဲ့ပစ္စည်း ဘာမှမရှိဘူး။ ဝယ်လို့မရတာကို ရအောင်လုပ်ပြမယ်။ ခုန မာစီးဒီးစ်အနက်ရောင်ကို တွေ့အောင်ရှာ''

များပြားလှသောကားတွေကြားထဲ သူတို့နှစ်ယောက် ဝေ့ဝဲရှာဖွေလိုက်သည်။

တွေ့ပါပြီ။

ဘယ်လောက်အရေအတွက်များများ ခမ်းနားလှပသောအနက်ရောင်တောက်တောက် ကားကလေးက ကားအများကြီးထဲမှာ ထင်ရှားစွာ သူ့ကိုစောင့်ကြိုနေသည်။

သူ ကားလေးကို မျက်တောင်မခတ်စတမ်း ကြည့်နေရင်းမှ ထိုအနက်ရောင် ဖိတ်ဖိတ်လက်နေသော ကားလေးကို ထိတွေ့ ပွတ်





သပ်ချင်စိတ် ပေါက်လာမိလေသည်။

သူ ကားဘောနက်ကို လက်ညှိုးလေးနှင့် ပွတ်အဆွဲမှာ ဆူညံသောမြည်သံတစ်ခုနှင့်အတူ ကားတံခါးက ချပ်ခနဲပွင့်သွားသည်။

သူ သိပေမယ့် ခေါင်းမော့မကြည့်ဘဲ ကားကိုယ်ထည်တစ်ခုလုံးကို အပြန်ပြန်အလှန်လှန် ကိုင်တွယ်ကြည့်နေမိ၏။

''ဒီမှာ''

ခပ်ရှူးရှူးခေါ်သံလေးကြောင့် သူ မျက်လုံးအကြည့်ကို ရွှေ့လိုက်စဉ် အနက်ရောင်ကြိုးသေးသေးလေးတွေကို ခြေသလုံးသားအထိ သိုင်းထားသော ခြေထောက်ဖြူဖြူလေးတစ်စုံကို မြင်လိုက်ရသည်။

ထိုမှတစ်ဆင့် သလုံးသားဝင်းဝင်းလေးနှင့် ပေါင်တံသွယ်သွယ်လေးကို မြင်လိုက်ရပြီးနောက် သူ ခေါင်းမော့ကြည့်လိုက်၏။

အားပါး. . . ကားနှင့်အပြိုင်လှနေတဲ့ မျက်နှာဝိုင်းဝိုင်းလေးတစ်ခုပါလား။ အနက်ရောင် လည်သာအင်္ကျီလက်ပြတ်ကို လည်ထောင်ဇစ်ပိတ်ပုံလေး ဝတ်ထားပြီး စကပ်လား၊ ဘောင်းဘီလားမသိ (ခပ်တိုတိုကျပ်ကျပ်) ရသောအရာကို ခါးပတ်ပြားကြီးကြီးနှင့် ပတ်ဝတ်ထားသော သူမအသွင်က နိုင်ငံခြားအက်ရှင်ကားထဲမှ မင်းသမီးထက်ပင် ဆွဲဆောင်အား ပြင်းနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက GUCCI မျက်မှန်ကို ဖျတ်ခနဲဆွဲချွတ်ရင်း မေးတစ်ချက်ပင့်ကာ. . .

"ရှင်ဘာလုပ်နေတာလဲ. . . ကားနိုးမယ်ဆိုရင်တော့ ဒီလိုမင်သေသေပုံစံလုဂ်ကိုင်း ရမယ်မထင်နဲ့"

ဟု စုံထောက်မလေးလို ပိုင်ပိုင်နိုင်နိုင်လေသံနှင့် ပြောလိုက်တာမို့ သူ ရယ်ချင်သွားသည်။

"မင်း,ကားကို နိုးမယ်လို့ ဘယ်သူကပြောလဲ"

"အို. . . သူခိုးက ခိုးမယ်လို့ပြောပါ့မလား။ ရှင့်ပုံစံကြည့်တာနဲ့ အသိသာကြီး။ ဟွန်း. . . ခိုးတာတောင် တစ်စီးလုံးကို သိက္ခာရှိရှိခိုးမယ့်လူမဟုတ်ဘူး။ တစ်စစီ ဖြုတ်ခိုးမယ့်သူခိုး"

စကားအဆုံး သူ ဟက်ခနဲရယ်ချလိုက်မိသည်။

"ကိုယ့်ပုံစံက သူခိုးနဲ့တူနေလို့လား"

"အမှန်အတိုင်းပြောရရင်တော့ ရှင့်ရုပ်က လီယိုနာဒိုငယ်ငယ်ကရုပ်နဲ့ တော်တော်ဆင်ပါတယ်။ သူ့ထက်တောင် ပိုသားနားသေးတယ်။ ဒါပေမဲ့ ခုခေတ်မှာ ဘယ်သူခိုးမှ စုတ်စုတ်ပြတ်ပြတ်မနေကြတော့ဘူးလေ"

"ဒီတော့. . ."





"ရှင် သူခိုးဖြစ်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် သေချာတာပေါ့"

သူမစကားအဆုံး မင်းမင်းက ခွီခနဲ ကျိတ်ရယ်သည်။

"မင်းကရော ဒီကားပိုင်ရှင်ဟုတ်ရဲ့လား"

ဖြူးပြည့်စုံစကားအဆုံး သူမက မျက်ခုံးတစ်ချက်ပင့်ရင်း. . .

"ကိုယ်ပိုင်ကားမို့ ကိုယ်တိုင်မောင်းလာတာပေါ့ရှင့်။ ဘာလဲ, ရှင့်ကို Owner Book တွေ လိုင်စင်တွေ ထုတ်ပြနေရဦးမှာလား"

"ဒါဆို. . . မင်း,ကိုယ်ပိုင်ပေါ့"

ကောင်မလေးက ဆတ်ခနဲခေါင်းညိတ်သည်။

"လွန်ခဲ့တဲ့ခြောက်လလောက်က ကျွန်မအဖေ ပိုင်တယ်၊ ခုတော့ ကျွန်မ ပိုင်သွားပြီ"

ကောင်မလေးကြည့်ရတာ ဆယ့်ရှစ် ဆယ့်ကိုးအရွယ်လေးမို့ သူ့ထက် နှစ်နှစ်လောက် ငယ်မည်ထင်ပါသည်။

"ကောင်းပြီ၊ မင်းအပိုင်ဆို ကိုယ့်ကိုရောင်းမလား"

သူမက နှာခေါင်းတစ်ချက်ရှုံ့ရင်း ခေါင်းရမ်းသည်။

"ရှင်က ခိုးလို့မရတော့ လိမ်ပြီး ယူတော့မယ်ပေါ့လေ။ ဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးလိုက်ပြီး အင်္ကျီအိတ်ထဲ လိုရမည်ရ ထည့်လာသော Cheque တစ်စောင်ကိုထုတ်ပြီး သူမကို ကမ်းပေးလိုက်သည်။

"ရော့. . . ဒီမှာ မင်းကားရဲ့ရောင်းဈေးကို ရေးလိုက်။ ကိုယ် လုံးဝမဆစ်ဘူး"

စကားအဆုံး သူမက မျက်ခုံးတစ်ချက်ပင့်ပြီး Cheque ကို လှမ်းယူသည်။

ထို့နောက် ချက်ပေါ်မှာ တစ်စုံတစ်ရာရေးလိုက်ကာ သူ့ထံ လှမ်းပေးသည်။

"ထောင့်ငါးရာ. . . ဟုတ်လား"

သူ တအံ့တသြဆိုလိုက်စဉ် သူမက ကားထဲသို့ ဝင်ထိုင်လိုက်ရင်း. . .

"ဒီကားမျိုးကို ဘယ်လောက်တန်တယ်ထင်လို့လဲ"

"မင်းပဲ သိန်းထောင့်ငါးရာဆို"

သူမက ခပ်လွန်လွန်ပြုံးရင်း. . .

"သွားသေလိုက်ပါလားရှင်. . . ကျွန်မတောင်းတဲ့ ထောင့်ငါးရာက ပိုက်ဆံမဟုတ်ဘူး"

သူ့ရင်ထဲ ထိတ်ခနဲခုန်သွားသည်။





"ဒါဖြင့် ဘာလဲ"

"နောက်မှပြောမယ်၊ ထောင့်ငါးရာဆိုတာ ကားဈေးနဲ့ဘာမှ မဆိုင်ဘူး"

"ဒါဆို ဘာလဲ၊ ကိုယ် အခုပေးလိုက်မယ်"

"စောပါသေးတယ်ရှင်"

သူမက သူ့ကိုတစ်ချက်စိုက်ကြည့် ပြုံးပြရင်း ကားမှန်ကို တဖြည်းဖြည်းတင်လိုက်လေသည်။ ထို့နောက် သူနှင့်မင်းမင်းကို ကွေ့ရှောင်ကာ ဝေါခနဲမောင်းထွက်သွားတော့၏။

"ဟိတ်!. . . နေဦးလေ"

နာမည်လေးတောင် မမေးလိုက်ရ။

ကံဆိုးချင်တော့ ကားနံပါတ်လည်း မှတ်မထားမိ။ သူ စိတ်ညစ်သွားမိသည်။

"တောက်! ထောင့်ငါးရာနဲ့ ငါ့ကို အရူးလုပ်သွားတယ်"

သူ့နှုတ်က ထိုစကားကိုပဲ တဖွဖွပြောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုး"

"ထောင့်ငါးရာတဲ့ကွာ"

"ဟော့ကောင်. . . ကိုဖြိုး"

"ဟမ်. . . ဘာ. . . ဘာတဲ့လဲ၊ ထောင့်ငါးရာ ပြန်လာပြီလား"

သူ မျက်လုံးတွေကို ပွတ်သပ်ရင်း ထထိုင်လိုက်မိသည်။

မင်းမင်းက သူ့ခြေထောက်ကို တစ်ချက်လှဲကန်ရင်း. . .

"မင်းကြီးတော် ထောင့်ငါးရာလား"

ဟု ဆဲကာ ထွက်သွားသည်။

သူခေါင်းကုတ်ရင်း ဟိုဒီလိုက်ရှာကြည့်မိ၏။ သူမပေးခဲ့သော ချက်လေး မရှိတော့၊ ပြီးတော့ သူက မြေအောက်ကားပါကင်မှာမဟုတ်၊ သူ့အဝတ်အစားတွေကို ငုံ့ကြည့်တော့ အော်ဒိုချင်စိတ်ပင် ပေါက်သွားရသည်။

စက်ဆီတွေ၊ အင်ဂျင်ဝိုင်တွေ ပေကျံနေသောကြောင့် အဖြူဆိုတာ ကျမ်းကျိန်ပြောရတော့မည့် စွပ်ကျယ်နှင့် ဒူးနားမှာ ခွေးကိုက်ထားသလို ဖွာလန်ကြဲနေသည့် ဂျင်းဘောင်းဘီခပ်နွမ်းနွမ်းတစ်ထည်။

ခုန သူ့ကို တစ်ဆရာတည်း ဆရာနေသော မင်းမင်းကလည်း ရှုတ်ချည်းပြောင်းလဲကာ ခြေထောက်နှင့်ပင် အားကုန်သမသွားသေး၏။





သူ့အိပ်မက်ကလေးကို နှမြောသွားသည်။

သူ့ဘဝကို ချက်ချင်းကြီး နိမ့်ကျ ထိုးဆင်းသွားအောင် ရက်ရက်စက်စက်နှိုးသွားသော မင်းမင်းကို သူ စိတ်ထဲကပဲ ကျိန်ဆဲပစ်လိုက်မိ၏။

ထိုစဉ် ရဲထိုက် ရောက်လာပြီး. . .

"ကိုဖြိုး. . . ဘာရှာနေတာလဲ၊ ငါကြားလိုက်ပါတယ်၊ ထောင့်ငါးရာဆိုလား။ မင်း ရေဆေးပေးနေကျ ကားပိုင်ရှင်ကိုကျော်စွာက နောက်တစ်ခါလာမှ ဘောက်ဆူးပေးမယ်တဲ့။ မင်းအိပ်နေတာနဲ့ ပေးမသွားတာကွ"

သူ စက်ဆီပေနေသောလက်နှင့် မျက်နှာကို တစ်ချက်ပွတ်သပ်ရင်း ခေါင်းအုံးအိပ်ခဲ့သော ကားတာယာအစုတ်ကြီးကို ငေးကြည့်နေမိသည်။

အိပ်မက်ထဲမှာ ကိုကျော်စွာက သူ့ဆီကို ကားလာပြသည့် ပွဲစားဖြစ်နေပြီး မင်းမင်းက သူ့တပည့်ဆိုတာကို ရဲတိုက်ကိုပြောပြရရင် ကောင်းမလားဟု စဉ်းစားမိသေးသည်။

မင်းမင်းသာ ပြန်ကြားရင် စိတ်တိုပြီး သူ့ကိုဆဲရုံသာ ရှိမည်။ ရဲထိုက် အာချောင်လို့ ကိုကျော်စွာ သိသွားရင် အားနာစရာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောဖြစ်ပါတော့။ အိပ်မက်ထဲမှာ ထောင့်ငါးရာ တောင်းသော ကောင်မလေးအကြောင်းလည်း မပြောဖြစ်တော့။

လုပ ခမ်းနားလွန်းသော အိပ်မက်ကိုသာ တစိမ့်စိမ့်တွေးပြီး ကြည်နူးနေတာ အမောပြေသည်။

အိပ်မက်ထဲမှာက သူ့နာမည်က ဖြိုးပြည့်စုံတဲ့။ ဘယ်သူ့ကိုမှ မပြောဘဲ ကိုယ့်ဘာသာ ရယ်ချင်သွားသည်။

နာမည်ပေးတာတောင် ချို့တဲ့ကပ်စေးနဲလွန်းသော သွားလေသူ အဖေနဲ့အမေကို စိတ်ဆိုးရမလို။

တကယ်တော့ သူ့နာမည်အစအဆုံးကိုက တစ်လုံးတည်း 'ဖြိုး' တဲ့။ သူငယ်ချင်းတွေရော သူ့အလုပ်ရှင်ရော အားလုံးက 'ကိုဖြိုး'။ ဒါကို မကျေနပ်သောသူက အတိတ်နိမိတ်ကောင်းအောင် 'ဖြိုးပြည့်စုံ'လို့ ဝပ်ရှော့က သူငယ်ချင်းတွေကို လက်ဖက်ရည်တိုက်ပြီး နာမည်ပြောင်းခေါ်စေသည်။

လက်ဖက်ရည်သောက်စဉ်က ကောင်းပြီ ကောင်းရဲ့နှင့်။ ပြီးတော့ ဒုံရင်းက ဒုံရင်း ကိုဖြိုးပဲပြန်ဖြစ်သွားသည်။ ဒါတောင် သူ့ဘကြီးခေါ်သလို 'ငဖြိုး'လို့ မခေါ်တာ ကံကောင်း။

သူ့ဘဝက အတိတ်ကိုပြန်ကြည့်ကြည့်၊ ပစ္စုပ္ပန်ကိုပဲ ငုံ့ကြည့်





ကြည့် ဘယ်လိုမှကံမကောင်းခဲ့ပါ။

သူ့ဇာတိက ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်ထဲက ရွာငယ်လေးတစ်ရွာဖြစ်သည်။ အဖေနဲ့အမေဆုံးပြီး ဆွေမျိုးနီးစပ်တော်သော ရွာဦးကျောင်းဆရာတော်က ကောက်ယူမွေးစားပြီး အတန်းပညာသင်ပေးခဲ့လို့ ရွာက အလယ်တန်းကျောင်းလေးမှာ ရှစ်တန်းအောင်ရသည်။

ရုပ်ရည်လေးကလည်း သန့်၊ ပညာကလည်း သိပ်မဆိုးတာမို့ အနီးနားက ရွာမှာရှိတဲ့ တွဲဖက်အထက်တန်းကျောင်းကိုပို့ပြီး စာဆက်သင်စေခဲ့သောကြောင့် သူ ဆယ်တန်းအောင်ခဲ့သည်။

ဆရာတော် မမာမကျန်းဖြစ်တာမို့ သူ တက္ကသိုလ် ဆက်တက်ဖို့ အခက်အခဲဖြစ်နေတုန်း၊ ရုတ်တရက်ရောက်လာသော ယခု ကားဝပ်ရှော့နဲ့ ကားရေဆေးဆီထိုးလုပ်ငန်းပိုင်ရှင် ဦးမင်းနိုင်။ ဆရာတော်ရဲ့ ဒကာရင်းဖြစ်တာကြောင့် ကျောင်းဆက်တက်ရမလို၊ သူများလယ်ထဲ ယာထဲ သူရင်းငှားလိုက်ရမလိုဖြစ်နေသောသူ့ကို ဦးမင်းနိုင်ကပဲ ဆက်လက်တာဝန်ယူလိုက်ရပြီး၊ ကျောင်းပညာရော အသက်မွေးမှုအတတ်ပညာပါ သင်ပေးပါမည်ဟု ဆရာတော်ထံ၌ အာမခံအပ်ခဲ့ကာ ရန်ကုန်သို့ ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။

ဦးမင်းနိုင်နှင့် ရွာမှာကျန်ခဲ့သော ဆရာတော်တို့ နှစ်ဦးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှယ်ယာနှင့် တစ်ကောင်ကြွက်ဖြစ်သည့် သူ စာပေးစာယူနှင့် ဘွဲ့ရခဲ့သည်။

ယခုလောလောဆယ် သူက ဝပ်ရှော့မှာ ယုံကြည် စိတ်ချရသည့် တပည့်ရင်းဖြစ်နေပေမယ့် မျက်နှာလွှဲ အားကိုးရလောက်သည့် လူတော့ ဖြစ်မလာသေးချေ။

နှစ်နှစ်သုံးနှစ်ရှိတာတောင် အားမကိုးရသေးဆို သူကိုယ်တိုင်က ဒီအလုပ်ကို စိတ်မှမဝင်စားတာ။

သူဖြစ်ချင်တာ ရဲသီဟလို ဘဝမျိုး။

ရဲသီဟဆိုတာ ဖြိုးရဲ့တစ်ဦးတည်းသော သူငယ်ချင်းဖြစ်ပြီး ရုပ်ရည်ရော၊ ပစ္စည်းဥစ္စာပါ အစစအရာရာပြည့်စုံသည်။ အဖေက ပဲခူးဒီဂရီကောလိပ်က ပါမောက္ခ၊ အမေက မြို့နယ်ပညာရေးမှူး။ နှစ်ဖက်အဘိုးအဘွားတွေက ရွှေပန်းထိမ်လုပ်ငန်းတွေလုပ်ပြီး မျိုးနှင့်ရိုးနှင့် ကျိကျိတက် ချမ်းသာသည်။

ဝပ်ရှော့မှာ ကားရေလာဆေးရင်း ရည်မွန်သန့်ပြန့်သောဖြိုးကို သူက မြင်မြင်ချင်းခင်သွားသည်။ ပဲခူးဒီဂရီကောလိပ်မှာ အင်္ဂလိပ်စာနဲ့ အဝေးသင်တက်နေမှန်းသိသွားတော့ ကောလိပ်မှာ သူ့အဖေက ပါမောက္ခအဖြစ် ရှိနေတာ အကြောင်းပြုပြီး ရဲသီဟက ကားနှင့်လိုက်





ပို့ပေးရာက အခင်ဆုံးသူငယ်ချင်းတွေ ဖြစ်ကုန်သည်။

ရဲသီဟက YUFL. မှာ အင်္ဂလိပ်စာ အဓိကကျောင်းသား။ သရုပ်ဆောင်လုပ်တော့မယ့် သင်တန်းတက်ဆဲ မော်ဒယ်လ်ပေါက်စလေးဖြစ်သည်။

ဖြိုးက သူ့ထက် ရုပ်ရည်သာပေမယ့် ရိုးရိုးအင်္ဂလိပ်စာအဓိကနဲ့ အဝေးသင်တက်နေရတဲ့ ဝပ်ရှော့အလုပ်သမား။ ဘဝက ကွာချင်တိုင်းကို ကွာနေတော့သည်။

ဖြိုးဘဝမှာ အားကျရသူက ရဲသီဟ။ ရဲသီဟဘဝမှာ ချစ်ခင်အားကိုးရသူက ဖြိုး။ အပြန်အလှန် မှီတွယ် ချိတ်ဆက်မှုတစ်ခုနှင့် သူတို့နှစ်ယောက်က အရမ်းကို ခင်ပြီး တတွဲတွဲရှိကြသည်။

ဖြိုးက မိဘမရှိ ဆရာတော်ကလွဲပြီး တခြားကြည့်ရှုရမယ့် သူ တစ်ယောက်တလေမှမရှိတာမို့ ရသမျှလစာကို မင်းသားရုံးအောင် အဝတ်အစားတွေဝယ်ဝတ်ပြီး သူ့ကိုယ်သူ သူဌေးသားလို နေသည်။

ရဲသီဟနှင့်အပြင်သွားလျှင် တစ်တန်းတည်းထင်ရအောင် ဖြိုးအသွင်က တောက်ပ သားနားသည်။ ပညာလေးလည်း တတ်၊ ရုပ်ရည်လေးကလည်း ရှိတာမို့ တော်ရုံမိန်းကလေးကို စိတ်ကူးထဲပင် မထည့်ချေ။ နောက်ဆုံးအဆင့် ကျေးဇူးရှင် ဦးမင်းနိုင်ရဲ့သမီး စုမြတ်နိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ဆယ်တန်းမအောင်တာမို့ ရင်ခုန်စရာမကောင်းသည့်စာရင်းထဲ ထည့်ထားသူ။

ကိုယ်တိုင်က ဘာမှမဟုတ်သေးပေမယ့် တစ်နေ့ ငါ ဘာဖြစ်ရင်ဆိုတဲ့ ကြီးကြီးကျယ်ကျယ်အတွေးနှင့် သွေးနားထင်ရောက် စိတ်ကူးယဉ်နေသူတည်း။

ထိုမှုမက ချမ်းသာလျှင် ဖြိုးဆိုသောနာမည်နောက်မှာ ပြည့်စုံဟု ထပ်ထည့်ပြီး ဖြိုးပြည့်စုံဟု ပြောင်းပစ်လိုက်မည်ဟု စိတ်ထဲ တေးထားသေးသည်။

သူ့ရည်မှန်းချက်က နည်းနည်းတော့ ရှုပ်ပါသည်။

ငယ်စဉ်က ဖြစ်ချင်တာ အရမ်းတော်ပြီး ထက်မြက်တဲ့ ရဲအရာရှိ၊ နောက်တော့ ရဲသီဟလို မော်ဒယ်လ်ဖြစ်ချင်ပြန်သည်။ လက်တလော သူ့ခေါင်းထဲ ရောက်နေတာက အရမ်းချမ်းသာပြီး စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်သည့်သူ။

နောက်ဆုံး အိပ်မက်အတိုင်းဆိုလျှင်တော့ သူ့ဘဝမှာ လိုအပ်နေသော ထောင့်ငါးရာသာ ဖြစ်ပါလိမ့်မည်။

ဘယ်သူကများ သူ့ကို ထောင့်ငါးရာ ပေးပါမည်နည်း။

လောလောဆယ်တော့ သူ အိပ်ပျော်နေသည့်အတွက် သူ့ကို





ဘောက်ဆူးပေးနေကျ ကိုကျော်စွာပင် ပေးမသွား။

အင်းလေ. . .

အိပ်မက်နဲ့ လက်တွေ့ ဒီလောက်တော့ ကွာမှာပေါ့လို့ တွေးလိုက်မိလေသည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ကောင် ကိုဖြိုး မင်းသူငယ်ချင်း လာနေတယ်"

မင်းမင်းစကားကြောင့် သူ လှမ်းကြည့်လိုက်သည်။ ရဲသီဟက သူ တစ်ခါမှမမြင်ဖူးသော ပြိုင်ကားအဝါကလေးပေါ်မှ ဆင်းလာသည်။

"ဟော့. . . မင်း ကားလာပြင်တာတော့ မဟုတ်ဘူးထင်တယ်နော်"

သူ့စကားအဆုံး ရဲသီဟက လက်ဖဝါးနှစ်ဖက်ကို ပွတ်ရင်းပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုး, ငါ့ကား မလှဘူးလား"

"လှတာပေါ့၊ အသစ်ဝယ်ပေးလိုက်တာလား"

ရဲသီဟ, ကားကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

သူ ကားနားကိုလျှောက်သွားပြီး ဖိတ်ဖိတ်လက်နေသည့်ကားဘောနက်တွေ၊ တံခါးတွေကို လက်နဲ့ လျှောက်ပွတ်ဆွဲကြည့်လိုက်ပါသည်။

သူ့လက်မှာ တစ်မှုန်တစ်စက်တောင် ကပ်ပါမလာတာမို့ သူ သဘောကျစွာ ပြုံးမိသွားသည်။

"ဘယ်လိုလဲ, မင်းသဘောကျတယ်မဟုတ်လား။ တစ်ပတ်လောက် လျှောက်မောင်းကြည့်ပါလား"

"အိုကေ!. . . ငါ အရမ်းကြိုက်ပြီး နိုးပြေးသွားရင်ရော"

"ငါလည်း. . . ဒေးဗစ်ကော့ပါးဖီးလ်နီးပါး နာမည်ကြီးသွားမှာပဲ"

"ဘာဖြစ်လို့လဲ"

"ကားတစ်စီးလုံးကို မိနစ်ပိုင်းအတွင်း. . . ဖျောက်ပစ်နိုင်လို့လေ"





ရဲသီဟစကားအဆုံး သူ ရယ်လိုက်ပြီး ကားပေါ် တက်ထိုင်လိုက်ပါသည်။

"ဒါနဲ့ မင်းကို ဒီကား ဘယ်သူဝယ်ပေးတာလဲဆိုတာ မမေးရသေးဘူးနော်"

"ငါ့အသက် နှစ်ဆယ့်တစ်နှစ်ပြည့်လို့ အဖေနဲ့အမေက လက်ဆောင်ဝယ်ပေးတာ"

"ကောင်းပါလေ့ကွာ, လာမယ့် နိုဝင်ဘာ နှစ်ဆယ့်တစ်ရက်ဆို ငါလည်း နှစ်ဆယ့်တစ်ပြည့်မှာ။ ဘယ်သူကများ ပလတ်စတစ်ကားတစ်စီး ဝယ်ပေးမလဲမသိဘူး"

"အားမငယ်ပါနဲ့ကွာ. . . ငါတစ်ယောက်လုံး ရှိနေတာပဲ။ ခုကတည်းက Toy World မှာ သွားကြိုမှာထားမယ်။ remode နဲ့ ကားမျိုး ကြိုက်တယ်မှတ်လား. . . ဟား ဟား ဟား"

သူ ပခုံးတစ်ချက်တွန့်လိုက်ပြီး ခြံထဲမှ ကားကို လျှောခနဲ မောင်း ထွက်ခဲ့လိုက်သည်။

သူ လီဗာကို ခပ်ဆဆလေး ဖိနင်းထားစဉ် ကားလေးက ညို့မှလွှတ်သောမြားလို တရိပ်ရိပ်ပြေးထွက်သွားလေတော့၏။

သူတို့ဝပ်ရှော့က လူသွားလူလာများသောလမ်းမပေါ်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အိမ်ကြီးအိမ်ကောင်းတွေ၊ ခြံဝန်းကျယ်တွေရှိသော ရပ်ကွက်ထဲမှာ ဖြစ်သည်။

ကွန်ကရစ်လမ်းကျယ်ကြီးတွေဖြစ်ပြီး အသွားအလာရှင်းသော လမ်းမို့ ကားကိုစိတ်ကြိုက်မောင်းလို့ရသည်။

လမ်းသွယ်ဆိုတာ လုံးဝမရှိသလောက် ရှားသောရပ်ကွက်မို့ သူ့စိတ်ထဲရှိသမျှ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်မောင်းနေမိပါသည်။

လမ်းတစ်လမ်းကို ချိုးကွေ့အဝင်မှာတော့ ရှေ့နားကပ်ကပ်လေးမှာ ဘွားခနဲပေါ်လာသောလူရိပ်ကြောင့် သူ့မှာ အံ့ဩကြောက်လန့်နေဖို့တောင် သတိမရဘဲ ဘရိတ်ကို အားကုန်ဖိနင်းပစ်လိုက်ရပါတော့သည်။

"ကျွီ!. . ."

"အား. . ."

ဘရိတ်အုပ်သံအဆုံး ကြားလိုက်ရသော အော်သံကြီးကြောင့် ဖြိုး စိတ်ခေတ်ကျစွာ မျက်စိစုံမှိတ် ခေါင်းငုံ့ချပစ်လိုက်မိသည်။

သွားပြီ. . . လူတော့ တိုက်မိကုန်ပြီ။

ကားမောင်းပြီး ထွက်ပြေးလျှင်လည်း လူမဆန်ရာ ကျဦးမည်။





တစ်ခုခုဖြစ်လျှင်တော့ သူ့မှာလည်း လျော်စရာမရှိ။

ကားကိုစွက်ကို ရဲသီဟ ရှင်းပေးလျှင်တောင် သူနှင့် ဦးမင်းနိုင်က ကျိုင်တက်ရတော့မည်။

"အား. . . ကျွတ်. . . ကျွတ်"

မိန်းကလေးတစ်ဦးရဲ့ ညည်းညူသံကြောင့် သူ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဖွင့်ရုံသာ ဖွင့်လိုက်တဲ့ သူ့မျက်လုံးအစုံက ဂဏန်းမျက်လုံးတွေလို ချက်ချင်း ရှေ့ကိုထောင်ထွက်လာသည်ဟုပင် ထင်ရလောက်အောင် မြင်ကွင်းက အံ့အားသင့်ဖွယ်ပါတည်း။

ကျောလယ်လောက်ရှိမည့် ဆံပင်အနက်ရောင်အုပ်အုပ်လေးကို နဖူးမှအပြောင်သိမ်းကာ ဘီးကုပ်နှင့် ကုပ်ထားတာမို့ ကကြီးပုံနဖူးလေးနှင့် မျက်ခုံးနက်နက်လေးက ထင်းနေသည်။

ချွန်မြသွယ်စင်းနေသော နှာတံကလေးအောက်မှ ကကြီးပုံနှုတ်ခမ်းရဲရဲလေးကလည်း ဖူးအိ ရွှန်းစိုနေတာမို့ သူ တံတွေးတစ်ချက် မျိုချလိုက်မိသည်။

အိမ်နေရင်းဝတ် စပန့်ဂါဝန်အနီရောင်က ကြေမွနေပြီး ခြေထောက်ဖြူဖြူလေးမှာ စွပ်ထားသည့်ဖိနပ်ကလည်း ပန်းရောင်လွှင့်လွှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းစီးသည့်ဖိနပ်မျိုး။

ရုပ်ကလေးလှသလောက် အပြင်အဆင်က စုတ်ပြတ်နံ့ချာလွန်းသော ကောင်မလေးမှာ ကားပေါ်မှဆင်းလာသည့်သူ့ကို တစ်ချက်ပင် မော့မကြည့်။

လမ်းပေါ်မှာ ပြန့်ကျဲနေသည့် နေကြာစေ့ထုပ်၊ ဆီးထုပ်၊ မရမ်းပြား၊ မက်မန်းသီး၊ ကွာစေ့ စသဖြင့် ဆိုင်တစ်ဆိုင်စာနီးပါးရှိသော ဘာညာကွိကွ စားစရာတွေကို ဒူးလေးထောက်ပြီး လိုက်ကောက်နေပါသည်။

နှုတ်ကလည်း တကျွတ်ကျွတ် ညည်းနေသေးသည်။

"ဒီမှာ. . . မင်း ဘာမှမဖြစ်ပါဘူးနော်"

သူ့အသံကြောင့် ကောင်မလေးက ကောက်ထားတဲ့မုန့်ထုပ်တွေကို ဒူးခေါင်းနဲ့ ရင်ဘတ်ကြားမှာ ထိုးထည့် ဖိညှပ်ရင်း ငုတ်တုပ်လေး ထိုင်လိုက်ကာ. . .

"ဘာမှမဖြစ်ဘဲ နေမလား. . . ဒီမှာ တအားနာသွားတာကို"

ဟုဆိုကာ လက်တစ်ဖက်ကို ထောင်ပြ၏။

"ဟာ!. . . သွေးတွေ"

သူမလက်ဖျံမှာ ပွန်းပဲ့ပြီး သွေးတွေစီးကျနေတာမို့ ဖြိုး လန့်





အော်လိုက်မိသည်။

"ကဲ. . . တွေ့ပြီမှတ်လား"

"အဲလောက်ဖြစ်နေတာကို မင်းက မုန့်ထုပ်တွေပဲ အရလိုက်ကောက်နေတာလား"

ဖြိုးစကားအဆုံး သူမက မုန့်ထုပ်တွေကိုပိုက်ရင်း ပေစောင်းစောင်းလှည့်ကြည့်၏။

ထို့နောက် ပါးစပ်ထဲမှ ဆီးစေ့တစ်စေ့ကို ဖွီးခနဲ ထွေးထုတ်လိုက်ပြီး. . .

"ဒါတွေကို လွယ်လွယ်ဝယ်ခဲ့ရတယ်များ ထင်နေလား။ ဟိုလမ်းမထိပ်က မုန့်ဆိုင်အထိ သွားဝယ်ရတာ။ အနာက အိမ်ရောက်ရင် နနွင်းမှုန့်သိပ်လိုက်လို့ရတယ်. . . သိရဲ့လား"

ဟု ရန်တွေ့လိုက်တာမို့ သူ ဘာပြောရမှန်းမသိ ဖြစ်သွားရပါသည်။

"ဒါတွေ မင်းက ပြန်ရောင်းမလို့ ဖောက်သည်သွားယူလာတာလား"

"ဘာ. . ."

"မင်း နားလေးနေသလား၊ ဒါတွေ ပြန်ရောင်းမလို့လားလို့



www.burmeseclassic.com

www.burmeseclassic.com



မေးနေတာ''

''နားမလေးပါဘူး၊ ရှင်မေးတာကို မကျေနပ်လို့ ပြန်အော်တာ။ ဘာကိစ္စ ကျွန်မက ရောင်းရမှာလဲ။ ဒါ စားဖို့ရှင့်''

''ဘယ်သူစားမှာလဲ''

''ဘယ်သူစားစား. . . ရှင့်အပူလား၊ အား. . . ကျွတ် ကျွတ် လက်က စပ်လိုက်တာ၊ ရှင့်မှာ ပလာစတာလေးဘာလေးများ မပါဘူးလား''

ကောင်မလေးပြောပုံက ဘုဆတ်ဆတ်နှင့် ရယ်စရာလည်းကောင်းသည်။ ဒီလိုစကားပြောပုံမျိုးက ဘယ်သူနှင့်တူပါလိမ့်ဟု စဉ်းစားနေခိုက်. . .

''ကဲ, ပါရင်လည်း သွားယူ၊ မပါရင်လည်း တစ်သျှူးဘောက်စ်ထဲက တစ်သျှူးနည်းနည်း ယူခဲ့ပေးစမ်းပါ။ ဒီမှာ သွေးတွေ ထွက်နေတုန်းပဲ''

ဟုအော်လိုက်တာမို့ သူ ကားထဲမှ တစ်သျှူးနည်းနည်း ယူလာပေးရသည်။

သူမက မုန့်ထုပ်တွေကို လက်နှစ်ဖက်နှင့် ကိုင်ထားတာမို့ ဖြိုးကပဲ လက်ကဒဏ်ရာကို တစ်သျှူးနှင့် အသာအယာဖိသုတ်ပေးလိုက်





သည်။

တယုတယ ဂရုစိုက်လေမှ။

သူ့ပယောဂလည်း မကင်းတာမို့ ပြဿနာရှာလျှင် မခက်ပါလား။

''အဲဒါမှ ဒုက္ခပဲ၊ မုန့်ထုပ်ထည့်လာတဲ့ကျွတ်ကျွတ်အိတ် ဘယ်လွင့်သွားသလဲမသိဘူး''

သူမစကားကြောင့် ဖြိုးလည်း ဘေးဘီကို ယောင်နနနှင့် လိုက်ရှာပေးရသည်။

ထိုစဉ် သူမက အလန့်တကြားပုံစံနှင့်. . .

''ဟော. . . ဟိုမှာ ဟိုမှာ. . . အိတ်အဖြူရောင်လေး တွေ့လား၊ ဟိုခြံစည်းရိုး သွတ်ဆူးလိပ်မှာ သွားငြိနေတယ်။ မြန်မြန်သွားဖြုတ်ပေး၊ မြန်မြန်လေး. . . တော်ကြာ လေထဲလွင့်ပါသွား. . . လေထဲလွင့်ပါသွားအဲလိုဖြစ်နေမယ်. . . သွား. . . မြန်မြန်''

စကားပြောရင်း ဟန်တွန်းသီချင်းတစ်ပိုင်းတစ်စကိုပါ ထဆိုပြလိုက်သေးတာမို့ သူ ဟက်ခနဲတစ်ချက်ရယ်ရင်း သူမမျက်နှာကိုစိုက်ကြည့်နေတော့. . .

'သွား. . . မြန်မြန်' ဆိုပြီး ပခုံးကို တွန်းလွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲကို လေဝင်ပြီး တလွင့်လွင့်ဖြစ်နေသောအိတ်က သူများ ခြံစည်းရိုးမှာ တက်ချိတ်နေသည်။

သူ့မှာ မြောင်းဘောင်ကို လှမ်းခုန်ကူးပြီး လက်ခုပ်တစ်ဖောင် နီးပါးမြင့်သည့် သွပ်ဆူးကြိုးမှအိတ်ကို တက်ဖြုတ်ရသည်။

"မစုတ်စေနဲ့နော်"

သူမက ထိုင်နေရာမှ လှမ်းအော်လိုက်သေးသည်။

"ရော့. . . ဒီမှာ"

"ခဏကိုင်ထားဦးလေ၊ အစအဆုံးကူညီမှပေါ့"

သူကချည်း အမိန့်တွေပေးနေသော ကောင်မလေးကိုကြည့် ပြီး အမြင်ကပ်ချင်ပေမယ့် လှပ နုထွတ်နေသော မျက်နှာလေးက ဘယ် လိုမှ စိတ်မဆိုးရက်စရာ။

"မင်းအိမ်က ဝေးလား. . . ငါ လိုက်ပို့ပေးရမလား"

သူမက အိတ်ကိုဆွဲပြီး မတ်တပ်ရပ်ကာ. . .

"မဝေးပါဘူး. . . ကိုယ့်ဘာသာကိုယ် သွားလို့ရတယ်။ မတော် တဆကိစ္စလေး ဖြစ်တာနဲ့ အခွင့်အရေးမယူချင်ပါဘူး"

ဟုဆိုကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

သူ ကောင်မလေးကို ငေးကြည့်နေမိစဉ် သူမကလည်း အတော်





လှမ်းလှမ်းရောက်မှ လှည့်ကြည့်လေသည်။

ဘာရယ်ကြောင့်မသိ. . .

သူ. . .

ထိုကောင်မလေးကို မြင်မြင်ချင်း ချစ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နောက်တစ်ကြိမ် ထပ်တွေ့ရလိမ့်မည်ဟု ထင်ထားသော်လည်း ဒီလောက်မြန်ဆန်လိမ့်မည်ဟု သူ လုံးဝထင်မထားမိချေ။

ဝပ်ရှော့က အလုပ်သမားအားလုံး မနက်စောစော အလုပ်မဝင်ခင် မုန့်ဟင်းခါး သို့မဟုတ် လက်ဖက်ရည်တစ်ခုခု သွားစားကြသောက်ကြတာမို့ ဖြိုးလည်း မနက်တိုင်း မုန့်ဟင်းခါး သွားစားသည်။

မုန့်ဟင်းခါးစားပြီး ပြန်လာမှ သူမကိုတွေ့ရခြင်းဖြစ်ပါသည်။ စတွေ့တုန်းကထက်တောင် ဗရုတ်သုတ်ခကျသောပုံစံဖြစ်နေသော်လည်း ဖြိုးမျက်စိထဲ ပို၍ပင် ချစ်ဖို့ကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပုံကလည်း ကဗျာဆန်သကိုး. . .

"ဟိတ်!. . ."

"အမယ်လေးဗျ"

"ဟီဟိ. . . ယောကျ်ားရင့်မကြီးတန်မဲ့ လန့်တတ်တယ်တော့"

ဖြိုး လှည့်ကြည့်တော့ သူမက လက်ဖဝါးနှစ်ဖက်ကို ခါးပေါ်တင် ပွတ်ခါပြီး လျှောက်လာသည်။

"လန့်တာပေါ့ကွ၊ မင်းက ဘယ်ကခေါ်မှန်းမသိ၊ ဘွားခနဲပေါ်လာပြီး. . ."

"ဘွားခနဲပေါ်တာမဟုတ်ပါဘူး. . . ဖုတ်ခနဲပြုတ်ကျတာ"

"ပြုတ်ကျတာ. . . ဘယ်ပေါ်က ပြုတ်ကျတာလဲ"

သူမက ခြံစည်းရိုးအုတ်တံတိုင်းနှင့် ကပ်နေသော မာလကာပင်ကို ညွှန်ပြသည်။ အပင်ပေါ်မှာ စားချင်စရာ မာလကာသီးတစ်လုံးတလေပင် မရှိ။

ကီလိုမျိုးလည်း မဟုတ်။ တောထဲမှာ အလေ့ကျပေါက်သလို အစေ့များလှသော အူနီမာလကာပင်မျိုးဖြစ်ကာ အလုံးကလေးတွေက လောက်စာလုံးသာသာ ရှိသေးသည်။

"မာလကာသီး တက်ခူးတာလား။ မင်း တော်တော်တော်ကြီး





ကျုံတာပဲ။ စားလို့မရသေးတဲ့ အသီးကင်းတွေကို"

"ဟာ. . . ဘယ်က မာလကာသီး တက်ခူးရမှာလဲ။ ခြံစည်းရိုးပေါ်က ကျော်ပြီး ခုန်ချလာတာ"

ဖြိုး တော်တော်လေး အံ့သြသွားသည်။

"ဒါဆို မင်း သူများခြံထဲက ကျော်ထွက်လာတာပေါ့။ ဘာတွေ ဝင်ခိုးတာလဲ. . . ဟင်"

"ဘာခိုးရမှာလဲ. . . လူကိုများ သူခိုးရုပ်ပေါက်နေတယ်များ မှတ်နေသလားမသိဘူး။ ဒါ ကျွန်မနေတဲ့ခြံ"

"မင်းနေတဲ့ခြံဆို ဒီလိုခိုးကြောင်ခိုးဝှက် ထွက်လာစရာ ဘာရှိလဲ။ သူခိုးကျင့်သူခိုးကြံ့ကြံပြီး ငါ့ကိုအဖော်မဆွယ်နဲ့နော်။ အော်လိုက်မယ်. . . ဘာမှတ်နေလဲ"

ဖြိုးစကားကြောင့် သူမက မျက်နှာလေး ငယ်သွားကာ. . .

"အော်တော့ မအော်ပါနဲ့ရှင်၊ ဒီအိမ်က လူတွေက စည်းကမ်းသိပ်ကြီးတာ။ ခြံစောင့်ဦးလေးကြီးကလည်း အရမ်းဆိုးတာ"

ဟုဆိုလိုက်လျှင် သူ့စိတ်ထဲ သနားသွားမိကာ ကောင်မလေးကို ငေးကြည့်နေမိသည်။

သူမဝတ်ထားသော ချည်သားဂါဝန်ဖြူဖြူလေးက လှပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကြေနေတာမို့ နဂိုရှိရင်းစွဲထက်ပိုပြီး ညှိုးမှိန်နေ၏။

သူမထွက်လာသော ခြံဝန်းကျယ်ကြီးထဲက ပန်းနုရောင်သုံးထပ်တိုက်ကြီးနှင့် သူမအသွင်က ဘယ်လိုမှမလိုက်ဖက်တာမို့. . .

"မင်းက ဒီအိမ်ကဆိုတော့ သူဌေးသမီးလား"

ဟု ခပ်ရွဲ့ရွဲ့မေးလိုက်လျှင် သူမက အတန်ကြာငြိမ်သက်သွားပြီးမှ. . .

"ရှင့်နာမည်နဲ့ ရှင့်အကြောင်း အရင်ပြောပြလေ။ ပြီးမှ ကျွန်မအကြောင်း ပြောပြမယ်"

ဟုဆိုလေသည်။

သူ့အကြောင်းကို စိတ်ဝင်တစားမေးလာသည့်အတွက် ဖြိုးသဘောကျသွားသည်။

ဘာမှမသိနားမလည်သေးသည့် ကလေးလိုလို မျက်လုံးလေးတွေနှင့် အူတူတူကောင်မလေးမို့ ဟုတ်တာမဟုတ်တာ အပထား။ သူ့စိတ်ကူးယဉ်ချက်တွေကို ပြောပြရလျှင် ယုံနိုင်ကောင်းပါရဲ့။

"အဟမ်း. . ."

သူ စကားစပြောဖို့ လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

"ကိုယ်က. . ."





"ခဏနေပါဦးရှင်. . . ဒီအိမ်ရှေ့မှာတော့ ရပ်မပြောပါနဲ့။ လမ်းလျှောက်ရင်း ပြောကြတာပေါ့။ အိမ်ထဲက တစ်ယောက်ယောက် ထွက်လာရင် တွေ့သွားမှာစိုးလို့ပါ"

"ကောင်းပြီလေ, ကိုယ်တို့ ဟိုဘက်ထိပ်ကို လျှောက်ကြတာပေါ့။ အဲဒီဘက်ကနေ ကိုယ့်အလုပ်ကို နီးတယ်"

"ရှင်က အလုပ်လုပ်နေတာလား၊ မထင်ရဘူးနော်"

မဆိုးဘူး. . . ငါ့ပုံစံက ဝပ်ရှော့အလုပ်သမားရုပ် မထွက်ဘူးဟုတွေးပြီး ဖြိုး ဝမ်းသာသွားရပါသည်။

"ကိုယ့်နာမည်က ဖြိုး၊ ဟိုဘက်လမ်းထိပ်က-နိုင်မင်းဝပ်ရှော့က ကိုယ့်ဦးလေး ပိုင်တာပေါ့။ ကိုယ်က တူဆိုပေမယ့် ငယ်ငယ်ကတည်းက မွေးစားလာတာ"

"ဪ. . . ရှင့်ဦးလေးက လူပျိုကြီးပေါ့"

"မဟုတ်ဘူး၊ အိမ်ထောင်ရှိတယ်"

"ဒါဆို သားသမီး မထွန်းကားလို့ပေါ့နော်"

"အင်း. . . အင်းပေါ့၊ သူတို့မှာ လေးယောက်ပဲ ရှိတာလေ"

သူ ခေါင်းကုပ်ရင်း ပြန်ဖြေလိုက်ရသည်။

အူမလိုလို ထူမလိုလိုနှင့် တော်တော်လျှာကြောရှည်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးပါလား. . .

"ကိုယ်က အင်္ဂလိပ်စာနဲ့ ကျောင်းပြီးသွားပြီ။ အခုလောလော ဆယ်တော့ ဦးလေးလုပ်ငန်းမှာ နည်းနည်းပါးပါး ကြီးကြပ်ပေးရတာ ပေါ့"

"နပ်တွေရော ကြပ်မပေးရဘူးလား"

"ဘာ. . ."

"ဟိုဝပ်ရှော့ဆိုတော့ စက်ပစ္စည်းတွေ ကိုင်ရတယ်လေ။ မူလီ တို့ နပ်တို့ မကြပ်ရဘူးလားလို့ မေးတာပါ"

"စကားကောင်းပြောရင် မနောက်နဲ့"

"ဟုတ်. . ."

"ကိုယ်က ဒီအလုပ်ကို သိပ်ဝါသနာမပါဘူး။ ဦးလေးရဲ့လက် ငုပ်လက်ရင်းဖြစ်နေလို့"

"ဘာလဲ. . . လက်ငုပ်လက်ရင်းဆိုတာ"

"လုပ်ငန်းကို ပြောတာပေါ့ကွာ"

"သြော်. . . ဒီလိုလား"

စကားကြောရှည်လှသော ကောင်မလေးကို သူ စိတ်မရှည် ချင်တော့။





"ကိုယ်က ဦးလေးဆီက အမွေတွေရရင် တခြားစီးပွားရေး တစ်ခုလုပ်ချင်တာ. . . အခုနေတဲ့ ကွန်ဒိုမှာပဲ ကုမ္ပဏီရုံးခန်းလေး ဖွင့် ပြီး"

"ဟယ်. . . ဟိုမှာကြည့်စမ်း! ငွေးသီးတွေ"

"ဟင်. . . ဘာ. . . ဘယ်မှာ"

သူ ရုတ်တရက်မို့ လန့်သွားမိသည်။ သူမက သူ့လက်မောင်း တစ်ဖက်ကို ကလေးတစ်ယောက်လို ခိုတွဲရင်း ခုန်ဆွခုန်ဆွလုပ်ကာ အော်နေသည်။

"ငွေးသီး စားချင်တယ်၊ ငွေးသီး စားမယ်။ ဝယ်ကျွေးနော်"

"အေး. . . အေးပါ။ ဘယ်မှာလဲ မင်း ငွေးသီးသည်က"

"ဟိုမှာလေ, တွန်းလှည်းလေးနဲ့ တနောင်နောင်ထုနေတာ မကြားဘူးလား"

တော်တော်ကြဲကြဲဖန်ဖန် တတ်နိုင်သည့်ကောင်မလေးပါလား လို့တွေးရင်း တွန်းလှည်းဈေးသည်ဆီက ငွေးသီးနှစ်ထုပ် ဝယ်ပေးလိုက် ရသည်။

သူမက ငွေးသီးကို တကြွပ်ကြွပ်ဝါးစားနေရင်း လက်ညှိုးနဲ့ လက်မမှာ ပေနေသော ငရုတ်မဆလာမှုန့်တွေကို ပါးစပ်နှင့်စုပ်ခန်



www.burmeseclassic.com

www.burmeseclassic.com



စပ်လိုက်ကာ. . .

"ကောင်းလိုက်တာ၊ ကျေးဇူးအရမ်းတင်တယ်, သိလား။ သစ်တော်သီးရေခဲစိမ်ပါ စားချင်တာ၊ ရှင့်ကိုအားနာလို့"

ဟုဆိုလေသည်။

"ဒါနဲ့ မင်းအကြောင်း မပြောတော့ဘူးလား"

သူမက ဖြိုးပြောတာကို ဂရုစိုက်ဟန်မပြဘဲ. . .

"ဖွီ. . . ဒီအစိတ်က ဝါးလို့မကောင်းဘူး။ အထဲက အစေ့ပါ ထည့်လှီးထားတယ်။ ရင့်တဲ့အသီးက ချိုပေမယ့် အမျှင်တွေနဲ့ ကြမ်းတယ်၊ သိလား"

ဟု သူမပြောချင်ရာတွေ ပြောနေသည်။

"မင်းနာမည် ဘယ်သူလဲဟင်"

သူ့ရဲ့ခပ်ကျယ်ကျယ်အသံကြောင့် သူမက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် မော့ကြည့်ပြီး. . .

"နှင်းဖြူ"

ဟု တိုပြတ်ပြတ်လေသံနှင့် ပြန်ဖြေပါသည်။

"နှင်းဖြူ, ဟုတ်လား. . . နာမည်လေးက လှသားပဲ။ မင်းအကြောင်း ကိုယ့်ကို နည်းနည်းပါးပါးပြောပြဦးလေ။ မင်းနေတဲ့အိမ်ကို





တော့ ကိုယ်သိသွားပြီ။ လာလည်လို့ရော ရလား"

"ဘာ. . . အဟွတ် အဟွတ်"

ရုတ်တရက် စကားပြန်ပြောဖို့ အရှိန်ယူနေသောသူမမှာ အစားတစ်ဖက်နှင့်မို့ သီးသွားတော့၏။

"ဖြစ်ရမယ်. . . မင်းကတော့လေ"

"အဟွတ်. . . ရပါတယ်၊ ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ နှင်းဖြူ အိမ်ကိုတော့ ရှင်လာလည်လို့မရဘူး"

"ဘာဖြစ်လို့လဲ"

သူမက ပြောင်သလင်းခါသွားသော ကျွတ်ကျွတ်အိတ်ခွံကို ရေမြောင်းထဲသို့ ပစ်ချလိုက်ရင်း. . .

"ကျွန်မက အဲ့အိမ်က အိမ်ဖော်ဖြစ်နေလို့ပဲ"

ဟုဖြေပြီးလျှင် သူ့ရှေ့မှ ချာခနဲလှည့်ထွက်ပြေးသွားလေတော့သည်။

ဖြိုး ထိုနေရာမှာ တောင့်တောင့်ကြီးရပ်ပြီး ကျန်နေခဲ့ရပါ၏။ ညှိုးညှိုးနွမ်းနွမ်းပုံစံလေးပေမယ့် ပြစ်မျိုးမှဲ့မထင် အလှလေးက ဝင်းမွတ်သန့်စင်နေတာမို့ အိမ်ဖော်တစ်ယောက်လို့ သူ ဘယ်လိုမှမထင်ခဲ့တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကိုယ့်ကိုယ်ကို အလုပ်သမားဆိုတာ ပွင့်ပွင့်လင်းလင်းမပြောတဲ့ သူဌေးရဲ့မွေးစားသားယောင်ယောင် ဘာယောင်ယောင်တွေပြောပြီး အလုပ်သမားတိုင်း နေရသော ခပ်စုတ်စုတ်တိုက်တန်းလျားကို ကွန်ဒိုဖြစ်အောင် လိမ်လိုလိမ်။

သူမကတော့ အိမ်ဖော်တဲ့။

တစ်ခွန်းတည်းသောစကားပေမယ့် သူ့ရင်ကို အတော်လေးဆွတ်ကျင်သွားစေသည်။ ရယ်ရမလို ငိုရမလို အောင့်သက်သက်ခံစားချက်နှင့် သူ ခေါင်းငိုက်စိုက်ကျသွားသည်။

တစ်သက်လုံး စိတ်ကူးယဉ် မက်လာခဲ့သော သူ့ဘဝရဲ့မျှော်လင့်ချက်ကို တစ်ချက်တည်း ရိုက်ချိုးသွားစေမည့်စကားကို သူမ ပြောထွက်လေစွ။

အချစ်ဆိုတာ လမ်းမှားဝင်မိလို့ နောက်ကြောင်းပြန်ဆုတ်လို့ရသည့် Back Gear မပါမှန်း သူမ သိပါလေစ။



## အခန်း (၄)

သူမကိုသွားမတွေ့တော့ဘူးဟု ဆုံးဖြတ်ထားပေမယ့် အမှတ်မထင်မြင်လိုက်ရသည့်ကိစ္စတစ်ခုကြောင့် သူမ လာနေကျလမ်းနားမှာဖြိုး မယောင်မလည်သွားစောင့်နေလိုက်သည်။

သူတွေ့လိုက်ရသည့်မြင်ကွင်းက ဘယ်လိုမှမမှားနိုင်တာမို့ နှင်းဖြူ သူ့ကိုစနောက်သွားခြင်းသာ ဖြစ်ပါစေဟု မနေ့က တစ်ညလုံး ဆုတောင်းနေခဲ့မိသည်။

နှင်းဖြူပုံစံလေးက အိမ်ဖော်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ ခြေလက်လေးတွေကအစ ပန်းသွေးရောင် လွှမ်းနေအောင် နုဖတ် အိစက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး ပြင်ပဗဟုသုတနှင့်ပတ်သက်လို့ ဘာမှလည်လည်ဝယ်ဝယ်မရှိ။

အိမ်ဖော်တစ်ယောက်ဆို အနည်းဆုံး ဈေးသွားဈေးပြန်နှင့် အပြင်အထိအတွေ့ရှိဦးမည်။ ချက်ပြုတ်လျှော်ဖွပ်ရတာနှင့် လက်တွေက ဒီလိုလှပနူးညံ့နေမှာမဟုတ်။ ဘာမှလိမ်းခြယ်မထားသော မျက်နှာကလည်း မီးဖိုချောင်ဝင်ပြီး ချွေးတလုံးလုံးနှင့် ချက်ပြုတ်ထုတောင်းထားရသည့်ပုံစံမဟုတ်။

ဘယ်လိုပဲဖြစ်ဖြစ် နှင်းဖြူ အိမ်ဖော်မဟုတ်ပါစေနဲ့။ လုံးဝမဖြစ်ပါစေနဲ့။ မနေ့က မြို့ထဲမှာ တွေ့လိုက်ရသလို. . .။

"ဟယ်. . . ဖြိုး"

"ဟာ. . . လန့်လိုက်တာကွာ"

"နှင်းဖြူလည်း လန့်သွားတာပဲ ဖြိုးရဲ့။ ကြည့်စမ်း!. . . ဒီမှာ ဘာလာလုပ်နေတာလဲ"

အံမယ်. . . ပြောပုံကိုက သူနဲ့ရွယ်တူကျနေတာပဲ။

သူ့ကို 'ဖြိုး'တဲ့။ သူမကိုယ်သူမ 'နှင်းဖြူ'တဲ့။ တွေ့စကလို ရှင်နဲ့ကျွန်မ မဟုတ်တော့ပါလား။

"ကိုယ်က မင်းထက် အသက်ကြီးတယ်၊ ကိုဖြိုးလို့ခေါ်ပါလား ကွ"





"ဟင်. . . ဖြိုးက အသက်ဘယ်လောက်မို့လဲ"

"နှစ်ဆယ့်တစ်"

"အို. . . နှစ်နှစ်ပဲ ကွာတာ၊ နှင်းဖြူက ဆယ့်ကိုးနှစ်"

"နှစ်နှစ်လည်း ကြီးတာပဲဟာ၊ ဖြိုးလို့မခေါ်နဲ့"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ၊ ကိုကိုလား. . . ဟီဟိ. . . အစမ်းခေါ်တာနဲ့ လျှာယားလိုက်တာ၊ ဟော. . . ပြောရင်း တစ်ခုခုစားချင်လာပြီ"

"လုပ်မနေနဲ့ အမိ၊ ဒီနားမှာ ဘာဈေးသည်မှမရှိဘူး"

"ရှိရင် ဝယ်ကျွေးမှာလား"

"အင်း"

"အဲဒါကြောင့် ဖြိုးကို ခင်တာ"

သြော်, ဖြစ်ရလေ ကောင်မလေးရယ်။ ဒီ့ထက် ပိုပြီးသဘောကောင်းရင် မင်းက ချစ်လာမှာလား။

"မနေ့က နှင်းဖြူကို ကိုယ် မြို့ထဲသွားရင်း တွေ့လိုက်တယ်။ လင့်ခရှုဆာနဲ့လေ"

ဖြိုးစကားအဆုံး သူမက မျက်လုံးလေး ဝိုင်း၊ လက်ညှိုးလေး ထောင်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အပျော်"

"အပျော်တွေ့တာ၊ အိမ်ဖော်ဆိုတာ ညာတာမှတ်လား။ မနေ့က ကားအကောင်းစားကြီးနဲ့ မြို့ထဲကိုသွားတာ ကိုယ် မျက်စိနဲ့တပ်အပ်တွေ့လိုက်တာ"

"ဖြိုးက ဘယ်ကိုသွားလို့လဲ"

"ဘုရင့်နောင်မှာ စက်ပစ္စည်းတချို့ သွားဝယ်ရင်းနဲ့ မြို့ထဲကို ကိစ္စတစ်ခုရှိလို့ လှည့်သွားရင်း တွေ့တာ။ ဟုတ်တယ်မှတ်လား. . . မှန်မှန်ဖြေ"

သူမက နှစ်ဖက်ခွဲ ကျစ်ထားသော ကျစ်ဆံမြီးလေးကို ပွတ်ဆွဲရင်း သူ့ကိုငေးကြည့်နေသည်။ ခဏနေတော့မှ. . .

"ဖြိုးက နှင်းဖြူပြောတာကို မယုံဘူးလားဟင်"

ဟု လေသံပျော့လေးနှင့် မေးပါသည်။

သူ သက်ပြင်းချရင်း ခေါင်းရမ်းလိုက်သည်။

"ယုံရက်စရာမှ မရှိတာ။ ကိုယ့်ကိုခင်ရင် အမှန်အတိုင်းပဲဖြေပါ။ နှင်းဖြူက သူဌေးသမီးလေး မှတ်လားဟင်"

ထိုစကားပြောရခြင်းအတွက် သူ့စိတ်သူ သိပ်ပြီးမလုံခြုံလှပါချေ။





သူမက ခပ်လွှန့်လွှန့်ပြုံးပြီး ဆတ်ခနဲမဲ့ပစ်ကာ ခေါင်းကိုသွက်သွက်ခါ၏။

"ဘယ်က သူဌေးသမီးရမှာလဲ။ တိုးတိုးပြောစမ်းပါ ဖြိုးရယ်၊ သူများတွေ ကြားသွားရင် ရယ်စရာ။ နှင်းဖြူက အဲ့အိမ်က အိမ်ဖော်ပါ။ မနေ့က နှင်းဖြူရဲ့အိမ်ရှင်တစ်ယောက် နေမကောင်းလို့ ဆေးခန်းသွားပြတာ၊ နှင်းဖြူလိုက်သွားတာ"

"ကိုယ်တွေ့လိုက်တာတော့ နှင်းဖြူက အဖော်လိုက်တဲ့ပုံစံမျိုးလည်းမဟုတ်ဘူး။ ဝတ်စားထားတာကလည်း တောက်တောက်ပြောင်ပြောင်နဲ့"

သူ့စကားအဆုံး နှင်းဖြူက ခစ်ခနဲရယ်လေသည်။

"အ,လိုက်တာ ဖြိုးရယ်. . . အပြင်ခေါ်သွားမှတော့ သူများအထင်မသေးအောင် သူတို့က သားသားနားနားဆင်ပေးထားတာပေါ့။ ဟော. . . အခုကြည့်၊ နှင်းဖြူပုံစံက နဂိုအတိုင်း နွမ်းဖတ် စုတ်ပြတ်သွားတာပဲလေ၊ စကားပုံတောင် ရှိသေး၊ တောင်းမှာ အကွပ်၊ လူမှာ အဝတ်တဲ့။ ဖြိုးကျတော့ ရုပ်လည်းချော၊ အဝတ်အစားလည်း လန်းဆိုတော့ အရမ်းကြည့်ကောင်းသွားရော"

"အဲဒါတွေ လျှောက်မပြောပါနဲ့၊ ကားအကောင်းစားကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ နောက်ကနေ ဖိမ်နဲ့လိုက်စီးရတာများ''

''ပြောရင်းနဲ့ စကားနာ ထိုးနေပြန်ပြီ။ သူဌေးက ရှေ့ခန်းမှာ သူနဲ့တစ်တန်းတည်း ပေးမထိုင်ဘူး ရှင်ရဲ့။ အတွေးမချော်စမ်းပါနဲ့။ ဟော. . . ဟိုမှာ ရောက်သီးသုပ်, ကြာဇံဟင်းခါး လာပြီ။ ခေါ်လိုက်မယ်နော် ဖြိုး''

သူ ခေါင်းညိတ်ပြလိုက်သည်။ သူမက လက်ခုပ်တီးပြီး အထမ်းနှင့်ဈေးသည်ကို လှမ်းခေါ်သည်။

''မင်းက တွေ့လိုက်ရင် စားမယ်ဆိုတာချည်းပဲ။ အချဉ်တွေ သိပ်မစားနဲ့, ဝမ်းပျက်နေဦးမယ်''

''ပျက်ပါစေ. . . ဒကာပေါ်တုန်း အဝတီးထားတာ။ နှင်းဖြူ က ပိုက်ဆံ, လက်ထဲကိုင်သုံးရတာမဟုတ်ဘူး''

သူ့ရင်ထဲ လှိုက်ခနဲဝမ်းနည်းသွားရသည်။

ဒုက္ခပါပဲ ကောင်မလေးရယ်၊ ကိုယ့်ကိုရော မင်းက သူဌေး မှတ်နေသလား။

''နှင်းဖြူ လခမရဘူးလား''

''ဦးလေး. . . ချဉ်ငန်စပ်၊ အဆာပိုထည့်နော်။ မြန်မြန်လေး လုပ်ပါ၊ သွားရည်ယိုလာပြီ''





သူမေးတာကို ပြန်မဖြေသေးဘဲ ရောက်သီးသုပ်သည်ကိုသာ တတွတ်တွတ်မှာနေသောသူမကိုကြည့်ပြီး သူ သက်ပြင်းချလိုက်မိတော့၏။

ရောက်သီးသုပ် ရတော့လည်း သူ့ကို ဘေးမှာရှိသည်ဟုပင် မထင်။ အတော်လေးစပ်ပုံရသော ရောက်သီးသုပ်ရဲရဲကို တစ်ဖွန်းပြီး တစ်ဖွန်း တရှူးရှူးစားနေတော့၏။

''ဖြည်းဖြည်းစား. . . သီးဦးမယ်''

သူ့စကားကြောင့် နှင်းဖြူက ရှက်ကိုးရှက်ကန်းပုံစံနှင့် မော့ကြည့်ပြီး. . .

''စားပါဦးလား''

ဟု ပြန်ပြီး လောကွတ်လုပ်လိုက်သေး၏။ စားလို့သောက်လို့ ပြီးမှ သူမက ကျေးဇူးပဲဟု ဆိုသည်။

ပြောဖော်ရသည့်အတွက် ဖြိုးကပဲ သူ့ကိုကျေးဇူးပြန်တင်ရတော့မလို။

''နှင်းဖြူ အဲ့မှာလုပ်တာ ကြာပြီလား''

''အင်း. . . ကြာပြီ၊ ဆယ့်လေးနှစ်သမီးကတည်းက ရောက်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"တစ်လ ဘယ်လောက်ရလဲဟင်"

"မသိဘူး"

"ဘယ်လို"

"ဩော်. . . ဟို ရသမျှကို ပွဲစားကတစ်ဆင့် ရွာက အဘွားကို အကုန်ပို့ရတာဆိုတော့ ဘယ်လောက်မှန်း နှင်းဖြူ သေချာမသိဘူးလို့ ပြောတာ"

"နှင်းဖြူ လုံးဝမသုံးရဘူးပေါ့"

"အင်းလေ, သူတို့က အဝတ်အစားဆင်တယ်၊ ထမင်းကျွေးတယ်။ ဘာသုံးစရာရှိမှာလဲ"

"မုန့်ဖိုးရော. . ."

"တစ်ခါတလေ ရပါတယ်၊ မရတဲ့အခါကျတော့ အခုလို ဖြိုးကို အတင်းဝယ်ကျွေးခိုင်းရတာပေါ့"

သူမစကားတွေ နားထောင်ပြီး ဖြိုးရင်ထဲ နင့်သွားသည်။

"ဖြိုးရော လခဘယ်လောက်ရလဲဟင်"

"ဟို. . . ဦးလေးက ကိုယ်သုံးလောက်အောင် ပေးပါတယ်။ ဒါနဲ့ နှင်းဖြူမှာ မိဘတွေ မရှိတော့ဘူးလား"

"အမေ မရှိတော့ဘူး"





"အဖေရော. . ."

"မသိဘူး, နှင်းဖြူ ထွက်လာတာ ကြာနေပြီ။ သွားတော့မယ်နော်. . . အရမ်းနောက်ကျရင် နှင်းဖြူ ခိုးထွက်လာတာ သိသွားလိမ့်မယ်"

"မနက် ဈေး, ဘယ်အချိန် သွားမှာလဲဟင်"

"မျှော်မနေနဲ့၊ ဈေးကို ကားနဲ့သွားတာ။ ဒီနားမှာ ဘာမှဝယ်လို့မရဘူး။ City Mart ကိုသွားတာ။ နောက်နေ့ကျရင် ဖြိုးဆီကို လာလည်မယ်. . . သိလား"

စကားအဆုံး သူမက လှစ်ခနဲပြေးထွက်သွားလေတော့သည်။ အတော်ဝေးဝေးရောက်တော့ လှည့်ကြည့်ပြီး ခြေထောက်တွေကို ခုန်ဆွခုန်ဆွလုပ်ကာ လက်နှစ်ဖက်လုံး ဝှေ့ယမ်းနှုတ်ဆက်ပြလေသည်။

သူ ပြန်လက်ပြနေစဉ်မှာပဲ သူမက လမ်းချိုးတစ်ခုသို့ ကွေ့ဝင် ပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အသံမပြည်စေဘဲ အခန်းတံခါးက ညင်ညင်သာသာပွင့်သွားပေမယ့် နှာခေါင်းထဲ ယဉ်ပါးနေကျ သနပ်ခါးရနံ့ကြောင့် သူမ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟော. . . ဆွိတီ နိုးသွားပြီ"

"အစကတည်းက နိုးနေတာပါ နှင်းဖြူရဲ့။ တမင် မျက်လုံးမှိတ်ထားတာ။ စောစောက ဖေဖေ တံခါးဖွင့်ပြီး လာချောင်းကြည့်သွားလို့ အိပ်ချင်ယောင်ဆောင်နေတာ"

"ဆရာကြီး ထွက်သွားပြီ ဆွိတီရဲ့၊ နှင့်မမလေး နိုးရင် ဘာ



www.burmeseclassic.com

www.burmeseclassic.com



စားမလဲ မေးထားတဲ့။ ပြန်လာရင် ဝယ်ခဲ့မယ်တဲ့"

"လာပြန်ပြီလား. . . အဲဒီမမလေးဆိုတာ။ နောက် ဘယ်တော့မှမခေါ်နဲ့"

သူမစကားကြောင့် နှင်းဖြူက မျက်လုံးလေး ဝိုင်းရင်း. . .

"နှင်းဖြူ အဲ့လိုမခေါ်ပါဘူး ဆွိတီရယ်။ ဆရာကြီးရှေ့မှာမို့ ကြောက်လို့ ခေါ်ရတာပါ"

ဟု ပျာပျာသလဲ ပြန်ပြောလေသည်။ နှင်းဖြူကို သူမ ချစ်ရသနားရတာ ထိုအမူအရာလေးတွေကြောင့်ပဲဖြစ်သည်။ ဖေဖေ့ရှေ့မှာ တစ်မျိုး၊ သူမရှေ့ရောက်ရင် တစ်ဖုံ၊ တစ်ယောက်ချင်းစီရဲ့အလိုကျ တတ်လည်းတတ်နိုင်တဲ့ကောင်မလေးပါပေ။

"အေး. . . မှတ်ထား၊ နင်နဲ့ငါက အသက်အတူတူပဲ။ ဘာမှ မမလေး,နေစရာ မလိုဘူး။ နှင်းဖြူက နှင်းဖြူ ဆွိတီက ဆွိတီပဲ။ ဟုတ်ပြီလား. . ."

သူမစကားအဆုံး နှင်းဖြူက လျှာကလေး ထုတ်၊ ဖက်ကလေးပုပြီး ခေါင်းညိတ်သည်။

"ဒါနဲ့ ဆွိတီ ဘာစားချင်လဲဟင်။ ဆရာကြီးက သူ့ကို ဖုန်းဆက်လိုက်တဲ့"





"ဘာမှမစားချင်ပါဘူးဟယ်၊ နင်ရော ဘာစားပြီးပြီလဲ"

"ထုံးစံအတိုင်းပေါ့၊ ပဲပြုတ်နဲ့ ထမင်းကြော်"

"အဲဒါ စားမယ်"

ဆွိတီစကားကြောင့် နှင်းဖြူ မျက်လုံးလေး ပြူးသွားသည်။

"ပဲပြုတ်နဲ့ ထမင်းကြော် စားမယ်လို့ပြောတာလား"

"အင်းလေ. . . နှင်းဖြူစားတဲ့ဟာ စားမယ်လို့ပြောတာ။ အဲဒါပဲ ယူခဲ့"

"ဖြစ်ပါ့မလားဟင်. . . ထမင်းကြော်က မာလည်းမာတယ်၊ စားကျင့်မရှိရင် ဗိုက်အောင့်တာတို့ ရင်ပြည့်တာတို့ ဖြစ်တတ်တယ်။ ပြီးတော့ တစ်အိမ်လုံးက အလုပ်သမားတွေအတွက်ဆိုတော့ သိပ်ပြီး အကောင်းကြီးလည်း မဟုတ်ဘူး"

"ယူမှာသာ ယူခဲ့စမ်းပါဟယ်၊ စားလို့ရတာမှန်သမျှ ငါ စားနိုင်တယ်"

"အဲဒါဆို ခဏစောင့်၊ အေးနေလောက်ပြီ။ နွှေးပြီး ယူခဲ့မယ်နော်"

နှင်းဖြူ သူမအခန်းထဲက ထွက်သွားတော့. . .

"မျှားများထည့်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော လှမ်းအော်သံက နောက်မှာ ထွက်ပေါ်လာပြန်သေးသည်။

ထမင်းစားခန်းထဲဝင်ပြီး ဒယ်အိုးကြီးထဲက လက်ကျန်ထမင်းလေး တစ်ပန်းကန်စာကိုကြည့်ပြီး နှင်းဖြူ စိတ်မကောင်းဖြစ်သွား၏။ ပဲင်ပြာရည်နှင့်နယ်ပြီး ကြော်ထားသောထမင်းက ပဲပြုတ်နည်းနည်းနှင့် စားချင်စရာမရှိ အေးစက်နေသည်။

ထိုတစ်ပန်းကန်စာလေးကို ဒယ်အိုးပြားအသေးလေးထဲ ဆီနည်းနည်းနှင့်ရောထည့်မွှေပြီး နွှေးနေခိုက်. . .

"ဟဲ့, နှင်းဖြူ၊ အဲဒါ ဘာလုပ်နေတာလဲ"

"ဟို. . . ဆွိတီ စားချင်တယ်ဆိုလို့ နွှေးနေတာ"

သူမအဖြေကြောင့် ထမင်းချက် ဒေါ်မြိုင်က မျက်မှောင်ကြုတ်လိုက်သည်။

"ဒါတွေကို ဆွိတီက စားမယ်,ဟုတ်လား"

"ဟုတ်ကဲ့, သူစားချင်တယ်ဆိုလို့"

"မဟုတ်တာ နှင်းဖြူရယ်၊ သူ့မှာ အစာအိမ်ရောဂါရှိတယ်ဆိုတာ နင် နားမလည်ဘူးလား။ သွား. . . သူစားနေကျ ကိတ်မုန့်နဲ့ အိုဗာတင်းတစ်ခွက် ဖျော်ပြီး သွားပို့လိုက်။ ပဲနို့သောက်မယ်ဆို ရေခဲ





သေတ္တာထဲမှာ လာယူ"

နှင်းဖြူ ခေါင်းကုတ်မိတော့မတတ် စိတ်ညစ်သွားမိသည်။

"နည်းနည်းလေးနဲ့တော့ မဖြစ်လောက်ပါဘူး ကြီးကြီးမြိုင်ရယ်။ ဆွိတီက နှင်းဖြူစားတာကိုပဲ လိုက်စားချင်တာ။ သုံးလေးဇွန်းစာတော့ ကျွေးလိုက်မယ်နော်။ ဟိုတစ်ခါ နွားနို့ဖန်ခွက်ကို ပေါက်ခွဲပစ်သလို ထပ်မလုပ်စေချင်ဘူး"

နှင်းဖြူစကားအဆုံး ဒေါ်မြိုင်က ဈေးခြင်းထဲမှ ကြက်သားထုပ်ကို စားပွဲပေါ် ဆောင့်ခနဲ တင်ရင်း သက်ပြင်းချသည်။

"ညည်း, သူ့အလိုကို ကြပ်ကြပ်လိုက်ပေး မိနှင်းဖြူ။ ဆရာကြီးသိရင် ပြဿနာတက်လိမ့်မယ်။ ငါလည်း မပြောချင်တော့ဘူး"

"ဒါဆို ထည့်သွားလိုက်မယ်နော်။ နှင်းဖြူ, ဆွိတို့ကို သနားလို့ပါ"

နှင်းဖြူစကားအဆုံး ဒေါ်မြိုင်က နှုတ်ခမ်းကိုမဲ့ရွဲ့ပစ်ရင်း. . .

"အံ့ညြပါ့. . . သူကများ ဆွိတို့ကို သနားရသေးတယ်တဲ့"

ဟု ဆောင့်အောင့်ရေရွတ်လေသည်။

နှင်းဖြူကတော့ ဒေါ်မြိုင့်စကားကို မသိကျိုးကျွံပြုကာ ပန်းကန်ထဲ ထမင်းကြော်သုံးလေးဇွန်းကို ခပ်သုတ်သုတ်ထည့်ပြီး ဆွိတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



စေတနာတွေပိုကာ ညကကျန်သည့် ငံပြာရည်ကြော်နည်းနည်းပါ ထည့်ပူလာလိုက်သည်။

"ကြာလိုက်တာဟယ်. . . ဘာတွေလုပ်နေလို့လဲ"

"အေးစက်နေလို့ ပြန်နွှေးရသေးတယ် ဆွိတီရဲ့"

"အယ်. . . ဒါ ဘာတွေလဲ၊ စပ်စပ်လေး စားလို့ကောင်းလိုက်တာ၊ မွှေးလည်း မွှေးတယ်"

"အဲဒါ ငံပြာရည်ကြော်"

"ငံပြာရည်ဆိုတာ. . . ဟင်းချက်တဲ့ထဲ ထည့်တဲ့အရည်တွေ မဟုတ်လား။ အသုပ်ထဲလည်း ထည့်တယ်လေ။ နံတယ်နော်. ဒါက"

"ဒါက ပုစွန်ခြောက်နဲ့ ငရုတ်သီးကို အစပ်ကြော်ထားတာလေ"

"အဲဒါဆို ပုစွန်ခြောက်ကြော်ပေါ့၊ ငံပြာရည်ကြော်မှ မဟုတ်တာ"

ထမင်းကြော်ကို ဇွန်းနှင့်ခပ်ပြီး ပလုပ်ပလောင်းစားနေရင်းမှ ဆွိတီက ပြောလိုက်ပါသည်။ ဆွိတီစကားကြောင့် ဘာပြန်ပြောရမှန်းမသိသည့်အဆုံး နှင်းဖြူ ရယ်လိုက်မိသည်။

"မသိပါဘူး ဆွိတီရယ်၊ ကြီးကြီးမြိုင် ကြော်တာ၊ သူက ငံ





ပြာရည်ကြော်ဆိုတော့ နှင်းဖြူလည်း အဲ့လိုပဲ ခေါ်မိလိုက်တာ။ စားလို့ကောင်းလားဟင်"

"ရှယ်ပဲ. . . နောက်နေ့မနက်တိုင်း ဒါပဲ,စားမယ်"

"ကြာရင် ရိုးသွားမှာပါ ဆွိတီရယ်"

"မရိုးလောက်ပါဘူး၊ ကြက်ဥနဲ့နွားနို့သာ ကြာရင် ညှီပြီး အန်ချင်တာ။ ဒါကျတော့. . ."

ဆွိတီက တလှုပ်လှုပ်ဝါးနေသည့်နှုတ်ခမ်းနှင့် စကားကို တိခနဲရပ်ပစ်ပြီး အခန်းဝဆီ လှမ်းကြည့်တာမို့ နှင်းဖြူပါ အထိတ်တလန့် လှည့်ကြည့်လိုက်မိ၏။

"ဘာတွေစားနေတာလဲ ဆွိတီ"

ဟူသောမေးသံနှင့်အတူ အခန်းထဲ လှမ်းဝင်လာသော သူဌေးကြီး ဦးခန့်ထည်ကို မြင်လိုက်တာမို့ နှင်းဖြူတစ်ကိုယ်လုံး မသိမသာ အေးစက်တုန်ယင်လာမိသည်။

ဆွိတီ့လက်ထဲက ပန်းကန်ထဲမှာ စားလက်စ ထမင်းကြော်နှင့် ငရုတ်သီးအစပ်ကြော်ရဲရဲတွေကိုကြည့်ပြီး ဦးခန့်ထည်မျက်နှာက တင်းမာ ခက်ထန်သွားသည်။

"ဒါ ဘာတွေလဲ ဆွိတီ၊ သမီး ဘာတွေစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းကြော်ပါ ဖေဖေ"

ဦးခန့်ထည်၏အကြည့်စိမ်းစိမ်းတွေက နှင်းဖြူမျက်နှာသို့ စူးစိုက်ကျရောက်လာသည်။

"နင့်ကို ငါဘာမှာခဲ့သလဲ နှင်းဖြူ"

"ဟို. . . နှင်း. . . နှင်းဖြူ ပြောပါတယ်၊ ဆွိုတီ. . . အဲ, မမလေးက ဘာမှမစားချင်ဘူးဆိုလို့"

"တိတ်စမ်း! ဆွိုတီက ဘာမှမစားချင်ဘူးဆိုတာနဲ့ ဒီထမင်းကြော်တွေ ကျွေးစရာလား။ နင် ငါ့သမီးကို သတ်နေတာလား။ ရော့, အဲဒါတွေ နင်တို့ပဲ စား. . ."

ပြောပြောဆိုဆို ဆွိုတီလက်ထဲက ထမင်းပန်းကန်ကို ဆောင့်ဆွဲယူပြီး နှင်းဖြူလက်ထဲ ထိုးထည့်ပေးလိုက်တာမို့ ဆွိုတီ, ဖေဖေ့မျက်နှာကို အထိတ်တလန့်မော့ကြည့်လိုက်မိ၏။

"နောက်တစ်ခါ ဒါမျိုးလုပ်ကြည့်၊ နင့်ကို တစ်ခါတည်း အလုပ်ထုတ်ပစ်မယ်။ နားလည်လား. . . သွားစမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

နှင်းဖြူ ထမင်းကြော်ပန်းကန်လေးကိုင်ပြီး သုတ်ခနဲ ပြေးထွက်သွားသည်။





စိတ်လှုပ်ရှား ဝမ်းနည်းခြင်းကြောင့် ဆွိုတီနှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေ၏။

"ဖေဖေ ဘယ်လိုလုပ်လိုက်တာလဲ၊ ဆွိုတီ စားနေတဲ့အစားအသောက်တစ်ခုကို အဲလိုလုပ်ပစ်ရက်တယ်။ ဖေဖေ့ကို ဆွိုတီ လုံးဝမကျေနပ်ဘူး"

"ဘာတွေပြောနေတာလဲ ဆွိုတီ၊ သမီး ဒီအစားအသောက်ကြမ်းတွေကို ဘာလို့စားနေတာလဲ၊ ဖေဖေ နားမလည်နိုင်အောင်ပဲ။ အဲဒါတွေ သမီးနဲ့မတည့်ဘူးဆိုတာ သိရက်နဲ့"

"မသိဘူး. . . အဲဒါတွေ ဆွိုတီ မသိဘူး။ ဆွိုတီ ထမင်းကြော်အရမ်းစားချင်တယ်ဆိုလို့ နှင်းဖြူ လုပ်ပေးထားတာ။ အခု ဖေဖေက ဆွိုတီ စားနေတာကို ဆွဲယူသွားတယ်။ နှင်းဖြူကိုလည်း အပြစ်မရှိဘဲ အော်ငေါက်ပစ်တယ်။ ဖေဖေ လုံးဝမတရားဘူး"

ဦးခန့်ထည်က သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းရမ်းလိုက်သည်။

"ဖေဖေ့စေတနာကို အထင်မလွဲပါနဲ့ သမီးရယ်။ သမီး တစ်ခုခုဖြစ်သွားမှာ ဖေဖေ စိုးရိမ်လို့ပါ"

ခုန နှင်းဖြူကို အော်ဟစ် ကြိမ်းမောင်းပစ်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခြားနားစွာ နူးညံ့ ညင်သာသော ချော့မော့ နှစ်သိမ့်ဟန်ကြောင့် ဆွိတီ ဆတ်ခနဲ မျက်နှာလွှဲရင်း မဲ့ပစ်လိုက်သည်။

တစ်ခါလာလည်း စေတနာဆိုတာတွေ. . . စိုးရိမ်တာတွေနှင့် ဆွိတီဘဝက နှင်းဖြူလောက်မှ လွတ်လပ်မှုမရှိ။ စားချင်တာ မစားရ၊ သွားချင်တာ မသွားရ။ ဘာမှမည်မည်ရရမရှိတဲ့ရောဂါအကြောင်းပြပြီး စာသင်ရတော့လည်း အိမ်ထဲမှာ။

ဆယ်တန်းအောင်ပြီး တက်ချင်တဲ့ကျောင်းတောင် လွတ်လွတ်လပ်လပ်တက်ခွင့်မရတဲ့ဘဝကို အလွန်စိတ်နာမုန်းတီးမိသည်။

ရွှေလှောင်အိမ်ထဲမှာ အကျဉ်းချခံထားရတဲ့ငှက်နဲ့ အပြင်လောကမှာ လွတ်လွတ်လပ်လပ်ပျံသန်းနေတဲ့ငှက် ဘယ်သူက ပိုပျော်နိုင်မှာတဲ့လဲ။

ဖြစ်ချင်တာ လက်ညှိုးညွှန်၊ လိုချင်တာ နှုတ်က ပူဆာ၊ စားချင်တာ ပြောပြလိုက်ရုံနှင့် ဘဝက ပြီးပြည့်စုံသွားမှာလား။

ငယ်ငယ်ကတည်းက ဆွိတီ့ဘဝက အချုပ်ချယ်ခံခဲ့ရသည်။ သူများကလေးတွေလို ကစားခွင့်၊ သွားခွင့်မရ။ အိမ်ခြံထဲမှာပဲ ကစားကွင်းအသေးစားလေး လုပ်ပေးထားသည်။

ရုပ်ရှင်ဆိုလည်း အိမ်မှာပဲ၊ ရေတံခွန်တွေ တောင်ကုန်းတွေ





ကို တမင့်ဖန်တီးပြီး အပန်းဖြေဥယျာဉ်လို တည်ဆောက်ပေးထားသည်။ တစ်ခြံလုံးပတ်ပြီး စက်ဘီးစီးမလား၊ ကားမောင်းမလား၊ ခြံစည်းရိုးအပြင် တစ်လက်မတောင် ထွက်စရာမလို။

အဲဒီလောက်ထိအောင် လိုလေသေးမရှိ ပြည့်စုံပေမယ့် ဆွိတီ ရှင်သန်ကြီးပြင်းရတဲ့ပတ်ဝန်းကျင်က ကျဉ်းမြောင်းသေးငယ်လွန်းလှပါသည်။

အစစအရာရာပြည့်စုံပေမယ့် ဆွိတီဘဝက နွေးထွေးတဲ့မေတ္တာငတ်မွတ်ခဲ့ရသည်။ ခြံစည်းရိုးအုတ်တံတိုင်းရဲ့ အပြင်ဘက်ကအရာတွေအကြောင်း သိချင်စိတ်က ပိုလာသည်။ ငယ်ငယ်ကတည်းက ဆုံးသွားတဲ့မေမေ့အကြောင်း တွေးပြီး ဝမ်းမနည်းပေမယ့် လက်ရှိကျန်ရစ်ခဲ့တဲ့ ဖေဖေ့အကြောင်း စဉ်းစားတိုင်း ဆွိတီ မျက်ရည်ကျရသည်။

သိပ်ကို အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တဲ့ လူချမ်းသာ ဖခင်တစ်ဦးရဲ့သမီးဖြစ်မယ့်အစား သာမန်ဆင်းရဲသား ဖခင်တစ်ဦးရဲ့ ရင်အုပ်မကွာ စောင့်ရှောက်မှုကိုသာ သူမ အလိုရှိခဲ့သည်။

တစ်ခါသွားလျှင် လနှင့်ချီ၍ ကြာတတ်သော ဖေဖေ့ခရီးစဉ်အကြောင်း သူမ မသိချင်။ တစ်ခါတစ်ရံ မိုးချုပ်မှ လာတတ်သောဖုန်းတွေကြောင့် ဖေဖေ တစ်ညလုံး ပျောက်သွားရသည့် အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မစဥ်းစားချင်။

ယုတ်စွအဆုံး သူမကို အပြင် ဘာကြောင့်ပေးမထွက်၊ ဘယ်သူနှင့်မှ ဆက်သွယ်ပတ်သက်ခြင်း မလုပ်စေသလဲဆိုတာတောင် မတွေးချင်တော့တဲ့အထိ ကိုယ့်ဘဝကိုယ် ခါးသီးရွံရှာမိသည်။

ဖြစ်နိုင်လျှင် မေဝင့်ထည်ဆိုတဲ့နာမည်ကိုတောင် မုန်းမိပါ၏။ လက်တလော ဆွိတီဖြစ်ချင်တာက နှင်းဖြူလို လွတ်လပ် ရိုးရှင်းသော အေးအေးချမ်းချမ်းဘဝလေးတစ်ခုပင်ဖြစ်၏။



## အခန်း (၆)

"မျက်နှာလည်း မကောင်းပါလား. . . ဘာဖြစ်လာလို့လဲဟင်။ အိမ်ရှင်တွေက ဆူလို့လား"

သူ့မေးခွန်းအဆုံး နှင်းဖြူက ခေါင်းကို ခပ်လေးလေးခါလိုက်သည်။

"နေမကောင်းလို့လား"

နှင်းဖြူ သူ့ကို ဆတ်ခနဲမော့ကြည့်သည်။ ထို့နောက်. . .

"နေမကောင်းတဲ့ရုပ် ပေါက်နေလို့လား"

ဟု ခပ်ဆတ်ဆတ်လေသံလေးနှင့် မေးလေသည်။ သူပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရမ်းပြလိုက်သည်။

"အဲလိုမဟုတ်ပါဘူး၊ နှင်းဖြူမျက်နှာ ညှိုးနေလို့ မေးကြည့်တာပါ။ တစ်ယောက်ယောက်ကများ ဆူလိုက်သလားလို့"

သူကချည်း စိုးရိမ်တကြီးမေးနေပေမယ့် တကယ်တမ်းအဆူခံနေရတာက ဖြိုးဖြစ်သည်။ ဖြိုးရဲ့အလုပ်ရှင် ဦးမင်းနိုင်က ရေမိုးချိုးပြင်ဆင်ပြီး ခဏခဏအပြင်ထွက်နေသောသူ့ကို ကြည့်မရ။

"ကိုဖြိုး. . . အခုတလော ရှူးတွေတယ်များပါလား။ ငါကြည့်နေတာ ကြာပြီ။ ခဏနားတာနဲ့ ရေပြေးချိုး၊ စက်ချေး ဆီချေးတွေ သွားချွတ်နဲ့။ ကြာရင် ပဲကြီးရေစိမ်ဖြစ်တော့မယ်"

ဟု ရွှဲ့သလိုလို ငေါ့သလိုလိုပြောသည့်အခါ ရဲတိုက်တို့ မင်းမင်းတို့က သူ့ကိုကြည့်ပြီး ရယ်ကြလေသည်။

အင်း. . . ဒါတွေ နှင်းဖြူကို ရင်ဖွင့်လို့မဖြစ်သေးပါဘူးလေ။

"နှင်းဖြူရုပ်က စိတ်ညစ်တဲ့ရုပ် ပေါက်နေလားဟင်"

"အင်း. . . နည်းနည်းပါ"

ဖြိုးစကားကြောင့် သူမက မျက်ခုံးလေးရှုံ့ပြီး နားမလည်သလို ငဲ့ကြည့်သည်။

"ဘယ်လိုနည်းနည်းလဲဟင်"





"ဟို့, စိတ်နည်းနည်းညစ်နေတဲ့ပုံပေါ့။ အရမ်းကြီး စိတ်ညစ်နေတာမဟုတ်ဘူးလေ"

"မှားတယ်"

"ဟင်"

"မှားတယ်. . . ဖြိုးထင်သလိုမဟုတ်ဘူး။ နှင်းဖြူ အရမ်းစိတ်ညစ်နေတာ"

"ဘာဖြစ်လို့လဲ၊ အလုပ်လုပ်ရတာ အဆင်မပြေဘူးလား"

"အဲလိုလည်းမဟုတ်ဘူး၊ နှင်းဖြူစိတ်ထဲ ညစ်ကို ညစ်နေတာ၊ အတောင်ပံတွေပေါက်ပြီး တစ်နေရာကို ပြေးချင်နေတယ်. . . နေလို့မပျော်ဘူး"

နှင်းဖြူစကားကြောင့် ဖြိုး ရှေ့တူရှုကိုငေးရင်း သက်ပြင်းတစ်ချက် ချမိသွားသည်။

"ကိုယ်လည်း အလုပ်လုပ်ရတာ မပျော်တော့ဘူး"

"အဲဒါဆို မလုပ်နဲ့ပေါ့၊ ဖြိုးက ဆင်းရဲနေတာမှမဟုတ်တာ"

ဒုက္ခပါပဲ။ နေစရာအိမ်တစ်လုံးတောင် မရှိတဲ့သူ့ကို အပေါ်ယံကြည့်ပြီး အထင်တွေ စွတ်ကြီးနေပြန်ပါပြီ။

သူကိုယ်တိုင်ကလည်း လျှာရှည် အာချောင်ပြီး ကြွားလုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထားသကိုး။ အလိုက်သင့် လျှောချရတော့မှာပဲ။

"ဟို. . . အလုပ်က ကိုယ်ပြောခဲ့ဖူးသလိုပေါ့။ စိတ်မဝင်စားပေမယ့် ဦးလေးရဲ့. . ."

"လာပြန်ပြီလား. . . လက်ငုတ်လက်ရင်း"

"အင်း. . . အင်းပေါ့၊ အဲလိုပေါ့ နှင်းဖြူရယ်။ ဦးလေးက သူ့လုပ်ငန်းကို သိပ်သံယောဇဉ်ကြီးတာ၊ လုံးဝပြောင်းပစ်မှာမဟုတ်ဘူး။ ကိုယ်ကလည်း အဲဒါတွေ စိတ်ကုန်တာ။ ဒါပေမဲ့ နှင်းဖြူ စဉ်းစားကြည့်လေ၊ ကိုယ့်မှာက မိဘတွေရှိတော့တာ မဟုတ်ဘူး။ ဒီဦးလေးကပဲ အားကိုးစရာရှိတာ။ ကိုယ် ဒီမှာမနေချင်လို့ ထွက်သွားရင်လည်း ရသင့်ရထိုက်တဲ့အမွေတွေ မရရှုံပဲရှိမယ်။ ဟုတ်တယ်မှတ်လား"

"ဟုတ်တာပေါ့"

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းမှ သူမက ဖြိုးစကားကို မဆိုင်းမတွ ဝင်ထောက်ခံသည်။ သူလည်း ရွှီးရတာ ပိုပြီးအားတွေရှိလာသည်။

"ဒီတော့ ကိုယ့်မှာ ဘယ်မှသွားလို့မရဖြစ်နေတယ်။ ဝါသနာမပါတဲ့အလုပ်ကိုပဲ ကျိတ်မှိတ်သည်းခံလုပ်ပြီး ဒီ့ထက်တိုးတက်အောင်မြင်ဖို့ ဘာလုပ်ရရင် ကောင်းမလဲဆိုတာပဲ စဉ်းစားနေတာ။ ဒါပေမဲ့ ဒါ





က အခိုက်အတန့်ပါ။ ကိုယ့်ဦးလေးက ကိုယ့်ကို ဒီအတိုင်းတော့ ပစ်မထားပါဘူး"

ဦးမင်းနိုင်သာ ကြားရင် သူ့ကို ဘယ်နည်းနဲ့မှ ဒီအတိုင်းထားမည်မဟုတ်။

လည်ပင်းကို ကားနင့်တက်ကြိတ်ပြီး ဖနောင့်နှင့် ဆယ့်ငါးချက်လောက်, ပေါက်ပြီးမှ ရွာကို တစ်ချက်တည်းအရောက် ကန်လွှတ်မှာသေချာလှ၏။

"ကိုယ့်မှာလည်း ဘဝရှေ့ရေးက ရှိသေးတယ်လေ။ အိမ်ထောင်တွေဘာတွေပြုရင် ကိုယ့်စီးပွားရေးနဲ့ကိုယ် ရပ်တည်နိုင်အောင်ကြိုးစားရမှာ။ ဦးလေး အထောက်အပံ့လည်း အနည်းနဲ့အများ လိုတာပေါ့"

ဖြိုးပြောတာတွေကို နှင်းဖြူက မျက်လွှာလေးချပြီး ငြိမ်သက်စွာ နားထောင်နေသည်။

မဟုတ်မဟပ်တွေ ပြောရတာတောင် ဖြိုးရင်ထဲ ပျော်သလိုလို၊ ကိုယ်ချစ်မိနေတဲ့ကောင်မလေးရှေ့မှာ လိုရာဆွဲပြောရတာ တဖြည်းဖြည်းခံတွင်းတွေ့လာမိ၏။

"ဒါနဲ့ ဖြိုးက အိမ်ထောင်ပြုတော့မလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနှင့် မေးလာသော နှင်းဖြူစကားကြောင့် ဖြိုး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်သွားမိလေသည်။

"ဟို. . . ဘာဖြစ်လို့ မေးတာလဲဟင်"

ပြန်မေးလိုက်သည့် သူ့အသံကလည်း ငိုချတော့မယ့်အတိုင်း ခပ်ယဲ့ယဲ့ နွမ်းဖျော့ဖျော့။

နှင်းဖြူက ပခုံးပေါ်မှတစ်ဆင့် ရင်ဘတ်ပေါ် ဝဲဖြာကျနေသည့် ဆံစတွေကို နားရွက်နောက် သိမ်းပို့ရင်း အသံတိုးတိုးလေးနှင့်. . .

"စိတ်မကောင်းလို့"

ဟု ပြန်ဖြေလေသည်။

သူ့မှာ ရုတ်တရက် ထပဲခုန်ရမလိုလို၊ ဝမ်းပန်းတနည်း ထိုင်ပဲငိုရမလိုလိုဖြစ်သွားရ၏။

"ဘာလို့ စိတ်မကောင်းဖြစ်ရတာလဲဟင်"

သူ့ရင်ထဲမှာတော့ လက်ဇော့ပွဲကလို ဆိုင်းသံဗုံသံတွေ သောသောညံနေပြီ။

နှုတ်ဆိတ် ငေါင်းငုံ့နေသော နှင်းဖြူမျက်နှာလှလှလေးကို သူ မချင့်မရဲကြည့်ရင်း စိတ်ထဲ မရိုးမရွဖြစ်လာရသည်။





သူမက မျက်ရည်တွေ ပြည့်လျှမ်းနေသော မျက်ဝန်းအစုံနှင့် ရုတ်တရက်မော့ကြည့်လိုက်ကာ. . .

"နှင်းဖြူက ဖြိုးကိုအရမ်းခင်နေမိပြီ။ အစ်ကိုတစ်ယောက်လို သံယောဇဉ်ရှိနေကာမှ ဖြိုးက မိန်းမယူတော့မယ်ဆိုတော့ နှင်းဖြူ ဝမ်းနည်းတာပေါ့။ ဖြိုး, မိန်းမရရင် နှင်းဖြူကို ခုလို စကားတွေ လာပြောတော့မှာ မဟုတ်ဘူး။ မုန့်လည်း ဝယ်ကျွေးတော့မှာ မဟုတ်ဘူး။ ဒီတော့ နှင်းဖြူ ဘယ်စိတ်ကောင်းမှာလဲ"

"ဟာ. . . အဲလိုမဟုတ်ဘူးလေ၊ ကိုယ်ပြောတာက. . ."

"တော်ပြီ, ဘာမှလာမပြောနဲ့၊ ဖြိုးလည်း အလကားပဲ။ နှင်းဖြူကို မခင်ဘူး. . . နှင်းဖြူကို ဘယ်သူမှတကယ်မခင်ကြဘူး။ သွားတော့မယ်"

စကားအဆုံး သူမက ယခင်လျှောက်နေကျလမ်းထိ မလိုက်တော့ဘဲ နောက်ကြောင်းလှည့်ပြေးသည်။

သူ ရုတ်တရက် ဘာလုပ်ရမှန်းမသိ၊ ကြောင်တောင်တောင်ဖြစ်ကျန်ခဲ့သည်။ နှင်းဖြူ တော်တော်ဝေးဝေးရောက်မှ သတိရပြီး နောက်က အပြေးလိုက်သွားရ၏။

"နှင်းဖြူ. . . နှင်းဖြူ, ခဏနေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါ်သံကြောင့် နှင်းဖြူက ပြေးနေရာမှရပ်ပြီး နောက်ကို တစ်ချက်လှည့်ကြည့်သည်။ ထို့နောက် ဆက်ပြေးပြန်၏။

“နေဦး. . . ကိုယ်ပြောစရာရှိသေးတယ်”

ပါးစပ်ကလည်း အော်၊ ခြေထောက်ကလည်း သူမကိုကျော် အောင် ပြေးပြီး ရှေ့တည့်တည့်က ပိတ်ရပ်လိုက်သည်။

ရုတ်တရက် ဘာမှမပြောနိုင်။ သူ့ပါးစပ်ကို အသားကုန်ဟ ကာ ဟောဟဲလိုက်အောင် အသက်ကို တစ်ဝကြီးရှူနေရသေး၏။ ပြီး တော့မှ. . .

“ခုနပြောတာ ကိုယ့်စိတ်ကူး။ တကယ်မဟုတ်သေးဘူး”

“အိမ်ထောင်ပြုမယ်ဆို”

“အင်း. . . တစ်နေ့နေ့ အိမ်ထောင်ပြုမယ်လို့ပြောတာ။ အခု မှမဟုတ်တာ။ အခု ယူရမယ့်သူ မရှိသေးဘူး”

“တကယ်လား”

“တကယ်ပေါ့”

သူမမျက်နှာ ပြုံးသွားသည်။ ရုတ်တရက် သူမက ဖြိုးပါး တစ်ဖက်ကို ဖျတ်ခနဲ ဆွဲဖျစ်ရင်း. . .

“စောစောက အဲ့လိုရှင်းရှင်းပြောပါလား”





ဟုဆိုကာ သူ့ကိုထားခဲ့ပြီး ဘောက်ဆတ်ဆတ်နှင့် ထွက်သွား လေတော့သည်။

သူ့မျက်နှာတစ်ပြင်လုံး ရှိန်းမြ ပူနွေးလျက် သူမဆွဲသွားသော ပါးတစ်ဖက်ကို လက်နှင့်ဂယောင်ချောက်ချားစမ်းရင်း နေရာမှာတင် ရပ် ကျန်ရစ်ခဲ့လေတော့၏။

သူမသွားရာကို လှမ်းကြည့်လိုက်တော့ မတွေ့ရတော့ချေ။

ပါးပေါ်က လတ်လတ်ဆတ်ဆတ် အငွေ့အသက်တစ်ခု သူ့ နှလုံးသွေးကြောသို့တိုင် တစိမ့်စိမ့်စီးဝင်သွားရင်း ဖြိုး ကျောက်ရုပ်တစ် ခုလို စက္ကန့်အတော်ကြာ သတိမေ့သွားခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ရင်ခုန်သံများနဲ့× × × အာရုံမှာ ဖွဲ့ဖက်× × × တကယ်ဆို တော့ ထိတွေ့ရန်မလွယ်× × × "

ရဲထိုက်က ကားဘောနက်ပေါ်၌ ခြေထောက်တစ်ချောင်းပေါ် တစ်ချောင်းချိတ်လျက် ဖြူဖြူကျော်သိန်း၏ လေယူလေသိမ်းအတိုင်း ဆိုလိုက်တာမို့ မင်းမင်းက သံချောင်းတစ်ခုကို မိုက်ဟန်း(ဒ်)တစ်ခုလို လုပ်ကာ. . .

"တိမ်တွေလိုပဲကွယ် × × × မြင်နေစဉ် လွင့်ပြယ်× × × တစ်ခါ တစ်ရံ မှန်တိုင်း လှိုင်းထန်တယ်× × × "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်၏။ ထို့နောက် နှစ်ယောက်ပြိုင်တူ အသံပြကြီးတွေ့နှင့်. . .

**"အချစ်က ညို့ယူစေနိုင်း စွမ်းနိုင်တယ်× × × လူတွေအားလုံး အချစ်နဲ့တွေ့လာရင် ပြောင်းလဲ× × ×"**

ဟုအော်ဆိုလိုက်သောကြောင့် အပြင်က ပြန်လာသောဖြိုးမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားရလေတော့၏။

"မင်းတို့ကောင်တွေ တော်တော်အူမြူးနေကြလား"

"အံမယ်. . . တကယ်မြူးနေတာက ဘယ်သူလဲ၊ ရှုးချင်ယောင်ဆောင်မနေနဲ့ သားကြီး။ ငါတို့ အားလုံးသိပြီးပြီနော်"

ရဲထိုက်စကားအဆုံး မင်းမင်းကလည်း ဟုတ်တယ်ဟု ဝင်ထောက်ခံလေသည်။

"ကိုဖြိုး, မင်းကောင်မလေးက အလန်းလေးနော်၊ ချောလိုက်တာ မွှန်အီနေတာပဲ။ သူက သိရှိမြိုင်ဘေးက ခြံကျယ်ကြီးကကွ။ မင်းတော့ ပွတာပဲ"

ဘုမသိဘမသိနှင့်ပြောလိုက်သော မင်းမင်းစကားကြောင့် သူ့ရင်ထဲ အောင့်သက်သက်ဖြစ်သွားရသည်။

"အဲဒီခြံက တကယ့်သူဌေးတွေကွ။ ကားတွေဆို အမျိုးမျိုးပဲ။





လင်ခရူဆာနဲ့ ထွက်လာလိုက်၊ ပါဂျရိုးနဲ့ ထွက်လာလိုက်၊ တော်ကြာ ပရာဒိုဖြစ်သွားလိုက်နဲ့။ ဂိုဒေါင်ထဲမှာ ဘယ်နှစီးတောင် ရှိလဲမသိဘူးနော်။ ကိုဖြိုး, မင်းအိပ်မက်တွေတော့ တကယ်ဖြစ်တော့မယ်။ ရွှေမင်းသမီးနဲ့ချစ်ပုံပြင်က တော်တော်ပျော်စရာကောင်းမှာ"

သူ့အဖြစ်က ဘာပြန်ပြောရမှန်းမသိအောင် ကပ်သီးကပ်သပ်နိုင်လွန်းလှ၏။ အရင်ကလို မစားရဝခမန်း လူအထင်ကြီးအောင် ကြွားဝါပြောချင်စိတ်တွေလည်း မရှိတော့။ သူတို့ထင်သလို နှင်းဖြူက သူဌေးသမီးလေးမဟုတ်တာကိုလည်း နှုတ်က ရုတ်တရက်ပြောမထွက်။

ဒါပေမဲ့ တစ်နေ့မဟုတ် တစ်နေ့ သိသွားမယ့်ကိစ္စကြီးကို သူဘာမှ ပါးစပ်အရသာခံမနေချင်တော့ပေ။

"မင်းတို့ထင်တာတွေ မဟုတ်ပါဘူးကွာ။ သူက အဲ့ဒီအိမ်က ဆိုတာ မှန်တယ်၊ ဒါပေမဲ့. . . မင်းတို့မြင်သလို ကားထည်လဲစီးနေတဲ့ သူဌေးသမီးလေးတော့ မဟုတ်ဘူးကွ"

"ဒါဆို ဘာလဲ၊ သူက အမျိုးအိမ်မှာ ကပ်နေတာလား"

"ဟင့်အင်း. . . သူက အဲ့အိမ်က အိမ်ဖော်"

"ဘာ!. . ."

နှစ်ယောက်လုံး မျက်လုံးပြူးကြီးတွေနှင့် တအံ့တဩ ထအော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကြောင့် သူ့မျက်နှာက ထူအမ်းအမ်းဖြစ်သွားရသည်။

တကယ်ဆို နှင်းဖြူရဲ့ဘဝမှန်ကို သူ ထုတ်မပြောသင့်။ ဒါ သိက္ခာကျစရာတစ်ခုလို့ သူ ဘာကြောင့် မတွေးမိခဲ့တာလဲ။

အပြောတွေကြီးပြီး ကြိုက်တော့ အိမ်ဖော်နဲ့လားလို့ ခပ်နှိမ်နှိမ်မျက်လုံးတွေနဲ့ ကြည့်မှာကိုလည်း စိုးရိမ်မနေတော့။

"ဟုတ်ရဲ့လားကွာ, ဒီလောက် နုထွတ် ဝင်းသန့်နေတာလေး က အိမ်ဖော်ဟုတ်လို့လား။ ငါတို့ အဲလောက် လူကဲခတ်မညံ့သေးပါဘူး ကိုဖြိုးရာ. . . လာမလျှို့စမ်းပါနဲ့။ မင်းက သူဌေးသားမက်ဖြစ်တော့ မှာမို့ ငါတို့ကို အမှန်အတိုင်း မပြောချင်တော့ဘူးလား"

"မဟုတ်ပါဘူး ရဲထိုက်ရာ၊ မဟုတ်ဘဲနဲ့ သူများသားသမီးကို အိမ်ဖော်လို့ပြောပါ့မလား။ တကယ်ပြောနေတာ"

သူ့ရဲ့လေသံနှင့်အပြောကြောင့် နှစ်ယောက်လုံး ယုံကြည်သွားပုံ ရသော်လည်း အံ့ဩစိတ်မကောင်းဖြစ်နေသလို ခေါင်းတရမ်းရမ်း စုတ်တသပ်သပ်ဖြစ်နေကြသည်။

"မင်းနဲ့သူ ချစ်သူတွေ ဖြစ်သွားကြပြီလား"

သူ ခေါင်းက ခပ်လေးလေး ရမ်းပြလိုက်၏။

"ဟုတ်ရဲ့လား"





"ငါက သူ့ကိုစတွေ့ကတည်းက ချစ်မိသွားတာ။ အခုထိ ဖွင့်မပြောရသေးဘူး။ သူလည်း ငါ့ကို စိတ်ဝင်စားနေပုံပဲ။ ခက်တာက သူက ငါ့ကို ပိုက်ဆံရှိတယ်ထင်ပြီး အရမ်းအားကိုးနေတာ"

"ဟာ. . . အဲဒါမှ ဒုက္ခပဲ။ မင်း သူ့ကို ဘာတွေလျှောက်ပွားထားလို့လဲ"

"စတွေ့ခါစက သူ့ကို အိမ်ဖော်မှန်းမသိဘူး။ ငါ့ကိုယ်ငါလည်း ဝပ်ရှော့က အလုပ်သမားမှန်း မပြောချင်တော့ အမွေရမယ့် သူဌေးတူ ယောင်ယောင် ဘာယောင်ယောင် လျှောက်ပြောထားတာ၊ အဲဒါကို သူက တကယ်ထင်နေပြီ"

"မင်းတော့ ကျိုင်ပူးတော့မှာပဲ ကိုဖြိုးရာ။ ဟိုက သူများအိမ်မှာ အိမ်ဖော်လုပ်နေရလို့ အားကိုးရာ နွယ်တစ်မျှင်အနေနဲ့ မင်းကိုတွယ်လိုက်တာ။ မင်းကလည်း ကမ်းနားသစ်ပင်"

"ငါစိတ်ညစ်နေတာလည်း အဲဒါပဲ။ သူ့ကို ငါ တကယ်ချစ်သွားပြီ။ ငါ့ဘဝအဖြစ်မှန်ကိုလည်း ဖွင့်မပြောချင်သေးဘူး။ သူစိတ်ပျက်သွားမှာ စိုးရိမ်တယ်။ ဆက်ပြီးလည်း မညာရက်တော့ဘူး။ သူတောင် အိမ်ဖော်ပါလို့ အမှန်အတိုင်းပြောခဲ့သေးတာ. . . ငါ့ဘက်က မရိုးသားခဲ့မိတဲ့အတွက် စိတ်မကောင်းဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးစကားအဆုံး မင်းမင်းနဲ့ ရဲထိုက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းရှိုက်သည်။

မင်းမင်းက သူ့ပခုံးကိုပုတ်လိုက်ပြီး. . .

"တကယ်ချစ်ရင် အားတော့မလျှော့နဲ့ကွာ။ သူ မင်းကိုတကယ် ချစ်လာရင် ခွင့်လွှတ်နားလည်ပေးမှာပါ။ နောက်ဆို သူ့အပေါ် အတတ် နိုင်ဆုံး ရိုးရိုးသားသားနေပေးလိုက်ပေါ့။

ဟု အားပေးနှစ်သိမ့်ရင်း အကြံဉာဏ်ပေးလေသည်။

"ဟာ. . . ချက်ချင်းကြီးတော့ သွားဖွင့်မပြောနဲ့ဦးလေ၊ တဖြည်း ဖြည်းလျှော့ချ။ မီးစင်ကြည့်ကပေါ့ကွာ။ သူ့အချစ်ကို မရသေးခင်မှာ ဝန်မခံနဲ့ဦး။ နောက်. . . တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ပြီး သံ ယောဇဉ် ရှိလာတော့မှ ဝန်ခံလိုက်။ အလိုလိုနားလည်ပေးလိမ့်မယ်။ အချစ်မှာ ခွင့်လွှတ်တတ်တဲ့တန်ခိုးတွေ ရှိတယ်"

ရည်းစားတစ်ခါမှ မထားဖူးသေးသော ရဲထိုက်ရဲ့သြဝါဒကိုပဲ သူ အားကိုးတကြီး နာခံပစ်လိုက်သည်။ ခုချိန်မှာ ရဲထိုက် အကြံပေး သည့်အတိုင်း နေတာက သူ့အတွက် အသင့်လျော်ဆုံးဖြစ်သည်။

နှင်းဖြူရဲ့ လေးစား အားကိုးမှုနဲ့ သံယောဇဉ်လေးတွေကို သူ ရတ်တရက် လက်လွှတ် ဆုံးရှုံးရမှာ ကြောက်နေမိပြီ။ ဒီအတိုင်း ဆက်





မျှောနေရင်း တစ်နေ့မှာ နှင်းဖြူ နားလည်လာနိုင်ဖို့သာ သူ ကြိုးစား ရမည်။

ရဲထိုက်ပြောသလို အချစ်မှာ တန်ခိုးရှိတယ်ဆိုတာ သူတကယ် ယုံကြည်မိ၏။

ဖြိုးက တကယ့်ကိုယ်တွေ့။

ဘယ်လိုမိန်းကလေးမှ ဘယ်လောက်လှပြီး အရည်အချင်းရှိ မှ၊ တော်မှ ထက်မှဆိုတဲ့ စံနမူနာတွေ အကုန်ပျောက်ပြီး လှတာတစ် ခုကလွဲပြီး ဘာဆိုဘာမှမရှိတဲ့ ချစ်စဖွယ်ကောင်မလေးတစ်ယောက်ကို ချစ်ခင်မြတ်နိုးစွာ တွယ်တာမိတာ အချစ်ရဲ့တန်ခိုးကြောင့်ကလွဲပြီး တခြား ဘာများ ဖြစ်နိုင်ဦးမှာပါလိမ့်. . .။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ဖြိုး့လက်ထဲမှာ တဆဆလုပ်ကြည့်နေမိသော ဖုန်းကလေး ကိုကြည့်ပြီး နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိသည်။

ရဲသီဟာကိုလည်း ကျေးဇူးတွေ အရမ်းတင်သွားမိ၏။

" Happy Birthday...ကိုဖြိုး၊ မင်းရဲ့ မွေးနေ့ရက်မှာ ငါ ဒီမှာရှိမှာမဟုတ်ဘူး။ ဒီတော့ လက်ဆောင်ကြိုပေးခဲ့ပါရစေ"

ဟုဆိုကာ ထိုကဒ်ဖုန်းကလေးကို သူ့လက်ထဲ ထည့်သွားခြင်း ပင်။

ဒါတင်မကသေး၊ သူ စက်ာပူသွားနေမယ့် နှစ်ပတ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ပြိုင်ကားကလေးကို တစ်ခုခုပျက်စီးနေသယောင် အကြောင်းပြကာ ဝပ်ရှော့အပ်သလိုလိုနှင့် ဖြိုး့စီးဖို့ ခဏပေးထားခဲ့သေးသည်။

ရှတ်တရက် လက်ထဲကို လက်ကိုင်ဖုန်းလေးနှင့် ပြိုင်ကားလှလှလေးတစ်စီး ရောက်လာတာမို့ ခဏလေးမှန်း သိပေမယ့် ပျော်နေမိသည်။ ကဒ်ဖုန်းကတော့ လက်ဆောင်ပေးတာပါ။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ့အပျော်တွေကို နှင်းဖြူပါ မျှဝေခံစားစေချင်သည်။ ဒါကြောင့် နောက်တစ်နေ့မနက်အစောကြီး သူမတို့ခြံရှေ့ကို မဖယောင်မလည် သွားစောင့်နေမိ၏။

ခဏနေတော့ ထုံးစံအတိုင်း ခိုးကြောင်ခိုးဝှက်ပုံစံကလေးနှင့် သူမ ထွက်လာသည်။ စတွေ့ခါစက ဝတ်ဖူးသော စပန့်ဂါဝန်အနီရဲရဲလေးက တွန့်လိမ်ကြေမွပြီး ပုံစံက ကပိုကရိုဖြစ်နေပေမယ့် ပါးပေါ်က ပါးကွက်ကြားလေးကြောင့် သူမက ပိုပြီးလှနေ၏။

"နှင်းဖြူ လှလားဟင်"

ရှတ်တရက်မေးလိုက်သောမေးခွန်းကြောင့် သူ အံ့သြသွားမိသည်။

"လှပါတယ်၊ ခုပဲပြောမလို့. . . သနပ်ခါးတွေဘာတွေနဲ့"

"အဟင်း၊ ဖြိုး၊ ခြံရှေ့က ဖြတ်လျှောက်သွားတာ တွေ့လိုက်





လို့ သနပ်ခါး ပြေးလိမ်းထားတာ။ ဒီမှာ ထိကြည့်. . . ခြောက်တောင် မခြောက်သေးဘူး"

"ဟုတ်လား"

"အမှန်အတိုင်းပြောရရင် နှင်းဖြူ ရေမချိုးရသေးဘူး။ သနပ်ခါးက တမင်လိမ်းလာတာ"

ဘယ်လောက်များ ချစ်ဖို့ကောင်းလိုက်တဲ့ ကောင်မလေးပါလိမ့်ကွယ်။

ဖြိုးကို ရင်မခုန် ခုန်အောင် တတ်စွမ်းနိုင်သောသူမက တကယ်တော့ အချစ်ရဲ့တန်ခိုးရှင်မလေးပါ။ ဒီအတိုင်းဆို ဖြိုး သူမကို ခုချက်ချင်းပဲ ဖွင့်ပြောပြီး အံဖြေတောင်းမိတော့မည်။

"ကိုယ်, နှင်းဖြူကိုပြောစရာရှိလို့"

"ပြောလေ"

"ဒီနေ့ ဘာနေ့လဲ၊ သိလား"

"အင်း. . . ဒီနေ့ ဘာနေ့ပါလိမ့်။ ဟို, မနေ့က ဘာနေ့လဲဟင် ဖြိုး"

"လူလည်မ"

ဖြိုးပြောပုံကြောင့် သူမက နှုတ်ခမ်းရှေ့မှာ လက်ကလေးပိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာပြီး တခစ်ခစ်ရယ်သည်။ ထိုသို့ရယ်လိုက်တော့ လခြမ်းသဏ္ဍာန်ဖြစ်သွားတဲ့ မျက်ဝန်းလေးတွေနဲ့ ပန်းသီးလေးလို နီရဲမို့ဖောင်းနေတဲ့ ပါးပြင်နှစ်ဖက်က ဝင်းမွတ်နေတဲ့ သနပ်ခါးဝါဝါလေးတွေနှင့် အလွန်လိုက်ဖက်တင့်တယ်သွား၏။

"နှင်းဖြူ တစ်ခါမှ ပြက္ခဒိန်မကြည့်ဖူးဘူး။ ကြည့်စရာလည်း ဘာအကြောင်းမှ မရှိဘူးလေ"

"မှတ်ထား. . . မနက်ဖြန် နို့ဝင်ဘာ နှစ်ဆယ့်တစ်၊ ကိုယ့်မွေးနေ့. . ."

"ဟယ်! ဟုတ်လား၊ ဘယ်နှနှစ် ပြည့်တာလဲဟင်"

"နှစ်ဆယ့်တစ်"

"ဟာ. . . ဒါဆို ဝါးရတော့မှာပေါ့။ ကဲ, မွေးနေ့ဆိုတော့ ဘာကျွေးမှာလဲ, ပြော"

"စားမယ်ဆိုတာချည်းပဲ၊ လက်ဆောင်ပေးမယ်တော့ မပြောဘူး"

ဖြိုးစကားကြောင့် သူမက နှာခေါင်းလေးရှုံ့ပြီး ပခုံးတွန့်ပြလေ၏။

"ပေးတော့ ပေးချင်တယ် ဖြိုးရဲ့။ နှင်းဖြူမှာ ဘာမှပေးစရာ





မရှိဘူး။ မိန်းကလေးချင်းဆိုလည်း အကောင်းသား။ နှင်းဖြူမှာ တစ်ခါမှမဝတ်ရသေးတဲ့ အင်္ကျီအသစ်လေး ရှိတယ်"

"တော်ပါတော့ နှင်းဖြူရယ်"

သူ ရယ်ရင်း ပြောလိုက်တော့ သူမက မျက်မှောင်လေးကြုတ်ပြီး တွေကြည့်နေ၏။

"တကယ်ပြောတာပါ ဖြိုးရယ်၊ နှင်းဖြူလက်ထဲမှာ ပိုက်ဆံလုံးဝမရှိလို့ပါ။ လက်ထဲမှာ ပိုက်ဆံအများကြီး ကိုင်သုံးပြီး ဝယ်ချင်တာဝယ်ဆိုရင် ဖြိုးအတွက် လက်ဆောင်တစ်ခုခု ဝယ်ပေးမှာပဲ။ ခုတော့ နှင်းဖြူကို ဘာမှမကျွေးပါနဲ့တော့ ဖြိုးရယ်။ နှင်းဖြူက ဖြိုးကို ဘာမှ အမှတ်တရပြန်မပေးနိုင်ဘူး"

သူမစကားတွေကို သူ ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတော့ချေ။ တလှိုက်လှိုက်ဝမ်းနည်းလာမိတာကြောင့် ငိုချင်စိတ်ပင် ပြင်းပြလာရသည်။

"အဲဒါတွေ မပြောပါနဲ့ နှင်းဖြူရယ်။ ကိုယ်က အလကား စတာပါ။ ဘာမှဝယ်ပေးစရာလည်း မလိုဘူး။ ကိုယ်, နှင်းဖြူကို စားချင်တာလည်း ဝယ်ကျွေးမယ်။ ဟုတ်ပြီလား. . ."

"ဖြိုး, အဲလိုပြောတော့ ပိုစိတ်မကောင်းဖြစ်ရတယ်။ နှင်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



က ဘာမှမပေးဘဲ အလကားစားရဦးမယ်ပေါ့"

"ပိုက်ဆံနဲ့ တစ်ခုခုဝယ်ပေးမှ အမှတ်တရဖြစ်တာ မဟုတ်ပါဘူး နှင်းဖြူရယ်"

"ဒါဆို ဘာနဲ့ဝယ်ပေးမှ အမှတ်တရဖြစ်မှာလဲဟင်"

"နောက်တော့ ပြောပြမှာပေါ့။ မနက်ဖြန် ကိုယ့်မွေးနေ့ဆိုတော့ လျှောက်လည်ကြမယ်နော်"

ဖြိုးစကားကြောင့် သူမမျက်လုံးလေးတွေက ပိုပြီးဝိုင်းစက်ရွှန်းလဲ့သွားသည်။

"တကယ်!"

"တကယ်ပေါ့၊ မနက်ဖြန် မနက်စောစော ကိုယ်လာခေါ်မယ်လေ"

"အရမ်းအစောကြီးတော့ မရဘူး။ သူတို့လစ်မှ ထွက်လာလို့ရမှာ"

"ဟုတ်သားပဲ. . . ကိုယ်မေ့သွားတယ်။ ကိုယ် ဒီဘက်လမ်းထောင့်မှာ စောင့်နေမယ်နော်။ အဆင်ပြေတဲ့အချိန် လာခဲ့. . . ဟုတ်ပြီလား"

သူမက ခေါင်းကို ခပ်သွက်သွက်ညိတ်ပြ၏။ ဖြိုးပြောသမျှကို





ညီမငယ်လေးတစ်ယောက်လို သူမက အမြဲနားထောင်တတ်တာလည်း ချစ်မြတ်နိုးစရာတွေထဲက တစ်ခုပင်။

"ဩော်. . . ဒါနဲ့ နှင်းဖြူမှာ အဝတ်အစားကောင်းကောင်းရော ရှိရဲ့လားဟင်။ မနက်ကျရင် လှလှပပလေး ဝတ်လာခဲ့နော်"

သူ့စကားကြောင့် သူမက စိတ်မဆိုးသည့်အပြင် နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ကာ. . .

"ဖြိုးကလည်း အထင်သေးလိုက်တာ၊ နှင်းဖြူမှာ အဝတ်အစားသစ် ရှိပါတယ်။ ပူမနေစမ်းပါနဲ့"

ဟု ခပ်ကြွားကြွားလေသံနှင့် ပြောလိုက်တာမို့ သူ နည်းနည်းတော့ စိတ်အေးသွားရသည်။

"ဒါဆိုလည်း ပြီးရော၊ ကိုယ် မနက် လာစောင့်နေမယ်နော်"

"စိတ်ချ၊ နှင်းဖြူ မရောက်ရောက်အောင် လာမယ်။ အင်း၊ ဒီညတော့ အိပ်လို့တောင် ပျော်မှာမဟုတ်ဘူး။ မနက်ဖြန် စားမယ့်မုန့်တွေ ဒီည မအိပ်ဘဲ ကြိုစဉ်းစားထားမယ်။ ခုတော့ သွားတော့မယ်နော် ဖြိုး. . . တာ့တာ"

သူမက ပြောပြောဆိုဆို နှုတ်ဆက်ပြီး လှည့်ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလည်း သူမကို စိတ်လက်ပေါ့ပါးစွာပင် ပြန်လည်နှုတ်ဆက်လိုက်လေတော့၏။

ပြီးတော့ ဖြိုးစိတ်ထဲက အိပ်မက်လှလှမက်ပါစေ ညီမလေးရယ်လို့ ဆုတောင်းပေးလိုက်မိ၏။

♥ ♥ ♥



## အခန်း (၉)

"တစ်ခါလာလည်း ကိုရီးယားကား၊ ပျင်းဖို့ကောင်းလိုက်တာ နှင်းဖြူရယ်၊ သွေးကင်ဆာရောဂါ မပါတဲ့ဇာတ်လမ်း ရှာစမ်းပါ"

ဆွိတီစကားကြောင့် နှင်းဖြူက တခစ်ခစ်ရယ်နေသည်။

"ဆွိတီကလည်း, ကိုရီးယားကားကလေးတွေက ကြည့်လို့ကောင်းတဲ့ဟာ။ နှင်းဖြူက အဲလို တန့်နှံ့စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျရတဲ့ဇာတ်လမ်းလေးကို ကြိုက်တာ။ ဒီဇာတ်လမ်းဆို အရမ်းသနားဖို့ ကောင်းတာ။ ကောင်မလေးကလည်း သွေးကင်ဆာနဲ့၊ ကောင်လေးကလည်း အဲ့ရောဂါဖြစ်နေတာ ကောင်မလေးက မသိဘူး။ ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ငိုတောင်ငိုချင်လာပြီ''

"တော်စမ်းပါဟယ်, ယိုးဒယားသရဲကားတွေ ကြည့်မယ်။ နှင့်ဇာတ်ကားတွေကြည့်ပြီး ကိုရီးယားတောင် သွားချင်စိတ်မရှိဘူး''

"ဘာဖြစ်လို့လဲ''

"သွေးကင်ဆာဖြစ်မှာ ကြောက်လို့ပေါ့။ ကဲ. . .ဟိုကား ရွေးလိုက်။ DARK WATER...လား၊ အဲဒါမကြည့်ရသေးဘူး''

"ဆွိတီ ဟာသကြိုက်ရင် ပိန္နဲသီးသရဲကား ကြည့်ပါလား''

"ဘာ, ပိန္နဲသီးလဲ''

"ဟာသကားလေ, ယိုးဒယားသရဲကား''

"ကြည့်ပြီးသွားပြီဟဲ့၊ အခွေတွေကလည်း ကြည့်ရတာ ထပ်နေပြီ။ ရှုပ်တယ်ဟာ. . . ကြောင်နဲ့ကြွက်ပဲ ထည့်တော့''

ဆွိတီစကားအဆုံး နှင်းဖြူ ခေါင်းလေးကုတ်လိုက်မိသည်။ ခြင်းထဲမှာ ဇာတ်ကားခွေတွေ မွှေနှောက်ရှာဖွေရင်း နောက်ဆုံး ကြောင်နဲ့ကြွက်ပဲ ဖွင့်ပြလိုက်ရသည်။

နှင်းဖြူ မကြည့်ချင်ပေမယ့် ဆွိတီက ဒါဆိုလျှင် ဒါ, မလွှန်ဆန်ခဲ့ချေ။

ဟာသဇာတ်လမ်းလေးတွေ၊ ကြောင်နှင့်ကြွက်, စတာတွေ





ကြည့်ပြီး ကလေးလေးလို တခစ်ခစ်ရယ်မောသဘောကျနေသောဆွိတီ မျက်နှာလေးကိုမြင်ရလျှင် နှင်းဖြူလည်း အလိုလိုပျော်ရွှင်လာမိ၏။

"ငါလေ, နင့်ဘဝလေးကို သိပ်အားကျတာပဲ၊ သိလား''

ဟုပြောတတ်သော ဆွိတီကို အရင်က အံ့သြခဲ့ပေမယ့် အခုတော့ မအံ့သြတော့ပါ။

ဘာမှအပူအပင်မရှိသည့် သူမဘဝကို နှင်းဖြူက တိတ်တခိုးအားကျနေချိန်၊ ဆွိတီက နှင်းဖြူရဲ့ ဆင်းဆင်းရဲရဲဘဝကို သဘောကျလိုချင်နေ၏။

"နင်နဲ့ငါ နေရာချင်းလဲလိုက်ချင်တယ် နှင်းဖြူရယ်''

ဆိုတဲ့စကားကိုလည်း သူမနှုတ်မှ မကြာခဏဖွင့်ပြောတတ်သလို. . .

နှင်းဖြူကလည်း. . .

"ဆွိတီလို ပြည့်ပြည့်စုံစုံဘဝလေးနဲ့ နေရရင် နှင်းဖြူတော့ သေပျော်ပြီ''

ဟု ပြန်ပြောခဲ့မိ၏။

နှင်းဖြူ ဒီအိမ်ကြီးကို စရောက်ခါစက ဆွိတီပုံစံလေးက ခုလို မဟုတ်။ အရမ်းအလိုလိုက်ခံထားရသော ကလေးတစ်ယောက်မို့ ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သွမ်း သောင်းကျန်းသည်။

နှင်းဖြူကို ရန်စ အနိုင်ကျင့်သည်။

နှင်းဖြူက သူဆိုးသမျှကို ဘာမှပြန်မပြောဘဲ သည်းခံတာမို့ တဖြည်းဖြည်း ညီအစ်မရင်းလို တွယ်တာလာသည်။ ထို့အတူ ဆွိတီအတွက် နှင်းဖြူက တစ်ဦးတည်းသော တိုးတိုးဖော် တိုင်ပင်ဖက်လေး ဖြစ်လာခဲ့သည်။

ထိုအခါမှ သနားစရာပုံပြင်ဆန်လှသော ဆွိတီဘဝလေးကို နှင်းဖြူ နားလည်ခဲ့ရသည်။

ဆွိတီမှာ မိခင်မရှိတော့တာမို့ ဖခင်ဖြစ်သူကို ဆိုးနွဲ့ချင်သော်လည်း အလုပ်တာဝန်တွေ များပြားပြီး ဖနီးသည် ဆုံးပြီး (မဆုံးခင်ကတည်းကလည်း ဖြစ်နိုင်၏။) အပြင်မှာ အပျော်အပါးရှာသော ဦးခန့်ထည်က ဆွိတီကို လိုလေးသေးမရှိ ထားရုံကလွဲပြီး တခြားဘာမှ ဂရုမစိုက်နိုင်။

သမီးဖြစ်သူကို အရိပ်တကြည့်ကြည့် လိုက်မစောင့်ရှောက်နိုင်တော့၊ ဆွိတီကို အပြင်မထွက်ရ၊ ဘယ်မှ မသွားရ မလာရ အမိန့်ထုတ်ပစ်လိုက်သည်။

ဒါကြောင့် ရွှေလှောင်အိမ်ထဲက အကျဉ်းစံ ဆိုတီဘဝကို နှင်း





ဖြူ စာနာ. သနားမိခဲ့ခြင်းဖြစ်၏။

ပြင်ပလောကနှင့် အထိအတွေ့မရှိသော ဆွိတီက နှင်းဖြူရောက်မလာခင်က ကြမ်းချင်တိုင်း ကြမ်း၊ ရိုင်းချင်တိုင်း ရိုင်းခဲ့သည်။

ခုတော့ နှင်းဖြူရဲ့ ဂရုတစိုက် ဖေးမနှစ်သိမ့်မှုအောက်မှာ သူမဘဝလေး နေသားတကျဖြစ်နေပြီ။

ပိုပြီးထူးဆန်းတာက ဆွိတီဟာ အရင်လို တုံဏှိဘာဝေပုံစံလေး မဟုတ်တော့ဘဲ စကားတွေ အများကြီးပြောလာသည်။

တစ်ခါတစ်ရံ ဝရံတာကနေ လမ်းမပေါ်ငေးပြီး တစ်ခုခုကို တွေးသယောင်၊ တစ်ယောက်ယောက်ကို မျှော်နေသယောင် လုပ်တတ်လာသည်။

အရင်က ဖရိုဖရဲ နေတတ်သမျှ ခု တဖြည်းဖြည်း သေသပ်လှပစွာ ပြင်ဆင်တတ်လာသည်။ အပြင်ကနေရာတွေ လူတွေအကြောင်း စိတ်ဝင်တစား မေးတတ် ပြောတတ်လာတာတွေကြည့်ပြီး နှင်းဖြူ အံ့ဩဝမ်းသာမိ၏။

တကယ်တော့ ဆွိတီက ဖခင်မေတ္တာနဲ့ မိခင်မေတ္တာကို ငတ်မွတ်ပြီး လွတ်လပ်ခွင့်မရတဲ့အတွက် စိတ်ဖိစီးမှုတွေ ခံနေရသော အထီးကျန် ရွှေမင်းသမီးလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖြူ. . . နှင်းဖြူ"

"အင်. . . ဟင် ဘာလဲ၊ ဆွိတီ ဘာခိုင်းမလို့လဲ"

ရုတ်တရက်သတိဝင်လာပြီး ပျာပျာသလဲပြန်မေးတော့ ဆွိတီက မျက်မှောင်လေးကြုတ်ပြီး. . .

"အဲဒီနှင်းဖြူဟာလေ, တကယ်ပဲတော့၊ ဒီလောက်ရယ်ရတဲ့ ကာတွန်းကားကို မကြည့်ဘဲ အိပ်ငိုက်နေတယ်"

ဟု အပြစ်တင်လေသည်။

"မငိုက်ပါဘူး ဆွိတီရယ်၊ အတွေးလွန်သွားတာပါ"

"သူပဲ တွေး. . . တွေးနိုင်လွန်း၊ ရည်းစားအကြောင်း တွေးနေတာမှတ်လား"

"ဟာ. . . ဘယ်ကလာ"

ရှက်စနိုးဟန်လေးနှင့် ပြန်ပြောလိုက်သောနှင်းဖြူကို ကြည့်ရင်း ဆွိတီ ဝါးခနဲသမ်းလိုက်မိ၏။

"အဲတော်. . . ဆယ့်တစ်နာရီထိုးပြီ၊ စောစောအိပ်မှ"

"အရင်က ဒီအချိန် အိပ်နေကျလည်းမဟုတ်ဘဲနဲ့"

"အခု စောစောအိပ်ချင်လို့ပေါ့ဟယ်၊ ဒါနဲ့ ဆွိတီအခန်းထဲ ခဏလိုက်ခဲ့ဦးနော်၊ နှင်းဖြူကို ပေးစရာရှိသေးတယ်"





စကားအဆုံး ဆွိတီက အခန်းထဲမှ ထထွက်သွားတာမို့ နှင်းဖြူ တီဗီကို လှမ်းပိတ်၊ သိမ်းစရာရှိတာတွေ သိမ်းပြီး နောက်က လိုက်ခဲ့ရ၏။

သူမအခန်းထဲသို့ ရောက်သောအခါ ဆွိတီက ကုတင်ပေါ်မှာ ထိုင်နေရင်းက အဝတ်အစားတွေကို ခြင်းတောင်းကြီးထဲမှ ဆွဲထုတ်နေသည်။

ဒါတွေဟာ လျှော်ဖို့တော့ ဘယ်လိုမှမဖြစ်နိုင်၊ သူမ ဝတ်ကြည့်ပြီး မကြိုက်တာတွေကို ခြင်းထဲပစ်ထည့်ထားသော အဝတ်အစားသစ်တွေသာ ဖြစ်မည်။

"အဲဒါတွေအကုန်လုံး နင် ယူလိုက်တော့နော်၊ ငါ မဝတ်ချင်လို့၊ ဩော်. . . ဟိုဗီရိုထဲက စက္ကူဘူး ပန်းရောင်လေးပါ ထုတ်လိုက်ဦး"

နှင်းဖြူမှာ ဆယ်စုံထက်မနည်း ရှိနေသော အဝတ်အစားပုံကြီးကိုကြည့်ပြီး အံ့သြနေဖို့ အချိန်မရ၊ ဆွိတီပြောတဲ့အတိုင်း ဗီရိုထဲက ပန်းရောင်စက္ကူဘူးကို ပြေးထုတ်ရသေး၏။

"အဲ့ဘူးထဲက. . . ဆွဲကြိုးတွေ၊ လက်စွပ်တွေ၊ နားဆွဲတွေက အသစ်တွေချည်းပဲ၊ ဖန်စီတွေဆိုပေမယ့် ဈေးကြီးတယ်, သိလား၊ နင်



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသေသေဝတ်နော်။ အင်္ကျီတွေလည်း ဖေဖေ နိုင်ငံခြားက ဝယ်လာတဲ့ဟာတွေ။ ငါ တစ်ခါမှမဝတ်ရသေးဘူး။ ဘယ်မှသွားစရာမရှိဘဲ ဒါတွေဘာလုပ်ရမှာလဲ။ နင် အကုန်ယူ. . .''

''ဖြစ်ပါ့မလား ဆွိတီရယ်၊ ဆရာကြီးသိရင် နှင်းဖြူကို ဆူနေပါ့မယ်။ ဒီလောက်အဖိုးတန်အဝတ်အစားတွေ နှင်းဖြူ မယူချင်ပါဘူး။ ဘယ်မှလည်း သွားစရာရှိတာမှ မဟုတ်တာ''

''အ,လိုက်တာဟယ်၊ နင် ရွာပြန်ရင် ဒီလိုလှလှပပလေး ဝတ်သွားပေါ့။ နင်မကြိုက်တာတွေ ရွာက နှင့်အမျိုးတွေထဲက ကောင်မလေးတွေ ပေးဝတ်ပေါ့''

''ဟုတ်သားပဲနော်. . . နှင်းဖြူ သင်္ကြန်ရက် ရွာပြန်မှာ၊ အဲဒီအခါကျမှ ဝတ်ရမယ်''

နှင်းဖြူစကားကြောင့် ဆွိတီ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိပါသည်။

အဝတ်အစားသစ်တွေကို ကိုယ်မှာ ကပ်ကြည့်လိုက်၊ နမ်းလိုက်နှင့် ပျော်ရွှင်နေသောနှင်းဖြူကိုကြည့်ပြီး ဆွိတီရင်ထဲ ကြည်ကြည်နူးနူးလေး ခံစားလိုက်ရသည်။

တစ်ခါတလေ သူများဆီက ရယူလိုက်တာထက် ကိုယ်က ပေး





လိုက်ရတဲ့ပီတိက ဘာနှင့်မှမတူတာ အံ့ဩဂုဏ်ယူဖွယ်ရာသမျိုးဖြစ်မှန်း ဆွိတီ နားလည်လိုက်သည်။

သူများတွေ ပျော်သလို ဆွိတီလည်း ပျော်ရွှင်ရပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဖြိုး, ကိုယ့်မျက်လုံးကိုယ် မယုံနိုင်တာမို့ လက်နှင့်တစ်ချက် ပွတ်သပ်ကြည့်လိုက်ရသည်။ အိပ်မက်လည်း မဟုတ်၊ ဖဝေဖဝါအမြင် မှားတာလည်း မဟုတ်တာမို့ သူ့ရှေ့တည့်တည့်ကို လျှောက်လာနေတာ နှင်းဖြူဆိုတာ မယုံနိုင်အောင် ဖြစ်သွားမိ၏။

မိုးပြာရောင်ဂါဝန်လေးက ပျော့အိ ပါးလွှာသည့်အစတွေနှင့် အထပ်ထပ်ပုံလေးဖြစ်အောင် ချုပ်ထားတာမို့ ခါးကနေ ဒူးနားအထိ လှပစွာ ဝဲဖြာကျနေသည်။

ဂါဝန်က ရင်ဘတ်နှင့်အတိ ကြိုးတစ်ချောင်းလေးဖြစ်ပြီး ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းပြေပြေဖြစ်သည့် လည်တိုင်ဆီမှာ ပုလဲပုတီးရှည်ရှည်လေး ဆွဲထားတာမို့ လှပြီးသားအသွင်ကို ပိုယဉ်သွားသည်။

နားဆွဲလေးကလည်း ပုလဲတစ်လုံးတည်းဖြစ်ပြီး လှုပ်ရှားလိုက်တိုင်း တဖျတ်ဖျတ် ရမ်းခါနေ၏။ လက်မှာ ကိုင်လာသောအဖြူရောင် အိတ်ကလေးက ဆင်မြန်းလာသော နားဆွဲတွေ၊ ပုတီးတွေနှင့် လိုက်ဖက်ရုံသာမက Lady Shoe ဖြူဖြူလေးတွေနှင့်ပါ အသားတကျ လှပနေတာမို့ ဖြိုး မျက်တောင်ခတ်ပစ်ဖို့ နှမြောနေမိ၏။

နှင်းဖြူဟာ ခုမှ မိုးပေါ်က ကျလာတာလား။ နတ်ရေကန်ထဲက ပေါ်လာသလား ထင်မှတ်ရအောင် တစ်သွေးတစ်မွေး လှပ တောက်ပြောင်နေတာကြောင့် သူ အံ့ဩနေသည်။

ဘယ်အချိန် ဘယ်လိုပုံစံနဲ့ပဲတွေ့တွေ့ လှပနေမယ်ဆိုတာ သိပေမယ့် ဒီလောက် တောက်ပ သားနားနေလိမ့်မည်ဟု ထင်မထားမိခဲ့ပါချေ။

သူ့ရင်ခုန်သံတွေက ပိုပြီးမြန်ဆန်ကျယ်လောင်လာရသည်။

"လှလိုက်တာကွာ. . . လှတောင်မှားတယ်"

ဖြိုးစကားကြောင့် သူမက ခေါင်းလေး ပိုငုံ့သွားသည်။ ပါးပြင်နဲ့ နားထင်နေရာတွေ နီရဲနေတာက ဆေးသားကြောင့်မဟုတ်ဘဲ သူမ





ရဲ့ရှက်အားပိုမှုကြောင့်ဆိုတာ သိရတော့ ဖြိုးရင်ထဲ နွေးခနဲဖြစ်သွား၏။

"သွားရအောင်နော်၊ တစ်ယောက်ယောက် မြင်သွားရင်"

"ဩော်, ဟုတ်သားပဲ၊ တက်လေ နှင်းဖြူ"

သူ့စကားအဆုံး နှင်းဖြူက နောက်ကြောင်းမအေးသလို ဟိုဒီတစ်ချက် ဝေ့ကြည့်ရင်း ကားပေါ်ကို ခပ်သုတ်သုပ်တက်ထိုင်၏။

သူ ကားမောင်းထွက်လာရင်း သူမမျက်နှာကို ငုံ့စောင်းကြည့်တော့ စိတ်လှုပ်ရှားဟန်တစ်ဝက်နှင့် ပျော်ရွှင်နေတာကို တွေ့လိုက်ရလေသည်။

"နှင်းဖြူကြည့်ရတာ စိတ်လှုပ်ရှားနေသလိုပဲနော်"

ဖြိုးစကားအဆုံး သူမက စတီယာရင်ပေါ်မှ ဖြိုးလက်ကို အပေါ်က အုပ်မိုးဆုပ်ကိုင်ရင်း. . .

"ဟုတ်တယ် ဖြိုး။ နှင်းဖြူ အရမ်းစိတ်လှုပ်ရှားနေတာ။ အိမ်ကနေ အခုလောက် ဝေးဝေးနေရာကို တစ်ခါမှမသွားဖူးဘူး"

နှင်းဖြူစကားကြောင့် ဖြိုးရင်ထဲ သူမအပေါ် ကရုဏာစိတ်ကလေးက အလိုလိုဖြစ်ထွန်းလာသည်။ သူမက နောက်ကြောင်းမအေးသည့်ပုံမျိုးနှင့် မကြာခဏလှည့်လှည့်ကြည့်နေတာမို့ နိုးကြောင်နိုးဝှက်ထွက်လာရသည့် သူမရဲ့ဘဝလေးကို စာနာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်နေ့တွေလို စကားပြောလေ၊ ငြိမ်နေတော့ စိတ်ထဲ တစ်မျိုးဖြစ်နေမှာပေါ့"

"ဟုတ်တယ်နော်၊ ဒါပေမဲ့ နှင်းဖြူ ဘာပြောရမှန်းမသိအောင် ပျော်နေတာ။ အဆူခံရမှာ ကြောက်နေတာလည်း မဟုတ်ဘဲ ရင်တွေ တလှုပ်လှုပ်ခုန်နေတာ။ ခု ဘယ်ကိုသွားမှာလဲဟင်"

"နှင်းဖြူ ဘယ်သွားမလဲ၊ မုန့်စားမလား၊ ရုပ်ရှင်ကြည့်မလား၊ ဘာမှမတွေးနဲ့၊ ဒီနေ့ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်နေ။ ဒီလိုအခွင့် အရေးမျိုးက ရခဲတယ်"

"ဒါနဲ့ ဖြိုးရော. . . ဦးလေးကို ဘယ်လိုပြောခဲ့လဲဟင်"

"ဘယ်လိုမှမပြောခဲ့ဘူး၊ အပြင်သွားစရာရှိလို့ ခွင့်တစ်ရက် ယူလိုက်တယ်။ သြော်. . . မေ့နေတာ၊ နှင်းဖြူ သီချင်းနားထောင်မလား ဟင်"

"ဟယ်. . . ဟုတ်လား၊ ဒါဆို ရှာကီရာ ဖွင့်ပြပါလား။ ဟို သီချင်းလေး နှင်းဖြူ အရမ်းကြိုက်တာပဲ"

နှင်းဖြူရဲ့ အားတက်သရောစကားသံအဆုံး ဖြိုး အံ့သြ နှုတ် ဆိတ်သွားမိ၏။

"ရှာကီရာသီချင်း. . . ဟုတ်လား"





"အင်းလေ, နှင်းဖြူ သိပ်ကြိုက်ပါတယ်ဆို"

ခပ်တွေတွေစိုက်ကြည့်နေသော သူ့အကြည့်တွေကြောင့် နှင်း ဖြူက မလုံမလဲဖြစ်သွားပုံလေးနှင့်. . .

"ဟို. . . အိမ်မှာ နှင်းဖြူအလုပ်ရှင် မမလေးက အဲဒီသီချင်း တွေ အရမ်းကြိုက်တာ။ အမြဲလိုလိုဖွင့်နေတော့ နှင်းဖြူလည်း ကြားဖူး နေကျဖြစ်ပြီး ကြိုက်သွားရော"

ဟု ရှင်းပြလေသည်။

"သြော်. . . ဒါဆို နှင်းဖြူနေတဲ့အိမ်မှာ သူဌေးသမီးလေး ရှိ တယ်ပေါ့။ နှင်းဖြူ ဘယ်နှတန်းအထိ ကျောင်းနေဖူးလဲဟင်"

"ရှစ်တန်းထိပဲ နေဖူးတာပါ။ ဖြိုးကရော. . . နှင်းဖြူ တစ်ခါ မှ မမေးဖူးဘူးနော်"

"ကိုယ်ပြောပြဖူးပါတယ်၊ ကိုယ်က အင်္ဂလိပ်စာနဲ့ ကျောင်းပြီး ထားတာလို့"

"သြော်"

သူမမျက်နှာလေးက ဝမ်းနည်းအားငယ်သလို ဖျတ်ခနဲ ညှိုး လျော် နွမ်းလျသွားသည်။ ဖြိုးနဲ့ယှဉ်လျှင် သူမက အစစအရာရာ နိမ့် ပါး သိမ်ငယ်နေရခြင်းကို စိတ်မကောင်းဖြစ်နေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူမျက်နှာလေး ညှိုးသွားတော့ ဖြိုး စိတ်မကောင်း။ တခြား ပျော်ရွှင်စရာအကြောင်းလေးတွေ ရွေးပြောပြီး သူမကို အာရုံပြောင်းပစ်ရန် အကြံရလိုက်သည်။

နောက်နောင် သူမ စိတ်ဓာတ်ကျ ဝမ်းနည်းစေမည့်အကြောင်းတွေ မပြောမိစေဖို့ သူ့ကိုယ်သူ သတိပေးလိုက်ရ၏။

"နှင်းဖြူက အခုလိုပြင်ဆင်လိုက်တော့ အရမ်းလှတယ်နော်၊ အင်္ကျီလေးနဲ့အရမ်းလိုက်တာပဲ။ ဘယ်တုန်းက ဝယ်ထားတာလဲ"

"ဒါ. . . နိုင်ငံခြားက. . . အဲ. . . ဟို မမလေး ပြောတာတော့ ဒါ နိုင်ငံခြားက ဝယ်လာတာတဲ့။ နှင်းဖြူကို သူ ပေးထားတာ"

"ဒါဆို ဟိုတစ်ယောက်က နှင်းဖြူနဲ့ရွယ်တူပေါ့"

"အင်း. . . ဟုတ်တယ်၊ ဖြိုး အခုဘယ်သွားမှာလဲ မပြောရသေးဘူးနော်"

"အင်းလျားပဲ အရင်သွားမယ်"

"ဟယ်. . . ပျော်စရာကြီး၊ ရုပ်ရှင်ထဲမှာသာ မြင်ဖူးတာ။ နှင်းဖြူ တစ်ခေါက်မှမရောက်ဖူးသေးဘူး။ အဲဒီရောက်ရင် ဝက်သားတုတ်ထိုး စားမယ်။ နော်. . . ဖြိုး"

သူမစကားကြောင့် ဖြိုး ပြုံးရင်း ခေါင်းညိတ်ပြလိုက်မိသည်။





သူမက ကလေးတစ်ယောက်လို ဝမ်းသာအားရ ခုန်ပေါက်တော့မတတ် ပျော်ရွှင်နေရှာသည်။

ခုလိုကျတော့ ဘာမှအပူအပင်မရှိတော့သည့်ဟန်။

အင်းလျားရောက်တော့ သူမက ဟိုမှသည်မှစုံတွဲတွေကို ကြည့်ပြီး လမ်းမလျှောက်ရဲသလို အနည်းငယ် ရှိုးတို့ရှန်းတန်းဖြစ်နေသည်။

"လူတွေ များလိုက်တာ၊ သူတို့က ဘာလာလုပ်နေကြတာလဲ ဟင်"

ကလေးတစ်ယောက်လို မေးလိုက်ဟန်ကြောင့် ဖြိုး ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားသည်။

"သူတို့က ချစ်သူတွေ နှင်းဖြူရဲ့၊ ဒီလိုပဲ ဒီမှာ လာတွေ့ကြတာပေါ့"

"ဒါဆို ဒီနေရာက ချစ်သူတွေ လာတဲ့နေရာပေါ့နော်"

"အင်းပေါ့"

သူ့ရင်ခုန်သံက မညီမညာ အော်ဟာစ်ခုန်ပေါက်လာပြန်သည်။ သူမက မျက်မှောင်ကြုတ်လျက် တစ်ခုခုကို စဉ်းစားနေသလို အတန်ကြာ ငြိမ်သက်နေပြီးမှ. . .

"ဒါကြောင့် ရုပ်ရှင်ထဲက သမီးရည်းစားတွေ ဒီမှာတွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး''

ဟု မအူမလည် မှတ်ချက်ချသည်။

ဖြိုးကတော့ ပန်းဆီရောင် ပြောင်အိ စိုရွှဲနေသည့် သူမရဲ့နှုတ်ခမ်းဖူးဖူးလေးကိုကြည့်ပြီး အသက်ရှူတွေ မှားနေသည်။

ချစ်လိုက်ရတာ ကောင်မလေးရယ်. . .

မင်းကတော့ ဘာကိုမှ မသိနားမလည်တဲ့ ကလေးလေးလိုပဲနော်. . .

''ဖြိုး, ဝက်သားတုတ်ထိုး ဝယ်ကျွေးမယ်ဆို။ ပြီးရင် ရှိုင်မုန့်တီလည်း သောက်မှာနော်''

''အဲဒါတွေ မစားပါနဲ့ နှင်းဖြူရယ်။ တခြားကောင်းတာတွေ အများကြီး။ နှင်းဖြူ ဟော့ပေါ့သောက်ဖူးလား။ အရမ်းကောင်းတယ်။ ဒီနားမှာ ဘူဖေးရတဲ့ဆိုင် ရှိရင်. . .''

''ဟင့်အင်း. . . ဟင့်အင်း, အဲဒါတွေ နှင်းဖြူ မစားချင်ဘူး။ တုတ်ထိုးနဲ့ မုန့်တီပဲ''

ခက်ပါလား နှင်းဖြူရယ်. . . တစ်ခါတလေ ကိုယ်က မင်းကို ကောင်းကောင်းစားစေချင်တဲ့ဟာ။

''တုတ်ထိုးပဲ ဝယ်ကျွေးပါနော် ဖြိုး''





သူ့လက်မောင်းကို လှုပ်ရမ်းရင်း ကလေးလို ပူဆာလိုက်တာမို့ နောက်ဆုံးတော့ ဖြိုး အရှုံးပေးလိုက်ရသည်။ ထို့နောက် ဝက်သားတုတ်ထိုးသည်ကို တွေ့အောင်ရှာပြီး သူမအလိုကျ လိုက်ကျွေးရ၏။

တုတ်ထိုးသည်ကို သူမစိတ်ကြိုက် အခေါက်၊ နားရွက်၊ လျှာ၊ အဆုတ်၊ အူသိမ်အူမအကျန် စုံတကာစေ့အောင် ညှပ်ခိုင်းပြီး ငရုတ်သီးစိမ်း ကိုက်လိုက်၊ ကြက်သွန်ဖြူတွေ ကိုက်လိုက်နှင့် အချဉ်ရည်ရဲရဲမှာ နှစ်ပြီး အားရပါးရစားနေသောသူမကို ကြည့်ပြီး ဖြိုးပင် တံတွေးမျိုချမိသွားသည်။

ကြာတော့ ဖြိုးလည်း မနေနိုင်။ သူမစားသလို ဝင်စားမိတော့သည်။

သူမက တုတ်ထိုးသည်ကို စားချင်တဲ့အစိတ်အပိုင်းတွေ ညှပ်ဖြတ်ခိုင်းရင်း ဖြိုး့နားသို့ကပ်ကာ. . .

''ဖြိုး. . . ပိုက်ဆံလောက်ရဲ့လားဟင်''

ဟု တိုးတိုးလေးမေးလိုက်တာကြောင့် ဖြိုးမှာ စားလက်စအစာပင် သီးတော့မတတ် ရယ်မိသွားရသည်။

မလောက်ဘူးဆိုလည်း သူမက စိတ်ဖြောင့်ဖြောင့် အတောသတ်လိုက်မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"လောက်ပါတယ်ကွာ၊ စားမှာသာ စားစမ်းပါ။ အရမ်းတွေ့ မစားနဲ့ပေါ့၊ ဗိုက်တွေ နာမယ်။ ရေတ်သီးတွေ တော်တော့။ ကြက်သွန်ဖြူလည်း မကိုက်နဲ့"

"အင်းပါ. . . ဒါပြီးရင် မုန့်တီသောက်ဦးမှာဆိုတော့ ဗိုက်ထဲ နေရာချန်ထားဦးမှာပါ။ ပိုက်ဆံလောက်တာ သေချာရဲ့လား"

"လောက်ပါတယ်ဆိုမှကွာ. . . ကိုယ် တစ်နေ့ကမှ လစာကြို ထုတ်ထားတာ၊ စကားတွေ မပြောနဲ့၊ စားတော့"

ဖြိုးစကားဆုံးမှ သူမက စိတ်ချလက်ချဖြစ်သွားပုံနှင့် ဝက်သား တုတ်ထိုးကို အသားကုန် ထပ်စားလေတော့၏။

တကယ်တမ်း တုတ်ထိုးစားပြီးတော့ သူမ မုန့်တီပင် မသောက် နိုင်တော့ချေ။

"ဒုက္ခပါပဲ ဖြိုးရယ်၊ စားကောင်းကောင်းနဲ့ စားလိုက်တာ ဗိုက် တင်းနေပြီ။ အမယ်လေး. . . ဒုက္ခပါပဲ၊ နှင်းဖြူ အန်ချမိတော့မယ်ထင် တယ်"

"ဟာ. . . မအန်တော့ မအန်နဲ့လေ၊ ကိုယ် ဘာလုပ်ပေးရ မလဲ၊ ရေသောက်မလား"

"ဟင့်အင်း, စပ်လွန်းလို့ ရေတွေသောက်ထားတာ ဗိုက်ထဲ





မှာ နင့်ကယ်နေပြီ။ မရတော့ဘူး ဖြိုးရဲ့၊ ဝေါ့. . ."

"နှင်း. . . နှင်းဖြူ"

"အွေ့. . . ကျောကို ဖိထားပေးပါ၊ ဝေါ့. . . ဝေါ့"

သူမ အန်နေတာကြည့်ပြီး ဖြိုးပါ အန်ချင်လာသည်။ စား ထားသမျှတွေ အကုန်နီးပါး အန်ထုတ်ပြီးမှ သူမလည်း နေသာထိုင်သာ ရှိသွားတော့သည်။ ထိုအခါမှ ဖြိုးလည်း သက်ပြင်းမောကြီး ချနိုင်တော့ သည်။

"သက်သာရဲ့လားဟင်"

သူမက ရေသန့်ဘူးထဲမှရေနှင့် ပလုတ်ကျင်းရင်း ခေါင်းညိတ် ပြသည်။

"စားထားတာတွေ ကုန်ပါပြီ၊ ဗိုက်ထဲတောင် ဟာသွားတယ်"

သူမစကားကြောင့် ဖြိုး မျက်လုံးပြူးသွားရသည်။

"ထပ်. . . ထပ်စားဦးမလို့လားဟင်"

"တော်ပါပြီ. . . နှင်းဖြူက အချဉ်အစပ်တွေနဲ့မတည့်ဘူး။ ဖြစ် ချင်ရာဖြစ်ဆိုပြီး အရဲစွန့်ပြီး စားလိုက်တာ"

မြတ်စွာဘုရား!. . .

အစားအတွက်ဖြင့် အသက်ပင် သေသေဆိုတဲ့ အာဂနှင်းဖြူ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပါလား. . .

သူမက ကန်ထဲကို အဓိပ္ပာယ်မဲ့ ငေးမောနေသည်။ ငြိမ်သက်ခြင်းက စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသလားမသိ။

နှင်းဖြူမျက်နှာလေးကိုငေးရင်း ဖြိုးနှုတ်က စကားတစ်ခွန်းက ထွက်ကျလုဆဲဆဲအနေအထားသို့ ရောက်လာသည်။

"ဖြိုး"

တကယ်တမ်းခေါ်လိုက်တာက နှင်းဖြူရဲ့အသံ ဖြစ်နေတာမို့ သူ ထိတ်ခနဲလန့်သွားမိသည်။

"ဘာလဲဟင်"

"ဖြိုးက ချောတယ်နော်၊ ရုပ်ရှင်မင်းသား လုပ်ပါလားဟင်၊ ဒါမှ ညတိုင်း ရုပ်ရှင်ကြည့်ရင် ဖြိုးကိုမြင်နေရမှာ"

"အမ်. . ."

သူ တကယ်ကို ဘာပြောရမှန်းမသိအောင် ဖြစ်သွားရပါသည်။ နှင်းဖြူက ကျောက်စရစ်ခဲလေးတစ်လုံးကိုယူပြီး ကန်ထဲသို့ ပစ်ချရင်း ထိုင်ရာမှ ထရပ်သည်။

"ဘယ်သွားမလို့လဲဟင်"

ခပ်သွက်သွက်လေး မေးလိုက်သော သူ့စကားအဆုံး သူမက





ပြုံးသည်။ ထိုအပြုံးလေးက တဖြည်းဖြည်းမပီပြင်တော့ဘဲ. . .

"အိမ်ပြန်ချင်ပြီ၊ ခုလောက်ဆို နှင်းဖြူပျောက်လို့ သူတို့ ရှာနေမှာ"

ဟု လေသံသဲ့သဲ့ကလေးနှင့် ပြောပါသည်။ 'ခဏနေပါဦး နှင်းဖြူရယ်' လို့ သူ မပြောရက်။ 'ကိုယ် မင်းကိုပြောစရာစကားတွေ ရှိသေးတယ်' လို့လည်း ပြောမထွက်။

သူမဘာဝလေးကို စာနာနားလည်စွာ ဖြိုး ထိုင်နေရာမှ ထရပ်လိုက်သည်။ အခွင့်အရေးဆိုတာ ရရင်ရသလို ယူဖို့မဟုတ်မှန်း သူ နားလည်ရမည်။

ထိုနေ့က နှင်းဖြူကို ချစ်နေတဲ့အကြောင်း ဖြိုး မပြောလိုက်မိပါ။

ဒါပေမဲ့ သူမ နားလည်လိမ့်မည်ဟုတော့ မျှော်လင့်ရသည်။ ဖြိုး ချစ်နေတာတွေ ဖွင့်မပြောပေမယ့် သူမ သိနိုင်သလို သူမမျက်ဝန်းအကြည့်ထဲက သံယောဇဉ်အရိပ်အငွေ့တွေကိုလည်း ဖြိုး မြင်နေရပါသည်။

ကိုယ်တို့ဝေးသွားလို့ မဖြစ်ဘူး ညီမလေးရယ်. . .



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၁)

မွှေးပျံ့သော လတ်လတ်ဆတ်ဆတ်နှင်းဆီရနံ့တွေကြောင့် ဆွိတီ မျက်လုံးလေးကို အသာအယာဖွင့်ကြည့်လိုက်သည်။

ရေမွှေးနှင်းဆီ ဖြန်းထားတာမဟုတ်။ သူမရဲ့ အခန်းထောင့်က အဖြူရောင် ကြွေပန်းအိုးကြီးထဲမှာ လက်တစ်ပွေ့စာ နှင်းဆီနီတွေ ရှိနေအောင် ထိုးပေးထားခြင်းဖြစ်သည်။

အရွက်တွေ တစ်ရွက်မှမခြွေဘဲ ကိုင်းတံတွေကို ဖြတ်မပစ်ဘဲ သဘာဝအတိုင်း ခပ်ကျပ်ကျပ် ထိုးထိုးထောင်ထောင် လုပ်သွားတာ နှင်းဖြူလက်ရာပင်ဖြစ်မည်။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဆွိတီစိတ်ကြိုက်ပုံစံအတိုင်း လုပ်ပေးသွားသော အရိုင်းဆန်ဆန် နှင်းဆီပန်းအိုးကိုငေးရင်း ဆွိတီ မေမေ့ကိုသတိရနေမိသည်။

မေမေ ပန်းအိုးထိုးလျှင်လည်း စိတ်မပါလက်မပါနှင့် ထိုကဲ့သို့ လုပ်လေ့ရှိသည်လေ။

အိမ်ထောင်သက် ဆယ်နှစ်ကျော်အတွင်း မေမေစိတ်ချမ်းသာသွားရတဲ့အချိန်က တစ်နှစ်စာပင် မရှိ။ တစ်ယောက်နဲ့တစ်ယောက် မချစ်မနှစ်သက်ဘဲ ယူလိုက်ရသော လူနှစ်ယောက်တွင် ယောကျ်ားဖြစ်သူက အပြင်ထွက် အပျော်ရှာနိုင်သည့်အခွင့်အရေးရှိပြီး မိန်းမဖြစ်သူကတော့ အိမ်တွင်းပုန်းပြီး မျက်ရည်ကျနေရုံသာ တတ်နိုင်သောဘဝမှာ သူမ ဘယ်လိုလုပ်ပြီး အသက်ရှည်နိုင်တော့မည်နည်း။

ထိုအတွေးက သူမရင်ကို နင့်သွားစေသည်။ မေမေ့အကြောင်းတွေးတိုင်း ဖေဖေ့ကို ဆွိတီ ပိုပြီးစိတ်နာမုန်းတီးမိတော့မည်။

"ဆွိတီ. . ."

နှင်းဖြူရဲ့ခေါ်သံကြောင့် မျက်ဝန်းအိမ်ထောင့်စွန်းကနေ စီးကျလာတဲ့မျက်ရည်စကို အသာသုတ်ရင်း အခန်းဝကို လှမ်းကြည့်လိုက်သည်။

"ဝင်ခဲ့လေ"





"သက်သာသွားပြီလား ဆွိတီ၊ ဆရာဝန်ကတော့ အစာမာမာတွေ မစားနဲ့ဦးတဲ့၊ ဆီနဲ့ကြော်ထားတာတွေ အချဉ်အစပ်တွေ ရင်ပြည့်စေမယ့်အစာတွေ ဘာမှ. . ."

"တော်ပါတော့ နှင်းဖြူရယ်၊ ဒီမနက်လည်း ဆွိတီ ကြက်စွပ်ပြုတ်ပဲ သောက်ရဦးမှာ မှတ်လား၊ နေ့ခင်း ဆန်ပြုတ်၊ ညကျရင် ကြက်ဥနဲ့ နွားနို့. . . ဒါပဲ၊ ဘာမှလေကုန်ခံပြီး ရွတ်ပြမနေနဲ့တော့"

ဆွိတီစကားအဆုံး နှင်းဖြူမျက်နှာက ဖျတ်ခနဲညိုးကျသွားပေမယ့် ချက်ချင်းလို ပြုံးလိုက်ကာ ဆွိတီနဖူးပေါ်မှာ ဝဲကျနေသောဆံစတွေကို မိခင်တစ်ယောက်လို တယုတယသပ်တင်ပေးရင်း. . .

"အဲဒါတွေက ဆွိတီ့ကို အားရှိစေမှာလေ၊ နေမြန်မြန်ကောင်းတော့ ဆွိတီလည်း နေရထိုင်ရတာ လန်းတာပေါ့"

"မလန်းပါဘူး. . . ဒီအခန်းထဲမှာမှ မဟုတ်ဘူး၊ ဒီအိမ် ဒီခြံကြီးထဲမှာ နေရသရွေ့ ဆွိတီ ဘယ်တော့မှ ပျော်မှာမဟုတ်ဘူး၊ ဖြစ်နိုင်ရင် ဒီကနေ အဝေးဆုံးကို ပြေးထွက်သွားချင်တယ်။ ဆွိတီနဲ့ နှင်းဖြူ နေရာချင်း လဲလို့ရရင် သိပ်ကောင်းမယ်"

"အဲဒါတွေ ပြောမနေပါနဲ့တော့နော်၊ ဟိုနေ့က ဖတ်ပြတဲ့ဟာသဝတ္ထု ဖတ်ပြမယ်၊ မျက်လုံးလေးမှိတ်ပြီး နားထောင်၊ ရယ်စရာတွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



အတူတူလိုက်ရယ်ပေါ့''

ဆွိတီ, နှင်းဖြူစကားတွေ နားထောင်ပြီး ရင်ထဲမှာ ဝမ်းနည်း ဝမ်းသာ ပီတိစိတ်ကလေး လှိုက်ဖြာသွားရသည်။ စာအုပ်ကိုင်ထားတဲ့ နှင်းဖြူလက်ကလေးကို အသာအယာဆွဲယူရင်း ရင်ဘတ်ပေါ် တင် လိုက်ကာ. . .

''နှင်းဖြူ. . . ခုတလော ငါ့စိတ်ထဲမှာ နင်က ငါ့ရဲ့အမေလို့ခံစား နေရတယ်။ တကယ်ပဲ နင် ငါ့ရဲ့အမေဆို ကောင်းမှာပဲ''

ဟု ပြောလိုက်မိ၏။ နှင်းဖြူက ရယ်မောရင်း. . .

''မဟုတ်ပေမယ့်. . . နှင်းဖြူက ဆွိတီမေမေ ဝင်စားတယ်လို့ သဘောထားလိုက်ပေါ့''

''ဟီး. . . ဟုတ်တယ်နော်၊ နှင်းဖြူပြောသလို ဆွိတီမေမေ ပြန် ဝင်စားတာဆို ကောင်းမယ်။ ဒါပေမဲ့ နင်က ငါနဲ့အသက်တူတူပဲလေ ဟယ်''

''ဒါဆိုလည်း ညီအစ်မတွေပေါ့ ဆွိတီရယ်။ အစ်မကြီး အမိအရာ တဲ့။ နှင်းဖြူက ဆွိတီရဲ့အစ်မပေါ့''

''အင်း. . . ဒါတော့ ဖြစ်နိုင်တယ်''

ရုတ်တရက် ရွှင်ရွှင်လန်းလန်းဖြစ်သွားသော ဆွိတီမျက်နှာလှလှ





လေးကိုငေးရင်း နှင်းဖြူ စိတ်ချမ်းသာသွားရသည်။

''ဆွိတီလေ. . . နှင်းဖြူနဲ့ အမြွှာညီအစ်မတွေ ဖြစ်ချင်တယ်။ ဆွိတီက နှင်းဖြူရဲ့ကိုယ်ပွားတစ်ခုလိုပေါ့။ ဒါဆို ဆွိတီ စိတ်ချမ်းသာ မှာပဲ။ နှင်းဖြူကလည်း ဆွိတီရဲ့ကိုယ်ပွားအနေနဲ့ အရာအားလုံးကို မျှဝေ ခံစားပေးတယ်။ နှစ်ယောက်ပေါင်း စိတ်တစ်ခုတည်းလေ''

''ဒါပေါ့ ဆွိတီရဲ့''

''ပြီးတော့ ဆွိတီ မကြာခဏမက်တဲ့ အိပ်မက်လေးလည်း ရှိ တယ်။ အဲဒီအိပ်မက်ထဲမှာ ဆွိတီဘဝက အရမ်းလွတ်လပ်ပြီး ပျော် စရာကောင်းတယ်၊ သိလား''

နှင်းဖြူ စာအုပ်ကိုပိတ်ပြီး သူမ ပြောသမျှတွေကို စိတ်ရှည်လက် ရှည်နားထောင်ပေးလိုက်သည်။ သူမက ငယ်ငယ်တုန်းက အကြောင်း တွေ ပြန်ပြောပြသည်။

ပျော်စရာဆို အတူတူလိုက်ရယ်ရသည်။ ဝမ်းနည်းစရာဆို နှင်း ဖြူပါ မျက်ရည်ဝဲအောင် သူမက တဖွဲ့တနွဲ့ပြောတတ်လွန်း၏။ တစ်ခါ တလေတော့ ကလေးပေါက်စလေးလို သူမ မသိတာတွေ နှင်းဖြူကို မေးတတ်ပြန်သည်။

စကားတွေအများကြီး ပြောလို့ဝတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာလိုက်တာဟယ်. . . ဘာရှိလဲ"

ဟု မေးတော့သည်။

"ဆွိတီ ဘာစားချင်လဲဟင်"

သူမက နှုတ်ခမ်းကို ဖိကိုက်၊ မျက်မှောင်တွန့်ပြီး အတော်ကြာ စဉ်းစားနေသည်။ ပြီးမှ. . .

"ဂေါ်ဖီနဲ့ ခရမ်းချဉ်သီးများများထည့်ထားတဲ့ လက်ဖက်သုပ်၊ ငရုတ်သီးစိမ်းနဲ့ ကြက်သွန်ဖြူလည်း ပါရမယ်"

ဟုပြောလိုက်တာမို့ နှင်းဖြူ မျက်လုံးပိုင်းသွားရသည်။ နှင်းဖြူ သိသလောက်တော့ ဒီအိမ်မှာ ထိုအစားအသောက်မျိုး တစ်ခါမှ ဆွိတီကို စီမံမပေးဖူးပါ။

"လက်ဖက်သုပ်. . . ဟုတ်လား"

"အင်း. . . အဲဒါ စားချင်တယ်။ ရေနွေးကြမ်းလေးနဲ့"

နှင်းဖြူ စိတ်မကောင်းခြင်းများစွာနှင့် ခေါင်းခါလိုက်ရသည်။

"မရဘူး ဆွိတီ၊ အဲဒါ ဆွိတီနဲ့ လုံးဝမတည့်တာတွေ၊ ရင်ပြည့်မယ့် ဗိုက်ပွမယ့်အစာတွေ မစားရဘူးလေ"

ဆွိတီက နှုတ်ခမ်းလေးစူပြီး နှာခေါင်းရှုံ့သည်။

"ဒါဖြင့် နေကြာစေ့စားမယ်"





"ပိုဆိုးတယ် ဆွိတီ၊ သွေးပေါင်ကျလိမ့်မယ်၊ မဖြစ်ဘူး"

"ဒါဆို ဘာမှမစားတော့ဘူး"

"အဲလိုတော့ မလုပ်နဲ့လေ. . . ဗိုက်ပြည့်ပြီး အားရှိမယ့် အစားအသောက်တစ်ခုခုတော့ စားရမှာပေါ့။ ခြော်, သိပြီ၊ ကြက်သားစွပ်ပြုတ်တွေ ရှိတယ်။ အဲဒါကို ကြာဆံနဲ့ တခြားအဆာတွေထည့်ပြီး ကြာဆံချက်လို လုပ်ပေးမယ်။ စားမလားဟင်"

နှင်းဖြူက သူမ မစားချင်တာ စားချင်လာအောင် ဖွယ်ဖွယ်ရာရာပုံလေး ပြောပြလိုက်တော့ ဖျတ်ခနဲ ခေါင်းညိတ်သည်။

"အင်း, စားမယ်"

နှင်းဖြူ ထိုင်နေရာမှ ထမလို့ ပြင်စဉ်မှာပင် ဆွိတီကုတင်ခေါင်းရင်းမှ ဖုန်းသံလေးက ကျယ်လောင် ဆူညံသော မြည်သံလေး ထွက်ပေါ်လာတာမို့ ဆွိတီကို လှမ်းကြည့်လိုက်သည်။

ဆွိတီ, ဖုန်းလေးကို လှမ်းယူလိုက်ပြီးသည်နှင့် Display မှာ ပေါ်နေသောနံပါတ်တွေကြောင့် ဖုန်းကို နှင်းဖြူလက်ထဲ ထည့်ပေးလိုက်၏။

ထို့နောက် သူမက လက်ဖဝါးနှစ်ဖက်ကို အပ်ကာ နားရွက်ဖျားမှာ ကပ်ပြီး ခေါင်းလေး ငုံ့စောင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ သဘောပေါက်နားလည်စွာ ခေါင်းတစ်ချက် ညိတ်ရင်း ဖုန်းလေးကို ဖွင့်နားထောင်လိုက်သည်။

"သမီး. . . ဆွိတီလား"

ဖုန်းထဲမှ သူဌေးကြီး ဦးခန့်ထည်၏အသံကို ကြားလိုက်ရသည်။

"မဟုတ်ဘူးရှင့်. . . နှင်းဖြူပါ၊ မမလေးက ခုလေးတင် ဆေးသောက်ပြီး အိပ်သွားပါပြီ"

"ဩော်, သူ့ကို ဒီမနက် ဘာကျွေးထားလဲ နှင်းဖြူ"

"ကြက်စွပ်ပြုတ် တိုက်ထားပါတယ်"

"အေး. . . ကောင်းတယ်၊ ဆရာဝန်ပြောတဲ့အတိုင်းပဲ ကျွေးနော်၊ သူစားချင်တာတွေ လျှောက်လုပ်မပေးနဲ့။ ဒီတစ်ခါ သမီးတစ်ခုခု ထပ်ဖြစ်ရင် ညည်းရော ဒေါ်မြိုင်ရော မလွယ်ဘူး"

"ဟုတ်ကဲ့ရှင့်"

ကြောက်ရွံ့နေပုံရသော နှင်းဖြူမျက်နှာကိုကြည့်ပြီး ဆွိတီ ပြုံးလိုက်မိသည်။

"ဗိုက်ဆာနေပြီနော်"

"ရှူး. . ."

ဆွိတီ အသံပြဲကြီးနှင့် ထအော်လိုက်တော့ နှင်းဖြူက နှုတ်ခမ်း





နားမှာ လက်ညှိုးလေး ကပ်ရင်း ဖုန်းကို အလျှင်အမြန်ပိတ်ကာ. . .

"ဘာလို့အော်ရတာလဲ ဆွိတီရယ်. . . ဆရာကြီး ကြားသွားရင် နှင်းဖြူ့ညာတာ သိသွားမှာပေါ့"

ဟု အသံတုန်တုန်လေးနှင့် ပြောလိုက်ပါသည်။ ကြောက်လန့်တကြားပုံစံနှင့် မျက်လုံးလေး ဝိုင်းနေသောနှင်းဖြူကိုကြည့်ပြီး ဆွိတီ ရယ်လိုက်မိသည်။

"သိပါစေပေါ့၊ ဘာကို ကြောက်နေတာလဲ"

"အဆူခံရမှာ ကြောက်လို့မဟုတ်ဘူး၊ အလုပ်ထုတ်ခံရမှာစိုးလို့ ဆွိတီရဲ့၊ သိပြီလား"

"သိပါဘူး"

"ဆွိတီနော်"

"နှင်းဖြူနော်"

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မောလိုက်မိ၏။

ဘယ်အချိန်ကြည့်ကြည့် မာန်မာနမရှိဘဲ ကလေးလေးလို ချစ်စဖွယ်ဖြစ်နေသော ဆွိတီကို နှင်းဖြူ သံယောဇဉ်တွယ်၊ အနွံတာခံမိတာ ဘာမှမဆန်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်နှင့်အိမ်ဖော်ဆိုသည့် အလွှာပါးပါးလေးတစ်ချပ်သာ မရှိ ရင် ထို့ထက်ပင် ပိုပျော်ရဦးမည်။

ခုတော့လည်း . . .



## အခန်း (၁၂)

ဘယ်လောက်ပဲ ရှိသားပါတယ်ပြောပြော ကိုယ့်ကို သူများအထင်ကြီးပြီး လေးစားတာကို ခံချင်တဲ့ ဖြိုးရဲ့အကျင့်ကတော့ တစ်စက်လေးမှ ပျောက်မသွားချေ။

အခွင့်သင့်ရင် သင့်သလို ခေါင်းပြူလာစမြဲဖြစ်ပါသည်။ ယခုလည်း ရဲသီဟ လက်ဆောင်ဝယ်ပေးထားသော ကဒ်ဖုန်းကိုကိုင်ပြီး သူ့ပုံစံက မြောက်ကြွကြွဖြစ်နေသည်။

"ဒီဖုန်းနဲ့ ငါ လျှောက်ဆက်ပြီးပြီကွ။ ရွာကဘုန်းဘုန်းကျောင်းမှာတောင် CDMA ဖုန်း ဝယ်ထားတယ်ဆိုလို့ လှမ်းဆက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုတော့ ဘယ်သူကမှ မဆက်သေးဘူး"

သူ့စကားကြောင့် ရဲထိုက်နှင့်မင်းမင်းက မျက်စောင်းတွေထိုးပြီး ပွစိပွစိရေရွတ်ကျိန်ဆဲကြသည်။

"ငါ ဒီနေ့ ကောင်မလေးနဲ့ သွားတွေ့မှာ၊ ငါ သူ့ရှေ့ရောက်နေလောက်ပြီဆိုရင် ဒီဖုန်းကို လှမ်းဆက်လိုက်။ သဘောပေါက်လား၊ ငါက သူ့ရှေ့မှာ ဖုန်းထမြည်ပြီး နားထောင်ရတဲ့ဗီးလ်မျိုး လိုချင်တာ"

ထိုကဲ့သို့မှာပြီး ပြန်လာရင် လက်ဖက်ရည်တိုက်မယ်ဟု ရဲထိုက်နှင့် မင်းမင်းကို အပြတ်စည်းရုံးခဲ့တာမို့ နှင်းဖြူရှေ့ရောက်တော့ သူ့မှာ ဘောင်းဘီအိတ်ထဲမှဖုန်းကို တစမ်းစမ်းဖြစ်နေပြီး စကားပြောရတာ စိတ်မဖြောင့်ချေ။

"ဖြိုး ဘာဖြစ်နေတာလဲ"

"ဟို. . . ဘာမှမဖြစ်ပါဘူး၊ ပုရွက်ဆိတ်များ ကိုက်သလားလို့"

"ထင်တော့ထင်သားပဲ၊ ဖြိုးပုံစံက ရှုစိရှုစိနဲ့"

စကားအဆုံး သူမက ခစ်ခနဲရယ်သည်။

"ကိုယ်, နှင်းဖြူကို ပြောစရာရှိတယ်။ ဟိုနေ့ကတည်းက ပြောမလို့. . . မပြောလိုက်မိတာ။ အခုပြောမယ်နော်"

"အမယ်လေး. . . ကြားရတာ နားရှုပ်လိုက်တာ၊ ပြောစရာရှိ





တာ ပြောပါလား။ ဘာလို့ ဒီလောက်ဝေ့လည်ကြောင်ပတ် လုပ်နေတာလဲ"

သူမက ကလေးအင်္ကျီလို အိတ်ကပ်တွေ ကြိုးတွေ ရှုပ်ယှက်ခတ် ပါနေသော ဂါဝန်လေးကို ဟိုဆွဲဒီဆွဲလုပ်ရင်း စိတ်မရှည်သလို ပြန်ပြောသည်။

နှင်းဖြူကိုကြည့်ပြီး ဖြိုး အသည်းယားသွားသည်။ ပန်းနုရောင်သမ်းသော သူမရဲ့အသားဝင်းဝင်းလေးက ပန်းသီးလေးတစ်လုံးလို ဝင်းမွတ်နေသည်။

အဆစ်မပေါ်သော လက်ဖောင်းဖောင်းအိအိလေးတွေဆို မွေးညင်းစိမ်းစိမ်းကလေးတွေပင် ထင်းနေတာမို့ တော်ရုံစိတ်နဲ့ဆို ဖြိုး ဖက်နမ်းမိတော့မှာ သေချာသည်။

ခုတော့. . .

အခွင့်အရေးသမားလို့ အပြောမခံနိုင်တာတွေ၊ အထင်သေးတဲ့ အကြည့်တွေနဲ့ အကြည့်မခံနိုင်တာတွေကြောင့် သက်ပြင်းကိုသာ ခိုးခိုးရှိုက်နေရသည်။

သူမကတော့ ဘာမှမသိနားမလည်သည့်အလား ဖြိုးလက်မောင်းကို သူ့ပခုံးနဲ့ တွန်းတိုက်ရင်း အင်္ကျီအိတ်ထဲ လက်နှိုက်ကာ ခပ်လွှင်



www.burmeseclassic.com

www.burmeseclassic.com



လွှင်ပုံစံနဲ့ ဘေးနားမှာ ကပ်ပါလာလေသည်။

ထို့နောက် ခြေထောက်တွေဆီ ငုံ့ကြည့်ကာ ဖြိုး, လှမ်းသည့် အတိုင်း ဘယ်ညာတူအောင် လိုက်လှမ်းရင်း. . .

"ဟယ်!. . . ကြည့်စမ်း။ ခုမှသိတော့တယ်။ ဖြိုးခြေထောက်တွေ က အရမ်းလှတာပဲ"

ဟုဆိုကာ ဖျတ်ခနဲ ထိုင်ချလိုက်တာမို့ သူကလည်း ကယောင် ကတမ်းနှင့် ခြေလှမ်းတုံ့သွားရ၏။ သူမက ကတ္တီပါဖိနပ် စီးထားသော ဖြိုးခြေဖမိုးပေါ်မှ အမွေးလေးတွေကို လက်ညှိုးနှင့် တို့ထိကြည့်နေတာ မို့ ဖြိုး မနေတတ်စွာ ခြေထောက်ကို နောက်သို့ဆုတ်လိုက်မိ၏။

သူမက လမ်းလယ်ခေါင်မှာ ငုတ်တုတ်ထိုင်ရင်း ဖြိုးကို မော့ ကြည့်သည်။

"ထကွာ. . . လမ်းမှာ လူမြင်မကောင်းဘူး"

"ဘာဖြစ်လဲ၊ ခြေထောက်ကို ကြည့်တာပဲ၊ လူမြင်မကောင်းစရာ ဘာရှိလဲ. . . ခဏပြစမ်းပါ"

"ဟာ. . . မဟုတ်တာ နှင်းဖြူရယ်၊ လာပါ, လမ်းဆက်လျှောက် ရအောင်။ ဟိုရှေ့နားမှာ မုန့်သည်ရှိတယ်"

ဖြိုးက သူမ စိတ်ပါအောင် အစားအသောက်နဲ့ ဆွယ်ရတော့





သည်။ ဒါတောင် သူမက မကျေနပ်။

ပေကပ်ကပ်ပုံစံနှင့် မျက်စောင်းရွယ်ရင်း မထချင် ထချင် ထ လျှောက်သည်။

"အလကား ညာနေတာ၊ ဟိုရှေ့မှာ ဘာမုန့်သည်မှ မရှိဘူး"

"ရှိတယ်. . . ဟိုနေ့က ကိုယ်တွေ့လိုက်တယ်"

"ဒီနေ့ မလာရင်ရော"

"လာမှာပါ"

သူမက ခါးထောက်ရင်း ဟိုးခပ်ဝေးဝေးကို လှမ်းမျှော်ကြည့် သည်။

"သြော်. . . ဟိုဟာမှတ်လား"

လမ်းဘေးမှာ မီးဖိုလေးနှင့် အခွက်သေးသေးလေးတွေ အများ ကြီးပါသော ဒယ်အိုးပြားထဲ မုန့်ကလေးတွေ ထည့်ကြော်နေသော ဈေး သည်ကို မြင်တော့မှ သူမမျက်နှာက ပြုံးသွားသည်။

ကြွကြွဖန်ဖန်ပါပဲ။

ကလေးလည်းမဟုတ်ဘဲ မုန့်ကျွေးပြီး ချော့ရသည်။ စားစကား ပြောရ မည့် ဖြိုးအဖြစ်က နည်းနည်းတော့ မျက်နှာပူစရာကောင်းလှသည်။

"ဒီမုန့်ကို နှင်းဖြူ အရမ်းကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"စားဖူးတယ်ပေါ့"

"ဟင့်အင်း"

ဘယ်လိုပါလိမ့်၊ မုန့်အုပ်ကလေးတောင် မစားဖူးတဲ့ ကောင်မလေးပါလားလို့ ဖြိုး တွေးလိုက်မိသည်။

"မစားဖူးဘဲနဲ့ ဘယ်လိုကြိုက်တာလဲ"

"အခု မြင်ဖူးပြီး ကြိုက်သွားတာလေ"

သူမက မုန့်တစ်ခုကို ယူစားရင်း ပြောလိုက်တာကြောင့် ဖြိုး ပြုံးမိသွားသည်။

"ဒီမုန့်ကို နောက်တစ်မျိုး ခေါ်သေးတယ်, သိလား"

"ဟုတ်လား. . . ဘာတဲ့လဲဟင်"

"မုန့်လင်မယားတဲ့"

"ဟင်! "

သူမက ပါးစပ်ထဲ ထည့်လုဆဲဆဲမုန့်ကိုကိုင်ရင်း သူ့ဘက် လှည့်ကြည့်သည်။

"ဟုတ်လို့လား. . . ဖြိုး ပေါက်ကရပြောနေတာမှတ်လား"

"ဩော်, ဟုတ်ပါတယ်ဆို၊ တကယ်ပြောတာ"

ဘာမှန်းလည်းမသိဘဲ သူ့မျက်နှာလေးက နီရွှေးရွှေးလေး ဖြစ်





သွားသည်။

"ကိုယ်, နှင်းဖြူကို ချစ်တယ်"

သူ့စကားကြောင့် သူမမျက်နှာက တအံ့တသြရှက်သွားတာမျိုး မရှိပါ။ မပြုံးမရယ်မျက်နှာနှင့် ခပ်ပေပေ ပြန်ကြည့်ပြီး. . .

"သိသားပဲ"

ဟု ခပ်တိုးတိုးပြောလေသည်။

"ဒါဆို ကိုယ့်ကို. . ."

ရုတ်တရက် ခပ်လွင်လွင်မြည်လာသော Ring Tone သံလေးကြောင့် ဖြိုး အာရုံပျက်လှစွာ ဖောင်းဘီအိတ်ထဲသို့ နှိုက်လိုက်သည်။ တစ်ခုခုတော့ မှားပြီ။

သူ့ဖုန်းက ပကတိ တိတ်ဆိတ်လျက်။

Ring Tone သံလေးကတော့ စူးစူးလွင်လွင် ပေါ်ထွက်နေမြဲ။ နှင်းဖြူမျက်နှာက ခုနကလိုမဟုတ်ဘဲ ကွက်ခနဲပျက်သွားကာ မျက်မှောင်ကြုတ်လျက် သူမဂါဝန်အိတ်တွေထဲ လျှောက်နှိုက်ကြည့်လေသည်။

ဖြိုး အံ့သြ မှင်တက်စွာ ဘာပြောရမှန်းမသိဖြစ်နေစဉ် သူမက ဂါဝန်အကျီအိတ်ထဲမှ ဖုန်းလေးကို ဆွဲထုတ်ပြီးသားဖြစ်နေ၏။

"ဒါ. . . ဒါ. . . ဟိုဟာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ထစ်ငေါ့တုန်ယင်စွာ ရေရွတ်ရင်း ဖုန်းကိုတစ်ချက်ကြည့်ကာ ချက်ချင်းပိတ်ပစ်လိုက်၏။

ထို့နောက် ဖြိုးရဲ့ ညိုမှောင် ပျက်ယွင်းနေသောမျက်နှာကို စိုးရိမ်နေဟန်နှင့် မော့ကြည့်ပြီး. . .

"ဒါ နှင်းဖြူဟာ မဟုတ်ပါဘူး ဖြိုးရယ်။ ဟို မ. . . မမလေးက အရေးအကြောင်းရှိရင် ခေါ်လို့ရအောင် ခဏပေးထားတာပါ။ အခုလည်း နိုင်းစရာရှိလို့ ခေါ်တာဖြစ်မယ်။ နှင်းဖြူ. . . နှင်းဖြူ သွားတော့မယ်နော်"

သူ နှင်းဖြူလက်ကလေးတစ်ဖက်ကို ရုတ်တရက်ဆွဲထားလိုက်မိ၏။ သူမက ဖြိုးမျက်ဝန်းတွေကို မဝံ့မရဲ မျက်လွှာပင့်ကြည့်သည်။

"နှင်းဖြူ"

တုန်ခိုက် အက်ရှနေသော ဖြိုးခေါ်သံအဆုံး သူမနှုတ်ခမ်းလေးက ဆတ်ခနဲလှုပ်သွား၏။

"ပြော. . . ပြောလေ ဖြိုး"

"နှင်းဖြူ. . . ကိုယ့်ကို မလှည့်စားပါနဲ့နော်"

ဖြိုးစကားအဆုံး သူမက အတန်ကြာ ငြိမ်သက် တွေဝေနေပြီးမှ ခေါင်းကို ခပ်လေးလေးညိတ်ပြသည်။





အေးစက်ပြီး မသိမသာတုန်နေသော သူမလက်ကလေးကို ဖြိုးဖြေလျှော့ လွှတ်ပေးလိုက်သည်။

သူမက တုံ့ဆိုင်းဆိုင်းခြေလှမ်းတွေနှင့် သူ့ရှေ့မှ တရွေ့ရွေ့ထွက်ခွာသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အချစ်ဆိုတာ ဘာလဲဟင်၊ နှင်းဖြူ သိလား"

ဆွိုတီ အမေးစကားကြောင့် အဝတ်ခေါက်နေတဲ့ နှင်းဖြူလက်ကလေးတွေ တွန့်ခနဲဖြစ်သွားရသည်။

ဆွိုတီမျက်နှာကို လှမ်းကြည့်တော့ ကစားနည်းအသစ်အဆန်းတစ်ခုကို ရထားတဲ့ကလေးတစ်ယောက်ရဲ့မျက်နှာမျိုး ဖြစ်နေသည်ကို တွေ့ရ၏။

"အထူးအဆန်းပါလား. . . ဆွိုတီကရော အချစ်ဆိုတာ ဘာလဲ သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဆွိုတီက ခစ်ခနဲရယ်ရင်း အိပ်ရာပေါ်မှ မွေးပွခွေးရုပ်ကြီးကို ဆွဲယူပွေ့ဖက်လိုက်ကာ. . .

"ထွန်းအိန္ဒြာဗိုကတော့ အချစ်ဆိုတာ အံ့ဩမှုများနဲ့ ဆန်းကြယ်သောအရာတဲ့။ စိုင်းထီးဆိုင်ကျတော့ အချစ်ဆိုတာ လျှို့ဝှက်ချက်တစ်ခုပါတဲ့။ ဘာပဲဖြစ်ဖြစ်. . . အချစ်က စိတ်ဝင်စားဖို့ကောင်းမှာပါ။ စိုင်းစိုင်းကတော့ အချစ်ဆိုတာ တခွေလိုပဲ ကံနိမ့်မှ မြင်ရတာတဲ့။ ကြောက်စရာတော့ ကောင်းသား။ သရဲကား ကြည့်သလိုပေါ့။ မမြင်ရဘဲလည်း မနေနိုင်ဘူး။ မြင်ရမှာလည်း ကြောက်နေတယ်၊ ကြောက်ကြည့်ချင်ဆိုတာမျိုးလေ"

ဟုပြောလိုက်တာမို့ နှင်းဖြူက သူမမျက်နှာကို တအံ့တဩငေးကြည့်နေလေသည်။ ဘယ်တုန်းကမှ ဒီအကြောင်းတွေ မေးမြန်းပြောဆိုခဲ့တာမျိုး မရှိတာမို့ နှင်းဖြူ သူမကို မယုံကြည်နိုင်လောက်အောင် ဖြစ်မိ၏။

"နှင်းဖြူကတော့ အချစ်ဆိုတာ တော်တော်ရှုပ်တဲ့ကိစ္စလို့ပဲ ထင်တယ်။ တစ်ခါမှမတွေးမိပါဘူး ဆွိုတီရယ်. . . နှင်းဖြူဘဝနဲ့ အချစ်က အလှမ်းဝေးပါတယ်"

"ကျွတ်!. . . ဘာဆိုင်လဲ နှင်းဖြူရဲ့၊ နှလုံးသားရှိရင် ဘယ်သူမဆို ချစ်တတ်တယ်။ လူတိုင်းမှာ မရှိမဖြစ်က အချစ်ဆိုတာ ဆွိုတီ ယုံတယ်၊ လက်ခံချင်တယ်၊ အဲ့အတွက် နှင်းဖြူရော ဘယ်လိုသဘောရသလဲဟင်"

"နှင်းဖြူ အဲလောက် ရှုပ်ရှုပ်ထွေးထွေး တစ်ခါမှ အရေးတယူ မစဉ်းစားဖူးဘူး။ အချစ်က နှင်းဖြူတို့အတွက် စားဝတ်နေရေးလောက် အရေးမပါဘူးထင်တယ်။ ရှုပ်ပါတယ်. . . အဲဒါတွေ နှင်းဖြူ မသိချင်ပါဘူး ဆွိုတီရယ်"

နှင်းဖြူစကားကြောင့် ဆွိုတီ အားမလိုအားမရ ဖြစ်သွားမိ၏။

"ဒါဆို နှင်းဖြူ ဘယ်သူ့ကိုမှ မချစ်တော့ဘူးပေါ့နော်"

သူမစကားကြောင့် နှင်းဖြူ ရှက်ပြုံးဖွဖွပြုံးရင်း ခေါင်းငုံ့သွားသည်။

"အဲလိုတော့ မဟုတ်ဘူးပေါ့ ဆွိုတီရယ်။ တစ်သက်မှာ တစ်ယောက်တော့ လက်ထပ်ရမှာပေါ့။ ရင်ခုန်တာတွေ စိတ်လှုပ်ရှားတာတွေကို နှင်းဖြူ မခံစားတတ်တာ။ တစ်ယောက်နဲ့တစ်ယောက် သဘောကျလို့ နားလည်မှုရှိကြရင် ယူ. . . ဒါပဲပေါ့။ ကျန်တာတွေတော့ မသိဘူး။ လေးလေးနက်နက် စဉ်းစားရအောင်လည်း အချိန်မရှိပါဘူး"

ပြောပြောဆိုဆို နှင်းဖြူက သူမအဝတ်အစားတွေကို သေသေ







www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ခေါက်ပြီး ဗီရိုထဲ စီထည့်တန်တာ ထည့်၊ ချိတ်နဲ့ ချိတ်တန်တာ ချိတ်ပေးနေသည်။

အဲဒါတွေ ပြီးသွားတော့ ဗီနပ်စင်က ဖိနပ်တွေကို ယူတိုက်သည်။ မရှိ့ရှိတဲ့အမှုန်လေးတွေကို စနစ်တကျ ယူသုတ်ပေး၏။ ဘာမှလုပ်စရာ မရှိလျှင် မှန်ပြတင်းဘောင်က ခန်းစီးစတွေကို မ,တင်ပြီး လေဝင်လေထွက်ကောင်းအောင် တံခါးတွေဖွင့်ပြီး အမှုန်အမှိုက်တွေ လှည်းကျင်းပေးလေတော့သည်။

"ဆွိတီ, အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ်တွေ လဲမလားဟင်။ ဆွိတီကြိုက်တဲ့ မိုးပြာရောင်လေး လျှော်ထားတယ်။ ဒီပန်းနုရောင်က သိပ်အပေမခံဘူးနော်"

"အဲဒါတွေ ဆွိတီ စိတ်မဝင်စားပါဘူး။ ဆွိတီ သိချင်တာ နှင်းဖြူက ပြောမပြဘူး။ စိတ်ညစ်တယ်. . . တကယ်ပဲ"

"ဟောတော်. . . အဲဒါ စိတ်ကောက်သွားတာလား။ နှင်းဖြူ မသိတာကြီးကို ဘယ်လိုလုပ် ပြောပေးရမလဲ"

"ဒါဆို နှင်းဖြူမှာ ချစ်ရမယ့်သူ မရှိဘူးလား"

"ခုထိတော့ မရှိပါဘူး။ ရှိလည်း အဲဒါက ဆွိတီပဲ ဖြစ်လိမ့်မယ်"

"ဟင်!. . . နှင်းဖြူက ဆွိတီကိုချစ်တယ်, ဟုတ်လား"





"ဟုတ်တယ်လေ၊ အဲဒါလည်း အချစ်ပေါ့"

"ဟုတ်ပါဘူး။ ဆွိတီပြောတာ ရည်းစားလိုအချစ်"

"ဒါလည်း အချစ်ပါပဲ၊ ဆွိတီစိတ်တိုင်းကျ အရာရာဖြည့်ဆည်းပေးချင်တာ။ ဆွိတီမျက်နှာ ညှိုးသွားမှာ ကြောက်တာ၊ အဲဒါ နှင်းဖြူရဲ့အချစ်ပေါ့"

နှင်းဖြူစကားကြောင့် ဆွိတီ တစ်စုံတစ်ရာကို စဉ်းစားတွေးတောရင်း ငြိမ်သက်သွား၏။ ထို့နောက်. . .

"စိတ်တိုင်းကျ ဖြည့်ဆည်းပေးတယ်ဆိုတာ ဘာကိုပြောတာလဲဟင်"

"ဩော်. . . ဆွိတီရယ်၊ ဆွိတီ ဒါစားမယ်ဆို ဒါ, မဖြစ်မနေလုပ်ပေးတာ။ ဒါလိုချင်ရင် ဒါ,ရအောင်ဝယ်ပေးတာ။ ဘာမဆို ဆွိတီဆန္ဒရှိတာမှန်သမျှ လိုက်လျောတာ ချစ်လို့ပေါ့။ ချစ်တော့ ဆွိတီမျက်နှာလေး ညှိုးနေမှာ ကြောက်လာရော"

"ဒါဆို ကိုယ်က ချစ်ရင်ရော"

ဆွိတီမေးခွန်းကြောင့် သူမက အတန်ကြာစဉ်းစားနေ၏။

"ကိုယ်က ချစ်တော့လည်း အဲလိုပဲပေါ့. . . သူ့မျက်နှာလေးကို အမြဲတွေ့ချင်တယ်၊ သူပြောတာတွေ နားထောင်ချင်တယ်၊ သူ့ဘေးနား



www.burmeseclassic.com

www.burmeseclassic.com



မှာ နေချင်တယ်။ သူ့အကြောင်းတွေ အမြဲစဉ်းစားဖြစ်တယ်။ အဲလို ပေါ့"

"ဟယ်. . . ကြည့်စမ်း။ နှင်းဖြူပြောတော့ အချစ်ကို ဘာမှန်း မသိဘူးဆို။ ခုကျတော့လည်း ဒဿနတွေက စာတစ်အုပ်စာလောက် ရှိတယ်။ နှင်းဖြူတော့ မရိုးတော့ဘူးနော်"

"အံမယ်! မရိုးတာက သူ၊ သူပဲ အရင် စမေးပြီးတော့။ ဆွိတီ နော်, အိမ်တွင်းပုန်းမလေးက ဘာလို့ အဲဒါတွေ စိတ်ဝင်စားနေရတာ လဲ"

ဆွိတီ ဘာမှမဖြေဘဲ ပြုံးနေလိုက်မိသည်။ စိတ်ထဲမှာတော့ လူ က အိမ်တွင်းပုန်းနေပေမယ့် နှလုံးသားက ဟိုး. . . စကြဝဠာထိ ခရီး ဆန့်လို့ ရတယ်လေဟု ပြန်ပြောနေသည်။

ရုတ်တရက် ဖုန်းမြည်သံက စူးစူးရှရှထွက်လာသည်။ ဆွိတီ့ဖုန်း က မဟုတ်။ အခန်းထောင့်မှာရှိနေသော အိမ်ဖုန်းဆီမှ လာသောအသံ ဖြစ်၏။

နှင်းဖြူက ကပျာကယာ ပြေးကိုင်လိုက်လေသည်။

"ဟဲလို. . . အမိန့်ရှိပါရှင်"

ဦးခန့်ထည် ဆက်တာထင်ပြီး နှင်းဖြူက တရိုတသေပင် ထူး





လိုက်၏။ တစ်ဖက်ကအသံကတော့ မာကြော ရင့်သီးစွာ ထွက်ပေါ်လာ လေသည်။

"အခုပြောနေတာ ဘယ်သူလဲ၊ ငါ ဦးခန့်ထည်ရဲ့သမီး မေဝင့် ထည်နဲ့ စကားပြောချင်တယ်"

ဖုန်းနားထောင်ရင်း ကွက်ခနဲ မျက်နှာပျက်သွားသောနှင်းဖြူ မျက်နှာကိုကြည့်ပြီး ဘာလဲဆိုတဲ့ပုံစံနှင့် ဆွိတီ မေးဆတ်ပြလိုက်၏။

နှင်းဖြူက သူမကို လက်ကာပြပြီး. . .

"အခုဆက်နေတာ ဘယ်သူပါလဲရှင်၊ မမလေး နေမကောင်း လို့ အိပ်နေပါတယ်"

ဟု ဖြေနေဆဲ ဆွိတီက ဖုန်းခွက်ကို ဆတ်ခနဲလှမ်းယူလိုက်၏။

"ဘာကိစ္စရှိလို့လဲ မသိဘူး။ ကျွန်မ မေဝင့်ထည်ပါ"

"ဆွိတီ. . ."

စိုးရိမ်တကြီးအသံလေးနှင့် ခေါ်လိုက်သောနှင်းဖြူကို ဂရုမစိုက် နိုင်။ တစ်ဖက်မှစကားသံကိုသာ ဆွိတီ နားစွင့်ထားလိုက်၏။

"ဒါနဲ့များ အိပ်နေတယ်လေးဘာလေးနဲ့၊ ညည်းက မေဝင့်ထည် ဆိုရင် အခု ငါပြောတာတွေ သေချာနားထောင်။ ငါက မော်ဒယ်လ် သိမ့်သဇ္ဇာနိုင်ရဲ့အမေပဲ၊ ငါ့သမီးနဲ့ ဦးခန့်ထည် ဖြစ်နေတာတွေကို အင်



www.burmeseclassic.com

www.burmeseclassic.com



တာနက်ပေါ် ရောက်မသွားခင် ငါ့လက်ထဲကို သိန်းတစ်ရာ လာထည့်ပါ။ စီးပွားရေးလောကမှာ ညည်းအဖေ မျက်နှာပျက် အရှက်ကွဲခံနိုင်တယ်ဆိုရင်တော့ သဘောပဲ။ ငါတို့က လောလောဆယ် ကန့်ထုတ်ခံထားရတာ။ မထူးဇာတ် ခင်းရတော့မှာပဲ။ ကိုယ့်အပေါ် တာဝန်မဲ့လို့ ကိုယ်က ဒီလိုပြန်လုပ်တာ တရားပါတယ်။ ညည်းအဖေကိုယ်တိုင် ငါ့သမီးအတွက် တိုက်ခန်းတစ်ခန်း ဝယ်ပေးမယ်ပြောခဲ့ပြီးမှ အခု ခြောက်လပြည့်လို့ နှင်ထုတ်ခံရတယ်. . . ဘယ်လောက်ရှက်ဖို့ကောင်းသလဲ။ ညည်းကတော့ ဒါတွေ ကိုယ်ချင်းစာတတ်မှာမဟုတ်ပါဘူး။ ဒီတော့ ရှည်ရှည်ဝေးဝေးတွေ မပြောချင်ဘူး။ တစ်ပတ်အတွင်း သိန်းတစ်ရာ လာပေး. . . ဒီလိုမှမဟုတ်ရင် ညည်းတို့မိသားစု အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ပြမယ်။ မှုယာသိမ့် ဘာကောင်မလဲ သိချင်ရင်တော့ စမ်းကြည့်လိုက်ပေါ့အေ။ အခုဆက်တဲ့ဖုန်းနံပါတ်ကို မှတ်ထား။ ညည်းဆီက ကောင်းသတင်းပဲ ကြားချင်တယ်။ ကိုယ့်အပေါ် သိတတ်ရင်တော့ ငါတို့ဘက်က မရိုင်းပါဘူး. . . ဒါပဲ''

တစ်ဖက်က ပြောချင်တာတွေပြောပြီး ဖုန်းချသွားပေမယ့် ဆွိတီကြောင်အမ်းအမ်းနှင့် မင်တက် ဆွံ့အစွာ ဖုန်းခွက်ကို ကိုင်ထားဆဲ။ တတူတူမြည်သံနှင့်အပြိုင် ခုနစကားသံတွေက နားထဲမှာ မိုးခြိမ်းသံ





တမျှ ကျယ်လောင်နေခဲ့၏။

''စကားပြောတာ သိပ်ရိုင်းတာပဲ၊ ဆွိတီကို ဘာတွေပြောသွားလဲဟင်။ ဆွိတီကရော ဘာမှပြန်မပြောလိုက်ဘူးလား''

နှင်းဖြူစကားကြောင့် လွင့်ချင်ရာ လွင့်နေတဲ့ ဆွိတီစိတ်တွေ လက်ရှိအခြေအနေဆီ ပြန်ရောက်လာကြသည်။ ရုတ်တရက် ဝမ်းနည်းဆို့နင့်လာမှုကြောင့် ဘာမှပြန်မပြောနိုင်ဘဲ လက်ထဲကဖုန်းကို ရောက်ချင်ရာရောက် လွှတ်ချပြီး နှင်းဖြူရဲ့ပခုံးစွန်းမှာ ခေါင်းမှီပြီး ရှိုက်ငိုလိုက်မိသည်။ နှင်းဖြူက အလိုက်သိ နားလည်စွာ ဘာမှမမေးဘဲ သူမပခုံးလေးကို အသာအယာပုတ်ကာ နှစ်သိမ့်ပေး၏။

ရင်နှင့်မဆံ့အောင် ဆို့ကျပ် နင့်သိပ်နေပေမယ့် ရင်ဖွင့်ပြစရာ စကားလုံးတို့ ရှာမရ။

ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲဆိုသည့် မေးခွန်းတွေသာ ရင်မှာ ထပ်ခါထပ်ခါပေါ်လာ၏။ တကယ်တော့ သူမ ဘာလုပ်ရမှန်းကိုလည်း မဝေခွဲနိုင်ချေ။

မငိုတတ်ခဲ့ရင်လည်း အကောင်းသားပဲကွယ်။

ခုတော့. . .။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဝပ်ရှော့တွင် အလွန်အလုပ်ရှုပ်နေသောအချိန်၌ ဖြိုးရဲ့ဖုန်းသံက ထမြည်လာတာမို့ တခြားအသံဗလံတွေကြောင့် အားလုံးမကြားရသော်လည်း ပေါက်နေသောဘီးကို ဖြုတ်လဲနေသည့် မင်းမင်းကတော့ ကောင်းစွာကြားရပြီး လှည့်ကြည့်လေသည်။

"ဖြိုး. . . မင်း့ဖုန်း"

"အေး. . . သိတယ်"

ဖြိုး စက်ဆီတွေ ပေနေသောလက်ကို ဘောင်းဘီနှင့် အလွယ်ပွတ်သုတ်လိုက်ပြီး ကျောပိုးအိတ်ထဲက ဖုန်းကလေးကို ပြေးဖွင့် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်လိုက်သည်။

"ဟဲလို. . . ဖြိုးလား"

သူ ဘယ်လိုမှ ထင်မှတ်မထားသော နှင်းဖြူထံမှဖုန်းမို့ ဖြိုး အရမ်းပျော်သွားမိ၏။

"ဟုတ်တယ် နှင်းဖြူ ကိုယ်. . . ဖြိုးပါ"

"ခု ဘာလုပ်နေလဲဟင်"

"ဩော်, ထုံးစံအတိုင်း အလုပ်ထဲ ဟိုကြည့်ပေး ဒီကြည့်ပေး ပေါ့"

ကားမိုက်အောက်ဝင်ပြီး အင်ဂျင်ကို ပေပေတေတေ ဝင်ကိုင်နေတာကို ဟိုကြည့်ဒီကြည့်ရုံပါဟုပြောသော ဖြိုးစကားကြောင့် မင်းမင်းက နှာခေါင်းရှုံ့ရင်း ခေါင်းကို ခပ်လေးလေးရမ်းနေသည်။

"အခု နှင်းဖြူ ဘယ်ကဆက်နေတာလဲဟင်"

"အိမ်က ဆက်နေတာ. . . ဖြိုးကိုတွေ့ချင်လို့။ အခုထွက်ခဲ့လို့ ရမလားဟင်"

"ဟို. . . အဲဒါက. . . အဲဒါကလေ"

ခေါင်းကုတ်နေသောဖြိုးကိုကြည့်ရင်း မင်းမင်းက ဘာလဲဆိုသော ပုံစံနှင့် မေးဆတ်ပြ၏။ သူက ဖုန်းကို လက်နှင့်အုပ်ရင်း. . .





"အခုတွေ့ချင်လို့တဲ့"

ဟု လေသံခပ်တိုးတိုးနှင့်ပြောလိုက်တော့ မင်းမင်းက သွားလိုက် ဆိုတဲ့ပုံစံနှင့် လက်ပြသည်။

"နှင်းဖြူ, ကိုယ် နာရီဝက်လောက်နေရင် လာခဲ့မယ်လေ။ အခု ကိုယ့်တပည့်လေးတစ်ယောက်ကို အလုပ်လွှဲခဲ့ရမှာ"

"ဒါပဲနော်. . . နှင်းဖြူ စောင့်နေမှာ"

"ကောင်းပါပြီဗျာ"

သူ ပြုံးရင်း ဖုန်းကိုပိတ်နေဆဲ မင်းမင်းက ခြေထောက်ကို လှမ်းကန်သည်။

"ခွေးကောင်. . . ငါက စေတနာနဲ့လည်း ကူညီရဦးမယ်။ လူကိုများ သူ့တပည့်လေးဘာလေးနဲ့။ မလုပ်ပေးဘဲ နေလိုက်မှာ၊ ဘာမှတ်နေသလဲ"

"ဟဲဟဲ. . . သူငယ်ချင်းကလည်းကွာ၊ ငါက ဒီမှာ ကြီးကြပ်သူ လိုလို ဘာလိုလို ပြောထားတော့ နှင်းဖြူ ယုံအောင် ရှီးရတာပေါ့။ မင်းကို တမင်နှိမ်တာမဟုတ်ပါဘူး။ သိတယ်မှတ်လား, ဖိန့်. . . ဖိန့်တာလေ"

"အေး. . . ကြည့်လုပ်၊ အဲလိုမဟုတ်မဟတ်တွေ လျှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာ တစ်နေ့ မင်း ကောင်းကောင်းခံစားရမယ်၊ သိလား''

''သတိပေးတဲ့အတွက်ရော ငါ့အလုပ်တွေ လက်စသပ်ပေးမယ့်အတွက်ရော နှစ်ခုပေါင်း ကျေးဇူးတင်တဲ့အနေနဲ့ မနက်ဖြန် လက်ဖက်ရည်တိုက်ပါ့မယ်ကွာ၊ နော်. . . ခုတော့ ရေမိုးချိုးပြီး သွားရှိုင်းပါရစေဦး။ နှင်းဖြူက ငါ့ကို အဖြေပေးတော့မလားမသိဘူး။ မျှော်နေလောက်ပြီ''

ပြောပြောဆိုဆို ဝပ်ရှော့ရုံရဲ့ အနောက်ဘက်မှာရှိတဲ့ ရေချိုးခန်းဆီသို့ ထွက်လာခဲ့လိုက်၏။

သူ့ခမျာ ဘယ်သူမှမသိအောင် နိုးတက်ထွက်လာရမှာဆိုတဲ့အတွေးကြောင့် အရင်လို ရေကို ဖိမ်ဆွဲမချိုးဖြစ်ဘဲ ကမန်းကတန်း အပြေးအလွှားချိုးရ၏။

''မင်းမင်း၊ ငါစိတ်ချမယ်နော်။ ဟို ကာပရိုက်တာလဲမယ့်ကားက. . .''

''သွားမှာသွားစမ်းပါကွာ. . . ဘာမှစိတ်မပူနဲ့။ ပြန်လာရင် မင်းအလုပ်ပြုတ်ရုံအပြင် ပိုမရှိဘူး''

ဖြိုး စိတ်ကျေနပ်လောက်ဖွယ်စကားနှင့်အတူ မင်းမင်းက သူ့နောက်ကျောကို အတင်းတွန်းလွှတ်သည်။





ဘာပဲပြောပြော ဖြိုးက သူငယ်ချင်းရ ကံကောင်းပါသည်။ ရဲသီဟလည်း ရဲသီဟမို့။ ဝပ်ရှော့က သူငယ်ချင်းတွေကလည်း သူတို့တတ်နိုင်သလောက်တော့ ဖြိုးကိုကူညီကြသည်။

မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ အတိတ်ဆုတောင်းကြောင့်လားမသိ၊ အလုပ်ရှင် ဦးမင်းနိုင်ကလွဲပြီး သူ့ကို အားလုံးချစ်ခင်ကြင်နာကြသည်။

အလုပ်အပေါ် မလေးစားသောဖြိုးကို ဦးမင်းနိုင် မကြည်ဖြူတာလည်း ဘာမှမဆန်းချေ။

ဘာဘုန်းကြီးမျက်နှာကြောင့်သာမဟုတ်လျှင် ဖြိုး ဒီကလွင့်တာကြာပြီထင့်။

''ဖြိုး. . . ဖြိုး။ နှင်းဖြူက ဒီမှာ''

ခပ်မြင့်မြင့်နေရာဆီက ခေါ်သံကြောင့် ဖြိုး အတွေးလွန်နေရာမှ သတိဝင်ပြီး မော့ကြည့်တော့ မယ်မင်းကြီးမက မာလကာကိုင်းကိုခိုရင်း တာဖံလိုလိုဘာလိုလိုနှင့် ခြံစည်းရိုးကို ခြေထောက်နှင့်ထိန်းကန်ပြီး လွှားခနဲဆင်းလာတာမို့ ဖြိုး အသည်းထဲ အေးခနဲဖြစ်သွားရလေသည်။

''ဒုက္ခပါပဲကွာ. . . မတော်တဆပြုတ်ကျရင် ကျိုးပဲ့ကုန်ပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ ထွက်လာရတာလည်း အန္တရာယ်ကြီးလိုက်တာ''

''အံမယ်. . . ဒါ ဘာဟုတ်သေးလို့လဲ၊ အိမ်ထဲက ထွက်ရင် ဒီ့ထက်ခက်သေးကာယ်။ နောက်ဖေး အမှိုက်ပစ်တဲ့လှေကားကနေ ကွေ့ပတ်ဆင်းပြီး ခြံစည်းရိုးကိုအရောက် ဘယ်သူမှမမြင်အောင် အသားကုန်ပြေးရတာ။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲဆိုပြီး မျက်စိစုံမှိတ် သုတ်တာပဲ''

''ဖြစ်ရလေ နှင်းဖြူရယ်၊ နှင်းဖြူအဖြစ်ကလည်း မထိတ်သာမလန့်သာ ရှိလိုက်တာ။ ဒါနဲ့ ကိုယ့်ကို ချက်ချင်းတွေ့ချင်တာကရော ဘာကိစ္စလဲ။ ကိုယ်ထင်တာ မမှားဘူးဆိုရင် ဒီနေ့ နှင်းဖြူဆီက ကိုယ်သတင်းကောင်းကြားရတော့မယ်ထင်တယ်''

ဖြိုးစကားကြောင့် နှင်းဖြူမျက်နှာလေးက ရှက်သွေးတို့နှင့် နီစွေးသွားကာ နှုတ်ခမ်းမဖွင့်ဘဲ ပြုံးရုံလေး ပြုံးနေလေသည်။

ရှက်စနိုးဖြစ်နေတဲ့ အဲဒီပုံစံလေးကိုပဲ ဖြိုးအသည်းထဲမှာ တစိမ့်စိမ့် မက်မောမြတ်နိုးသွားခဲ့မိ၏။

''သတင်းကောင်းဆိုတာ ဘာလဲဟင်''

''မသိချင်ယောင်ဆောင်ပြန်ပြီ။ နှင်းဖြူ့ ကိုယ့်ကိုအဖြေမပေးသေးဘူးလားဟင်''





''အဖြေ!. . . ဘာအဖြေလဲ၊ ဖြိုးက နှင်းဖြူကို ဘာမေးထားလို့လဲ''

''နှင်းဖြူ့ ကိုယ့်ကိုချစ်လားဆိုတဲ့မေးခွန်းကို မဖြေရသေးဘူးလေ။ ကိုယ်ချစ်နေတာကျတော့ နှင်းဖြူ သိတယ်၊ ကိုယ်က နှင်းဖြူ့အချစ်ကို မသိရသေးဘူးလေ။ ပြောရင်းနဲ့ ရှက်လာပြီ. . . မြန်မြန်ဖြေလိုက်ပါတော့ကွာ''

ဖြိုးစကားအဆုံး သူမက သဘောကျဟန်နှင့် ခစ်ခနဲရယ်၏။

မင်းကတော့ ရယ်နိုင်မှာပေါ့။ လက်တလော ကိုယ့်အချစ်တွေကို တစ်ဖက်သတ် အပိုင်စားယူထားတဲ့သူလေ။

''နှင်းဖြူ မဖြေချင်ဘူး''

မပြောဘူးဆိုလေ, ပိုသိချင်လေဖြစ်လာသော ဖြိုးက ရုတ်တရက် သူမလက်ဖဝါးလေးကို အမိအရလှမ်းဆွဲကာ. . .

''ဖြေချင်လာအောင် လုပ်ပေးမယ်''

''အို. . . ဖြိုးနော်''

သူမက မျက်စောင်းရွယ်ရင်း ဖြိုးကို စောင်းပေပေ ပြန်ကြည့်လျှင် ဖြိုး မချိုမချဉ်ပြုံးရင်း မျက်စိတစ်ဖက် မှိတ်ပြလိုက်မိ၏။

''ဘယ်လိုဖြစ်နေတာလဲ၊ တော်တော်ပျော်နေလား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဒီနေ့ ကောင်မလေးတစ်ယောက်က ကိုယ့်ကိုချစ်တယ်လို့ ပြောမယ်ဆိုလို့၊ အဲလိုသာ ကြားရရင် အနီးဆုံးမှာရှိတဲ့ တစ်ယောက်ယောက်ကို မုန့်ဝယ်ကျွေးမယ်လို့လည်း ဆုံးဖြတ်ထားပြီးသား၊ ဘယ်လိုလဲ၊ မကောင်းဘူးလား"

သူမက တစ်ဖက်လှည့်ပြီး ပြုံးနေသည်။ ဒီဘက် ပြန်လှည့်လာတော့ တမင်ခပ်တည်တည်ဖြစ်အောင် လုပ်ထားတဲ့မျက်နှာပေးမျိုးနှင့် ချောင်းတစ်ချက်ဟန့်ရင်း. . .

"အပိုင်ပဲနော်၊ သူ့ဆီက မုန့်စားရဖို့ ချစ်တယ်လို့ပြောရမလိုဖြစ်နေပြီ"

ဟု လက်ပိုက်ရင်း တီးတိုးရေရွတ်နေလေသည်။

"တကယ်တော့ ဟန်ဆောင်တယ်ဆိုတာ မကောင်းပါဘူးကွာ။ ချစ်ရင် ချစ်တယ်ပေါ့။ မဟုတ်ဘူးလား. . ."

"ဟုတ်တာပေါ့၊ အဲ. . . မဟုတ်ပါဘူး၊ ဟာကွာ. . . ဖြိုးကလည်း ဘာမှန်းမသိဘူး"

သူမက ဖြိုးစကားကို ကယောင်ကတမ်း ထောက်ခံပြီးမှ ရှက်စနိုးပုံလေးနှင့် ငြင်းဆန်ရင်း ဖြိုးလက်ထဲမှ သူမလက်ကို အတင်းရုန်းလေသည်။





နှင်းဖြူရဲ့လက်ဖျားလေးတွေက အေးစက်နေတာမို့ သူမ အလွန်အမင်းစိတ်လှုပ်ရှားနေမှန်း ဖြိုး ရိပ်မိလိုက်သည်။

"နှင်းဖြူ၊ ကိုယ့်ကို တစ်ခုခုပြောပါတော့ကွာ"

"ဒါဖြင့် လက်ကိုလွှတ်"

"လွှတ်ရင် မင်း ထွက်ပြေးသွားမှာပေါ့"

"မပြေးပါဘူး. . . ဖြိုးကိုပေးစရာရှိတယ်။ အဲဒါ နှင်းဖြူရဲ့အဖြေပဲ"

"ကတိနော်"

"ကတိပေးတယ်"

ဖြိုး လက်လွှတ်ပေးလိုက်တော့ သူမက လက်နှစ်ဖက်ကို နောက်ပစ်ပြီး ချက်ချင်း ရှေ့ကိုထုတ်လိုက်ရာ သူမလက်ထဲမှာ ဓာတ်ပုံလေးတစ်ပုံ မျက်လှည့်ပြသလို ပါလာလေတော့၏။

"ရော့. . . ဒါ ဖြိုးအတွက် အဖြေ"

သူမ ထိုးပေးထားသောဓာတ်ပုံကို ကြည့်လိုက်တော့ ငါးနှစ်အရွယ် ကလေးမလေးတစ်ယောက်ရဲ့ ဟက်ဟက်ပက်ပက် ရယ်မောနေသော ပုံလေးကို တွေ့လိုက်ရ၏။

ဖြိုး အံ့ဩသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက. . ."

"အဲဒါ နှင်းဖြူဓာတ်ပုံလေ၊ ငယ်ငယ်ကပုံပဲ ရှိတယ်။ ဒီအရွယ်ရောက်မှ တစ်ခါမှ ဓာတ်ပုံရိုက် မခံဖူးဘူး။ ဒီပုံထဲက ကလေးက ဖြိုးရဲ့ချစ်သူပေါ့။ သူများတွေမြင်လည်း ရှော့ခ်မရှိတော့ဘူးလေ၊ ဟုတ်တယ်မလား"

ဖြိုး ရယ်ချင်သလို ငိုချင်သလိုပင် ဖြစ်သွားရသည်။ ကြဲကြဲဖန်ဖန် တတ်လည်းတတ်နိုင်တဲ့ကောင်မလေးပါပဲ။

"နှင်းဖြူ သွားတော့မယ်နော်၊ အခုလောက်ဆို ဟိုလူတွေ ပြန်သွားလောက်ပြီ"

"ဘယ်ကလူတွေလဲ"

"ဘယ်သူမှမဟုတ်ပါဘူး. . . ဧည့်သည်တွေပါ။ နှင်းဖြူ သွားတော့မယ်နော်"

သူမက သူ့ကို အပြေးအလွှားနှုတ်ဆက်ရင်း ရေမြောင်းအုတ်ခုံပေါ်မှ ထပြေးလေ၏။

ညဆယ့်နှစ်နာရီထိုးလို့ ကပွဲကနေ ကမန်းကတန်းပြန်သွားရတဲ့ စင်ဒရဲလားမင်းသမီးလေးရဲ့ပုံပြင်ကို ဖြိုး သွားသတိရလိုက်မိလေသည်။

ဖြိုးရဲ့နှင်းဖြူကတော့ ရွှေရောင်ဖိနပ်လေးတစ်ဖက်အစား ကလေး





ဓာတ်ပုံလေးနှင့် ချစ်အဖြေကို ထားရစ်ခဲ့လေ၏။ ဖြိုး,ပြုံးရင်း ဓာတ်ပုံလေးကို လှည့်ပတ်ကြည့်လိုက်တော့ နောက်ကျောမှာ ရေးထားတဲ့သူမရဲ့ အမှာစကားလေးကို ရင်ခုန် ကြည်နူးဖွယ် တွေ့လိုက်ရတော့၏။

**ဖြိုး...**

**သိပ်ချစ်တယ်၊**

**ဓာတ်ပုံကို မနမ်းနဲ့နော်၊ ကလေးလေး ငိုလိမ့်မယ်...**

စာလေးကိုဖတ်ပြီး ဖြိုး ရယ်လိုက်မိသည်။

စိတ်ချပါ ကောင်မလေးရေ. . . ကိုယ်ကလည်း သက်မဲ့ဓာတ်ပုံလေးကို မနမ်းပါဘူး။ အဲလောက်လည်း မရူးသွပ်တတ်တဲ့ လက်တွေ့သမားမို့ သက်ရှိကောင်မလေးကို တွေ့မှပဲ. . .

အင်း. . . ငါးမိနစ်လောက်တော့ ဖြစ်ပါတယ်နော်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီကိုလာဦး. . . နှင်းဖြူ"

ဦးခန့်ထည်၏ခေါ်သံကြောင့် နှင်းဖြူ ဆတ်ခနဲ လန့်တုန်သွားရလေသည်။

လက်ထဲမှာ ကိုင်ထားတဲ့ ကြက်မွေးတံမြက်စည်းလေးပင် လွတ်ကျလုမတတ် ထိတ်လန့်ပျာယာခတ်နေသောသူမကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး. . .

"ဆွိုတီ ဘယ်မှာလဲ"

"သူ. . . သူ့အခန်းထဲမှာပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ခုန ငါ့ညှေ့်သည်တွေလာတော့. . . ဘာလို့ဆင်းမလာတာလဲ။ အခန်းတံခါးကိုလည်း လော့ခ်ချထားတယ်။ အဲဒါ ဘာသဘောလဲ။ ဒီကိစ္စ နင် သိကိုသိရမယ်"

ဦးခန့်ထည်၏ဒေါသကို သိနေတာမို့ နှင်းဖြူ မျက်လုံးအပြူးသားနှင့် အံသားတွေပင် တုန်နေရ၏။

"နှင်း. . . နှင်းဖြူ မသိရပါဘူး ဆရာကြီးရယ်။ ကြီးကြီးမြိုင်က အမိုက်ကားလာရင် အမိုက်ထုပ်တွေ ပစ်ရမယ်ဆိုလို့ ခြံနောက်တံခါးမှာ သွားစောင့်နေတာပါ။ ညှေ့်သည်တွေ ရောက်တဲ့အကြောင်း မမလေးကို သေချာသွားပြောပါတယ်"

"နင်သွားပြောတော့ သူက ဘာပြန်ပြောလဲ"

"သိတယ်လို့ ပြန်ပြောပါတယ်၊ နှင်းဖြူ့, ဆရာကြီးခေါ်ခိုင်းတာလည်း ထည့်ပြောပါတယ်"

"တောက်!. . . ပြောလိုက်ရင်တော့ ဟုတ်နေတာပဲ။ ပြီးရင်သောက်တလွဲတွေချည်း လုပ်ကြ။ မိဘပြောစကားဆို ဘယ်လိုဆန့်ကျင်ရမလဲ စဉ်းစားနေတဲ့သမီး။ တွေ့မယ်. . . ခန့်ထည်အကြောင်း သင်သိစေရမယ်"

"ဘာခိုင်းစရာရှိသေးလဲ ဆရာကြီး"





"မရှိဘူး. . . မရှိဘူး. . . သွားကြ"

အော်သံအဆုံး နှင်းဖြူ, ညှေ့်ခန်းထဲမှ လှစ်ခနဲပြေးထွက်ခဲ့တော့လေ၏။

မီးဖိုခန်းအဝင်ဝတွင် လှမ်းချောင်းနေသော ဒေါ်မြိုင်နှင့် ဝင်တိုက်မိမလို ဖြစ်သွားတာမို့ နှင်းဖြူ အားခနဲလန့်အော်လိုက်မိပြီးမှ ပါးစပ်ကို လက်ကလေးနှင့်အုပ်ကာပြီး ဖက်ကလေး ပုလိုက်မိလေသည်။

"ညည်းကလည်း ရှုပ်ပြာရှုပ်ပြာနဲ့. . . ဘယ်လိုဖြစ်လာရတာလဲ နှင်းဖြူရယ်။ လူကို လန့်သွားတာပဲ"

"ကြီးကြီးမြိုင်က လန့်နေ၊ နှင်းဖြူ ကံကောင်းလို့ ဖက်ပိုးအအုပ်မခံရတာ"

နှင်းဖြူ ထိတ်ထိတ်ပြာပြာပြောဟန်အဆုံး ဒေါ်မြိုင်က ခါးထောက်ရင်း မျက်စောင်းရွယ်ကာ ဘယ်ကာလကတည်းက ဆူချင်ပူချင်နေမှန်း မသိသောအသံကြီးနှင့်. . .

"ဟွန်း. . . ထုံးစံအတိုင်း ညည်းအဆူခံရတာ ဆွိတီကြောင့်ပဲ မဟုတ်လား"

ဟု မဲ့ကာရွဲ့ကာ ပြောလိုက်လေသည်။

"ဆွိတီကြောင့်ရယ်လို့လည်း မဟုတ်ပါဘူး ကြီးကြီးမြိုင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမေးမေး မသိရကောင်းလားဆိုပြီး ဆရာကြီးက ဆူတာပါ''

''အံမယ်. . . ပြောလိုက်ရင် ဆွိုတီအပြစ်က ကွင်းလုံးကျွတ် အလွတ်ပဲ။ ညည်းက သူများအိမ်မှာ လက်တိုလက်တောင်းလုပ်ပေးဖို့ မကောင်းဘူး။ အမှုလိုက်တဲ့ရှေ့နေဖြစ်ရမှာ။ ပြောတတ်ပါရဲ့''

''ဟဲဟဲ. . . ဒါကတော့ ကြီးကြီးမြိုင်, နှင်းဖြူကို အထင်ကြီးနေတာပါ''

''အလိုတော်, ရွှဲပြောလို့ပြောမှန်းမသိ၊ ဒီမိနှင်းဖြူဟာ မျက်နှာကလည်း ရှုးပဲ့၊ ဟိုမှာ ညည်းဘိုးအေ ဘယ်လောက်ဒေါသူပုန်ထနေတယ်မှတ်လဲ။ ခုနလာတဲ့ ဧည့်သည်တွေက ဆွိုတီနဲ့ စေ့စပ်ပေးမယ့် ကောင်လေးနဲ့ မိဘတွေဟဲ့. . . သိရဲ့လား''

''ဟုတ်လား. . . ဒါဆိုရင်တော့ ဆွိုတီ သနားပါတယ်။ သူက အိမ်ထောင်ပြုချင်တာမဟုတ်ဘူး။ ချစ်သူထားချင်တာတဲ့''

''ဘာအေ့!. . .''

''ဘာ. . . ဘာမှမဟုတ်ဘူး ကြီးကြီးမြိုင်၊ နှင်းဖြူ, ဆွိုတီဆီကို သွားလိုက်ဦးမယ်နော်''

နှင်းဖြူစကားတွေ လွှတ်ခနဲ ကျွံမလိုဖြစ်ပြီးမှ ကမန်းကတန်း စကားစဖြတ်ရင်း ဆွိုတီရှိရာသို့ ထွက်လာခဲ့လိုက်သည်။





ထုံးစံအတိုင်း ကြီးကြီးမြိုင်က နှင်းဖြူကို ပွစိပွစိ ဆူပူရေရွတ်ရင်း ကျန်ခဲ့၏။

နှင်းဖြူ, ဆွိုတီအခန်းတံခါးကို ခပ်ဖွဖွထုလိုက်သည်။

''ဝင်ခဲ့လေ''

ဆရာကြီးပြောသလို ခုတော့ လော့ခ်ချမထားတာကြောင့် စေ့ထားတဲ့အခန်းတံခါးကို တွန်းဖွင့်ရင်း နှင်းဖြူ ဝင်လာခဲ့လိုက်၏။

ကုတင်ပေါ်မှာထိုင်ပြီး မှန်တင်ခုံရှေ့က ခုံပေါ် ခြေထောက်နှစ်ချောင်းလုံး တင်ထားပြီး ခြေသည်းတွေကို ဆေးဆိုးနေသော ဆွိုတီက မှန်ထဲကနေ နှင်းဖြူကို လှမ်းကြည့်ပြီး ပြုံးပြလေသည်။

အခန်းထဲရောက်တာနှင့် ခြေရောလက်ပါ အငြိမ်မနေနိုင်သည့် နှင်းဖြူက ဆွိုတီအခန်းထဲက ရှုပ်ပွနေသည့်အဝတ်အစားတွေ ကောက်သိမ်းပေးရင်း. . .

''ခုန ဆရာကြီးဧည့်သည်တွေကို ဆွိုတီ ဆင်းမတွေ့ဘူးဆို''

ဟုမေးလိုက်တော့ သူမက လက်ငါးချောင်းကို မျက်နှာရှေ့မှာ ထောင်ပြီး တဖူးဖူးမှုတ်နေရင်းမှ ခေါင်းညိတ်ပြသည်။

''တွေ့စရာအကြောင်းမှ မရှိတာ''

''ကြီးကြီးမြိုင်ပြောတော့ အဲဒါ ဆွိုတီနဲ့စေ့စပ်မယ့်လူတဲ့။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မို့ဘာတွေလည်း ပါလာတယ်တဲ့လေ"

"သိသားပဲ. . . ခြုံထဲ ကားဝင်လာကတည်းက ဆွိတီအခန်းကို လော့ခ် ချထားလိုက်တာ။ ဆွိတီမှ စိတ်မဝင်စားတာ ဘာထွက်တွေ့ စရာလိုလဲ။ ဖေဖေသဘောကျနေရင် ဖေဖေပဲ ယူပါစေ"

ဘုကျကျစကားကြောင့် နှင်းဖြူ ပြုံးမိပြန်သည်။

"နှင်းဖြူ လာခေါ်တော့ ဆွိတီအသံမကြားပါဘူး။ ဆရာကြီး မေးတော့ ကြည့်ကောင်းအောင် ဖြေလိုက်ရတာယ်။ အထဲမှာ ဆွိတီ ဘာ လုပ်နေလဲ"

"ဒီအရောင်နဲ့ လိုက်တယ်မှတ်လား"

တစ်ဖက်လူ ဘာမေးမေး၊ သူမ ပြောချင်တာကို အရင်ဆုံး ရဲရဲတင်းတင်းပြန်ပြောတတ်တာ ဆွိတီရဲ့မူပိုင်အကျင့်မို့ နှင်းဖြူ ဘာမှ မတတ်သာ။

"လိုက်ပါတယ်. . . ဆွိတီက အသားလှတဲ့သူပဲ၊ ဒါနဲ့ နှင်းဖြူ မေးတာ ဖြေဦးလေ"

ဆွိတီက ခြေထောက်တွေဆီ စူးစိုက်ကြည့်နေရင်းမှ နှင်းဖြူဘက် ဆတ်ခနဲလှည့်လာသည်။

"နှင်းဖြူကလည်း တဖြည်းဖြည်း ဘာနဲ့တူလာမှန်းမသိဘူး။ စိတ်





လိုက်မေးလိုက်တာ စုံနေတာပဲ"

"အင်း. . . ဖြစ်ရမယ်၊ ကြီးကြီးမြိုင်ကလည်း နှင်းဖြူကို ရှေ့နေ ပဲ လုပ်တော့တဲ့။ အခု ဆွိတီကလည်း အမေးအမြန်းထူလို့ စိတ်မရှည် တော့ဘူး"

"စိတ်မရှည်တာ မဟုတ်ပါဘူး။ မြင်တဲ့အတိုင်းပြောတာ။ ခုန အခန်းထဲမှာ ဆွိတီ ဘာလုပ်နေတယ်ထင်သလဲ"

"ဘာလုပ်နေတာလဲ"

"အိပ်မက်လှလှလေး မက်နေတာ၊ အိပ်မက်ထဲမှာ အရမ်းချော တဲ့မင်းသားလေး ပါတယ်၊ အဲ့မှာ ဆွိတီက သနားစရာမိန်းကလေးပေါ့။ အိုး. . . အရမ်းကြည်နူးဖို့ကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်သွား တယ်။ အဲဒါ နင်သိလား"

ဆွဲဆွဲငင်ငင် ဆွေးဆွေးမြည့်မြည့်ပြောနေရာမှ ရုတ်တရက် ဖြတ် အော်ပစ်လိုက်တာမို့ နှင်းဖြူပင် ပခုံးကလေး တွန့်ခနဲဖြစ်သွားရတော့ ၏။

"အိပ်မက်ထဲမှာ မင်းသား ပါတယ်,ဟုတ်လား"

"အစစ်ပဲ. . . သူက ငါ့ကို သိပ်ချစ်တယ်လေ။ အိပ်မက်ထဲက မင်းသားလေးက ဆွိတီဖူးစာရှင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးတစ်လုံးကို ဆွဲယူပွေ့ပိုက်ရင်း မျက်လုံးလေး မှေးစင်းကာ ပြောလိုက်သောဆွိတီကိုကြည့်ပြီး နှင်းဖြူ မျက်ခုံးပင့်လျက် ခေါင်းကို ခပ်လေးလေး ခါလိုက်မိတော့၏။



## အခန်း (၁၆)

အရေးကြီးကိစ္စဆိုလို့ လိုက်လာရပေမယ့် သူ ဘာမှန်း သဲသဲကွဲကွဲ မသိခဲ့ရိုးအမှန်ပင်။

လက်ထဲမှာ အိတ်ကြီးကြီးတစ်လုံး ဆွဲလာကာ ဂျင်းပင်န်နှင့် စပို့ရှပ်အနက်ရောင်လေးကို ဝတ်ထားသော နှင်းဖြူပုံစံလေးက ယခင်နှင့်မတူဘဲ ဒီဖိုင်းက ခပ်လန်းလန်းလေးဖြစ်နေ၏။

ဆံပင်တွေကို ဒီအတိုင်းဖြန့်ချထားပြီး မျက်နှာကို ရုတ်တရက် မမှတ်မိအောင် မျက်မှန်အနက်ကြီးကြီးတစ်လက် တပ်ထားတာမို့ နိုင်ငံခြားအက်ရှင်ကားတွေထဲက စုံထောက်မလေးလို ဖြစ်နေသောနှင်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး သူ အံ့သြပြီးရင်း အံ့သြနေရသည်။

"နှင်းဖြူ, အခု ဘယ်ကိုသွားနေတာလဲဟင်။ ဘာတွေလုပ်နေတာလဲ။ ကိုယ့်ကိုပြောဦးလေ"

"ခဏနေပါဦး ဖြိုးရယ်၊ နှင်းဖြူ အရမ်းစိတ်လှုပ်ရှားနေလို့ ဘာဆိုဘာမှမမေးပါနဲ့နော်။ ဦးလေး. . .ဟိုရှေ့က လမ်းချိုးရောက်ရင် ကားရပ်ပေးပါ။ အဲဒီလမ်းသွယ်ထဲ ကားဝင်လို့မရဘူး"

တက္ကစီသမားက နှင်းဖြူစကားအတိုင်း ရှေ့ခပ်လှမ်းလှမ်းလမ်းသွယ်ထိပ်မှာ ကားရပ်ပေးသည်။

သူမက တက္ကစီခပေးပြီး တစ်ဖက်ပိတ်လမ်းသွယ်ထဲသို့ ဝင်သွားတာမို့ ဖြိုးလည်း ဘုမသိဘမသိနှင့် နောက်ကလိုက်သွားရလေတော့၏။

နှင်းဖြူက တိုက်တန်းလျားရှည်တစ်ခုရှေ့မှ နံပါတ်တွေကို လိုက်ကြည့်ပြီး လှေကားတစ်ခုပေါ်သို့ ချိုးကွေ့တက်သွားရာတွင် ဖြိုးလည်း နောက်က လိုက်ရသည်။

ဘာတွေမှန်းမသိပေမယ့် အလျင်စလိုပုံစံပေါက်နေသောနှင်းဖြူကိုကြည့်တာနှင့် အရေးတကြီးကိစ္စမှန်း နားလည်လိုက်သည်။

သူမက တံခါးတစ်ခုရှေ့မှာရပ်ပြီး လူခေါ်ဘဲလ်ကို နှိပ်၏။ ခဏ





အကြာမှာပင် အခန်းတံခါးပွင့်သွားပြီး စူးစမ်းအကဲခတ်သောမျက်လုံးတွေနှင့် အမျိုးသမီးတစ်ဦး၏မျက်နှာ ပေါ်လာသည်။

နှင်းဖြူကိုကျော်လျက် ဖြိုးကို လှမ်းအကဲခတ်ပြီး. . .

"ဝင်လေ"

ဟု ဖော်ရွေနွေးစလိုဟန်မပါသော လေသံပြတ်နှင့်ပြောပြီး တံခါးဖွင့်ပေး၏။ ကျဉ်းမြောင်း မှောင်မဲသောအခန်းဖြစ်ပြီး လေဝင်လေထွက်မကောင်းသောအခန်းထဲမှာ ပစ္စည်းတွေက ရှုပ်ပွနေပေမယ့် ထိုအမျိုးသမီးရဲ့မျက်နှာကတော့ ရောင်စုံကာလာတွေနှင့် အသားကျဖြစ်စွာ လှပနေလေသည်။

"အဲဒီမှာ ထိုင်"

အခင်းကြိမ်သားတွေ ပေါက်နေသည့် ခပ်စုတ်စုတ်ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြပြီး သူမက မျက်နှာချင်းဆိုင်ခုံမှာ ခြေချိတ်လျက် အခန့်သား ဝင်ထိုင်လေသည်။

နှစ်ယောက်ထိုင်ခုံမို့ ဖြိုး, နှင်းဖြူဘေးနားမှာပဲ ဝင်ထိုင်လိုက်ပါ၏။

"ဒါက မူယာသိမ့်, သိမ့်သဇ္ဇာနိုင်ရဲ့အမေပဲ။ မင်းက. . ."

"စကားတွေ အများကြီးမပြောချင်ဘူး ဒေါ်မူယာသိမ့်။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ တိတိကျကျလုပ်တာပေါ့။ ဟောဒီမှာ ဒေါ်မှယာသိမ့် တောင်းထားတဲ့ သိန်းတစ်ရာ. . . တစ်ကျပ်မှမလျော့ဘူး။ မကျေနပ်ရင် ထပ်ရေလို့ ရတယ်"

"ဟင်းဟင်း. . . မင်းက ငါထင်ထားတာထက် တိကျသားပဲ။ ယုံပါတယ်, မရေတော့ပါဘူး"

"အဲဒါဆို ငွေလက်ခံရရှိကြောင်းနဲ့ နောက်နောင် ဘယ်တော့မှ ပတ်သက်ဆက်သွယ်ခြင်း မပြုတော့ပါဘူးဆိုတာ ဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးပါ။ ကျွန်မ အသိသက်သေ ခေါ်လာတယ်"

ထိုအမျိုးသမီးက မျက်နှာတစ်ချက်ပင့်ရင်း ဖြိုးကို စေ့ကြည့်လိုက်ကာ. . .

"ကောင်းပြီလေ"

ဟုဆိုရင်း စာချုပ်ပေါ်၌ လက်မှတ်ထိုးပေးလိုက်၏။

ဖြိုး အံ့သြမှင်တက်စွာ ငေးနေမိစဉ် နှင်းဖြူက ဖြိုးရှေ့သို့ စာချုပ်ကို ဆွဲယူပေးကာ. . .

"ဒီမှာ အသိသက်သေအနေနဲ့ ဖြိုး လက်မှတ်ထိုးပေးပါနော်"

ဟု ဆိုတာကြောင့် မအူမလည်နှင့်ပင် ဖြိုး လက်မှတ်ထိုးပေးလိုက်ရလေသည်။





အားလုံးပြီးသွားတော့ ဒေါ်မှယာသိမ့်ဆိုသော အမျိုးသမီးကို နှင်းဖြူက နှုတ်ပင်မဆက်။

"ဖြိုး. . . ပြန်ရအောင်"

ဟု တစ်ခွန်းတည်းဆိုပြီး ထိုင်ရာမှ ထရပ်လေသည်။

အောက်ကိုဆင်းလာတဲ့တစ်လျှောက် နှင်းဖြူက ဘာမှပြောမပြသလို ဖြိုးကိုယ်တိုင်လည်း ဘယ်လိုမေးရမှန်းမသိသည်အထိ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိနေ၏။

"ဖြိုး. . . နှင်းဖြူလုပ်ရပ်တွေကို အံ့သြနေတယ်မဟုတ်လား"

ဖြိုး ခေါင်းညိတ်ပြလိုက်ရင်း. . .

"ဟုတ်တယ်, နှင်းဖြူလုပ်တာတွေ ကိုယ် ဘာမှနားမလည်နိုင်တော့ဘူး။ ဒီအမျိုးသမီးကို ဘာကြောင့် နှင်းဖြူက သိန်းတစ်ရာ ပေးရတာလဲ။ နှင်းဖြူမှာ ကိုယ့်ကို ပေးသိလို့မရတဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိနေလို့လား"

"ဆိုပါတော့ ဖြိုးရယ်၊ ဒါ နှင်းဖြူရဲ့ကိုယ်ရေးကိုယ်တာမဟုတ်ပေမယ့် နှင်းဖြူကိုယ်တိုင် ပါဝင်လှုပ်ရှားပေးမှ ရမယ့် မိသားစုအတွင်းရေးကိစ္စတစ်ခုလို့ မှတ်ထားပေးပါ။ ဒီနေ့လုပ်ခဲ့တဲ့လုပ်ရပ်ကို ဖြိုးကိုအသိပေးတာ နှင်းဖြူ, ဖြိုးကိုယုံကြည်အားကိုးလို့။ ဒီကိစ္စက လျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com



တချို့ ရှိတာကလွဲရင် ကျန်တဲ့အဖြစ်အပျက်တွေက ရိုးစင်းပါတယ်''

''စိတ်ချပါ၊ ဒီကိစ္စကို ကိုယ့်စိတ်ထဲမှာပဲ ထားမှာပါ''

''ကျေးဇူးတင်ပါတယ် ဖြိုး။ ဒါဆို နှင်းဖြူ ဖြိုးကိုချစ်ခဲ့တာ မှန်ကန်တဲ့ရွေးချယ်မှုတစ်ခု ဖြစ်သွားပြီပေါ့နော်''

စိတ်ထဲမှာ စိုးထိတ်နေရင်းကပဲ ဖြိုး ကျေနပ်စွာ ခေါင်းညိတ်လိုက်မိ၏။

''လောကမှာ ပိုက်ဆံက ဘယ်အတိုင်းအတာအထိ အရေးပါသလဲဆိုတာ နှင်းဖြူ အစက နက်နက်နဲနဲမသိခဲ့ဘူး။ ခုတော့ နှင်းဖြူ သိသွားပြီ။ လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ငွေကြေးနဲ့ဖျက်ဆီးလို့ ရသလို ငွေကြေးနဲ့ ဝယ်ယူလို့ရတယ်ဆိုတဲ့အသိပေါ့ ။ ဒါပေမဲ့ ငွေကြေးနဲ့ဝယ်ယူလို့မရတာတွေလည်း ရှိတယ်၊ အဲဒါ ဖြိုးကိုချစ်တဲ့ အချစ်၊ ဖြိုးဆီက ရထားတဲ့အချစ်လေ။ ဘယ်လိုမှတန်ဖိုးမဖြတ်နိုင်ဘူး''

နှင်းဖြူဆီက အခုလို ဆွတ်ပျံ့ကြည်နူးဖွယ် အလေးအနက်စကားတွေ ကြားရလိမ့်မည်ဟု ထင်မထားသောဖြိုးမှာ လေထဲလွင့်မျောနေသလို ခံစားမှုနှင့် နှလုံးသားတစ်ခုလုံး အေးမြသွား၏။

''ချစ်တယ် နှင်းဖြူရယ်၊ 'ကိုယ့်ဘဝရဲ့အဓိပ္ပာယ်ကို နှင်းဖြူက ဖွဲ့ဆိုပြခဲ့တာပါ''





နှင်းဖြူက ဖြိုးရင်ခွင်မှာ ခေါင်းလေးဝှက်ရင်း. . .

''ဖြိုး. . . နှင်းဖြူတို့ လက်ထပ်ကြမယ်နော်။ ပြီးရင် ဘယ်သူမှ မသိနိုင်တဲ့ အဝေးဆုံးကို သွားနေကြမယ်''

အံ့သြဖွယ် စိတ်ကူးယဉ်စကားတစ်ခွန်းဟု ထင်မြင်မိလင့်ကစား ဖြိုး စိတ်လှုပ်ရှားတိမ်းမူးစွာ ခေါင်းညိတ်မိလေသည်။

ထိုအတူ နှင်းဖြူကို လိမ်ညာခဲ့သမျှ ယတိပြတ်ဝန်ခံဖို့လည်း သူ့နှလုံးသားက အဆင်သင့်ဆုံးဖြတ်မိပြီးသား ဖြစ်သွားသည်။

အဲသလောက်အထိ သူမ်ကို မြတ်နိုးခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နှင်းဖြူနှင့်လက်ထပ်ဖို့အတွက် အားလုံးအသင့်ဖြစ်ဖို့ စီစဉ်နေချိန်မှာ ရဲသီဟထံမှ သတင်းစကားအဆန်းတစ်ခုကို သူ ကြားခဲ့ရလေသည်။

ထိုသတင်းမှာ ရဲသီဟ စေ့စပ်တော့မည့်သတင်းပင်ဖြစ်၏။

"ကိုဖြိုး. . . မင်း ပြီးခဲ့တဲ့လက လစာမထုတ်ဘူးဆို"

သူတို့အလုပ်က နေစရိတ် စားစရိတ်ငြိမ်းမို့ ရသည့်လစာကို အသားတင်,စုလို့ရသည်။ ပြီးခဲ့သည့်လက လစာတင်မက, ဒီလအတွက် လစာပါ သူမထုတ်ဟု ဆုံးဖြတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်လတွေကတော့ လုံးဝမထုတ်ခဲ့တာမဟုတ်။ တစ်ဝက်ဲ လောက်ထုတ်ပြီး သုံးခဲ့တာတွေ ရှိတော့၊ လက်ကျန်စုငွေတွေ သူ့ဒွေး ဆီမှာ ကျန်နေသေးသည်။

"ဟုတ်တယ်ကွ၊ ငါ ပိုက်ဆံစုနေတာ"

"ဘာလဲ, မင်းသူငယ်ချင်း စေ့စပ်တော့မယ်ဆိုလို့ မင်းက အား ကျမခံ မိန်းမယူတော့မလို့လား"

"အားကျမခံတော့ မဟုတ်ပါဘူး။ ငါ့မှာ အစီအစဉ်ရှိပြီးသား။ နှင်းဖြူကလည်း အတူတူနေချင်ပြီတဲ့"

"ဒါပေါ့ကွာ. . . သူ့ခမျာ သူများအိမ်မှာ အလုပ်လုပ်နေရတာ ဆိုတော့ ဒီဘဝက ကျွတ်ချင်ပြီပေါ့။ အင်း. . . မင်းတို့နှစ်ယောက်လုံး ဘဝတူတွေဆိုတော့ စိတ်ညစ်စရာတော့ မရှိပါဘူးကွာ။ အခုလိုကြိုးစား ထားတယ်ဆိုတော့ ဟိုကောင်မလေးကိုယ်စား ငါ နည်းနည်းစိတ်အေး ရတယ်"

"ဘာဖြစ်လို့လဲ"

ဖြိုးအမေးကြောင့် မင်းမင်းက ဟက်ခနဲရယ်ရင်း. . .

"မင်းသားချောပြောတဲ့ လုပ်ကြဲဇာတ်လမ်းကို မျက်စိမှိတ် ယုံ လိုက်ပြီးမှ ဒူးနဲ့ မျက်ရည်သုတ်နေရမှာစိုးလို့ပေါ့"





ဟု ပြောလိုက်တာမို့ ဖြိုး နည်းနည်းတော့ မျက်နှာပူသွားမိပါ သည်။

"ငါ အမှန်အတိုင်းဝန်ခံဖို့ ဆုံးဖြတ်ထားပြီးပါပြီကွာ"

"ဘယ်လောက်ကြာပြီလဲ"

ရုတ်တရက်ဖြတ်မေးလိုက်သော ရဲထိုက်စကားကြောင့် ဖြိုး ဘာ ပြန်ဖြေရမှန်းမသိဖြစ်သွားရသည်။

"ချက်ချင်းကြီး ပြောမထွက်လို့ပါကွာ"

"ဟားဟား. . . ဒီကောင့်အံ့ဖြစ်က ရှေ့မတိုးသာ နောက်မဆုတ် သာ ဖြစ်နေတာကွ"

"ဒါပေမဲ့ လက်မထပ်ခင်တော့ မဖြစ်မနေ ပြောကိုပြောရတော့ မှာပါကွာ။ ဟော. . . ဟိုမှာ ရဲသီဟကားကွ"

မင်းမင်းက ရဲထိုက်ကိုပြန်ပြောရင်း တစ်ဆက်တည်းပင် ခြံဝမှ ဝင်လာသော ရဲသီဟကားကို မေးငေါ့ပြတာမို့ ဖြိုး ကားဘောနက်ပေါ် ထိုင်နေရင်းမှ လွှားခနဲခုန်ဆင်းပြီး လျှောက်သွားလိုက်၏။

"ကိုဖြိုး. . . ဟိုနေ့က ဒီနားက အိမ်တစ်အိမ်လာရင်းနဲ့ မင်းဆီ ဝင်သေးတယ်။ ဘယ်သွားနေတာလဲ"

"ဒီလိုပါပဲကွာ. . . သူဌေးလစ်တုန်း ဟိုထွက်ဒီထွက်ပေါ့။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့မင်္ဂလာသတင်းကို ငါကြားပြီးပြီနော်။ Congratulation...ပါ သူငယ်ချင်း"

လှမ်းဆွဲလိုက်သော ဖြိုးလက်ကို ပုတ်ထုတ်ရင်း ရဲသီဟက ဟက်ခနဲရယ်၏။

"တော်ပါကွာ. . . ဒီမှာ ငါ စိတ်ဓာတ်ကျနေတာ"

"အိမ်ထောင်ကျခါနီးဆိုတော့ စိတ်ဓာတ်တွေပါ ရောပြီး ကျနေတာပေါ့။ ဟုတ်လား. . ."

နောက်ရွှတ်ရွှတ်ပြောလိုက်သော မင်းမင်းစကားအဆုံး ရဲသီဟက စိတ်မသက်သာဟန်နှင့် ခပ်လွန့်လွန့်တစ်ချက်ပြုံးလေသည်။

"ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူးကွာ။ အိမ်က မိန်းမပေး စားမယ်ဆိုတော့လည်း ဖြုန်းစားကြီး။ ဘယ်အချိန် ဘယ်လိုစီစဉ်စပ် ဟပ်ထားတာလဲ မသိဘူး။ ကိုယ်လက်ထပ်ရမယ့်မိန်းမကျတော့ ဖြူမှန်း မည်းမှန်းမသိ"

"ဘယ်ကမို့လို့လဲ၊ ဓာတ်ပုံလေးတောင် မကြည့်ရဘူးလား"

"ဘာဓာတ်ပုံမှလည်း မပြကြဘူး။ မင်း ဒီမိန်းမကို ငြင်းစရာ ဘာမှမရှိဘူးဆိုပြီး တစ်ချက်လွှတ်အမိန့်နဲ့ စေ့စပ်ဖို့ စီစဉ်နေတာ။ မင်း ပဲ စဉ်းစားကြည့်ကွာ၊ ကိုယ်နဲ့လက်ထပ်မယ့်မိန်းကလေးက ရုပ်ပါလော





လန်းနေသေးရင် ဖီးလ် လာသေးတာပေါ့။ ခုတော့ ဘယ်လိုပုံမှန်းမသိ၊ မည်းမည်းပိန်ပိန်လား. . . ဖြူဖြူ ဝတုတ်ကြီးလား. . . ဘာဆိုဘာမှမသိ ရသေးဘဲ ဘလိုင်းကြီး ယူရမယ်ဆိုတော့"

မဲ့ရွဲ့ရှုံ့တွနေသော ရဲသီဟမျက်နှာက ဝမ်းချုပ်နေတုန်း သံပုရာ သီး စားနေရသည့်ပုံမျိုးဖြစ်နေတာမို့ ဘယ်လောက်စိတ်ညစ်နေမှန်း သူ ရိပ်မိလိုက်ပါသည်။

မကြိုက်ရင် လစ်ထွက်သွားကာလို့ တိုက်တွန်းရအောင်လည်း မသင့်တော်ပြန်။ ရဲသီဟကလည်း မိဘတွေက အလိုလိုက်ခဲ့ပေမယ့် ဆိုးဆိုးသွမ်းသွမ်းသားမျိုး မဟုတ်ချေ။

ကိုယ်လုပ်ချင်တာ လုပ်ဖို့တောင် မိဘကသဘောတူမှ အကောင် အထည်ဖော်သော လူလိမ္မာလေးဖြစ်ပြီး ခက်တာက ငြင်းပစ်ဖို့ သူ့မှာ အတည်တကျလက်ထပ်ဖို့ ရည်စူးထားသည့်မိန်းကလေးကလည်း တစ် ယောက်တလေပင် မရှိ။

ခက်တော့ ခက်နေပြီဆိုတာမျိုး ကြံရာမရဖြစ်နေသော ရဲသီဟ ကိုကြည့်ပြီး ဖြိုးလည်း စိတ်မကောင်း။ ဒါပေမဲ့ ဘယ်ကိစ္စမဆို နည်း လမ်းကတော့ အနည်းနဲ့အများ ထွင်ယူရတာပဲမဟုတ်လား။

ထွက်ပေါက်တစ်ခုတော့ ရှိဦးမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း, အဲဒီကောင်မလေးကိုမြင်လို့ လုံးဝငြင်းစရာမရှိရင်တော့ လက်ထပ်မယ်မှတ်လား"

"အေးပေါ့, အဲဒါပဲ ရှိတော့တာ။ သူက ဒီနားကခြံမှာ နေတာကွ. . . ဟိုဘက် တစ်လမ်းကျော်မှာ။ မင်းများ သိမလားမသိဘူး"

"ဟိုဘက် တစ်လမ်းကျော်, ဟုတ်လား"

"အင်း, ခြံနံပါတ် ၁၂၁ ကလေ။ ငါသွားတာ နှစ်ခါရှိပြီ။ အရိပ်အယောင်တောင် မတွေ့ရဘူး။ တမင် ဆင်းမတွေ့တာ နေမှာပေါ့ကွာ။ အဲဒါ ငါ့စိတ်ထင် သူ တစ်ခုခုချို့ယွင်းနေလို့ပဲ နေမယ်"

ရဲသီဟစကားတွေ နားထောင်ပြီး သူ့ရင်တွေ တဒိန်းဒိန်းခုန်လာသည်။

"ခြံနံပါတ် ၁၂၁ ဟုတ်လား။ ဟိုခြံအကျယ်ကြီးလား"

"ဟုတ်တယ်"

"မင်းကောင်မလေးနာမည်က ဘယ်သူတဲ့လဲ"

"ငါ့ကောင်မလေးမဟုတ်သေးပါဘူးကွာ၊ နာမည်က မေဝင့်ထည်တဲ့. . . သူ့အဖေ ဦးခန့်ထည်က ငါ့အဖေနဲ့ ငယ်သူငယ်ချင်းတဲ့။ ဦးခန့်ထည်က ဝန်ထမ်းတော့ မဟုတ်ဘူး။ စီးပွားရေးသမားပဲ"

ဖြိုး ခဏတော့ တွေခနဲဖြစ်သွားမိသည်။





"မေဝင့်ထည်"

သူ တစ်ခါမှမကြားဖူးသော အစိမ်းသက်သက်နာမည်လေးကို တီးတိုးရေရွတ်ကြည့်မိ၏။ မင်းမင်းနှင့်ရဲထိုက်က သူ့ကို စူးစမ်းသလို လှမ်းကြည့်နေကြသည်။

ကံကြမ္မာကိုပဲ ဖြိုး အံ့ဩသွားမိသည်။

ခြံကြီးတစ်ခြံထဲက ကောင်မလေးနှစ်ယောက်ရှိတဲ့အနက် သူ့ရွှေသမီးလေးကို ရဲသီဟနဲ့စေ့စပ်ပေးပြီး အိမ်ဖော်ကောင်မလေးက ဖြိုးနဲ့ အကြောင်းပါရမည့်ကိစ္စက ကံဇာတ်ဆရာရဲ့ အစီအစဉ်တကျ ဖန်တီးမှုပင်ဖြစ်လိမ့်မည်။

"မင်းသိလို့လား. . . ကိုဖြိုး"

"ဟမ်. . . ဪ, မသိပါဘူး။ မင်းတောင် မမြင်ဖူးတာ ငါက ဘယ်လိုလုပ် သိမှာလဲ"

ဒါပေမဲ့ အဲဒီအိမ်က ကောင်မလေးက ငါ့ချစ်သူဆိုတဲ့စကားကိုတော့ ဖြိုး ပြောမထွက်ခဲ့ချေ။

ဖြိုးအကြောင်းကို သိသင့်သလောက် သိထားကြတဲ့ မင်းမင်းနဲ့ ရဲထိုက်က အလုပ်များချင်ယောင်ဆောင်ရင်းမှ မသိမသာ သက်ပြင်းခိုးရှိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမခွဲခြားသော ရဲသီဟနှင့် လည်ပင်းဖက် ပေါင်းသင်းလာခဲ့ပြီးမှ ကိုယ့်ချစ်သူက သူနဲ့စေ့စပ်မယ့် သူဌေးသမီးလေးရဲ့ လက်တို့လက်တောင်း အစေအပါးလေးဆိုတာကို ဖြိုး ပြောမထွက်တာ အပြစ်တစ်ခုတော့မဟုတ်။

တိုက်ဆိုင်လွန်းတဲ့ ကံကြမ္မာကို သူ အံ့ဩစွာ အပြစ်ဆိုချင်မိပါသည်။

"စေ့စပ်ပွဲက ဒီတစ်ပတ်အတွင်းမှာပဲ ဖြစ်လိမ့်မယ်။ အဲဒီအခါကျရင်တော့ သူ့ကိုတွေ့ရမှာပါ။ မင်းလည်း လိုက်ခဲ့ရမယ်နော်။ ငါတို့ဘက်က လူများများမခေါ်ဘူး။ လူကြီးသုံးလေးယောက်နဲ့ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း, မင်းကိုပဲ ခေါ်မှာ။ မေမေတို့ကိုလည်း ပြောထားပြီးသား. . ."

"ဟာ! မဟုတ်တာကွာ၊ ငါ မလိုက်ပါရစေနဲ့၊ ဒီလိုပွဲမျိုးက. . ."

"တော်ပြီ ကိုဖြိုး။ ငါက လိုက်ဆို လိုက်ခဲ့ပေး။ စိတ်ညစ်နေတာနော်. . . စိတ်မဆိုးချင်ဘူး။ ငါလည်း အခြေအနေမကောင်းရင် အချိန်မီ နောက်ဆုတ်မှာ။ ဒီပွဲက ငါ့အတွက် စိတ်လှုပ်ရှားစရာအကောင်းဆုံးဖြစ်နေမှာ။ ငါ ပြန်တော့မယ်ကွာ"

ရဲသီဟ ထွက်သွားသည်အထိ ဖြိုး ငြိမ်သက်စွာ ထိုင်နေမိ၏။





ရဲထိုက်က ဖြိုးပခုံးကို လာပုတ်သည်။

"မိုးစင်ကြည့်, ကပေါ့ကွာ။ ရှောင်ခွင့် မရှိလောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

"ငါမေးတာ မှန်မှန်ဖြေစမ်း!. . . ဆွိတီ၊ ဖေဖေ့ကို ဒီ့ထက်ပိုပြီး ဒေါသထွက်အောင် မလုပ်နဲ့"

ဆွိတီ, ဖေဖေ့ကို ထုံပေပေတစ်ချက်လှမ်းကြည့်ပြီး ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။

"တောက်!"

ဒေါသတွေက လျှာဖျားပေါ် ရုပြုရောက်ရှိသွားသည်ထင့်၊ တောက်ခေါက်သံက တိတ်ဆိတ်နေသောအခန်းထဲမှာ ကျယ်လောင်စွာ မြည်ဟီး သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်ဝန်းတွေ မီးလျှံတွေ ထွက်တော့မတတ် စူးစူးရှရှ။ ဆွိတီရဲ့မျက်ဝန်းတွေကတော့ ရေခဲပြင်တစ်ခုလို အေးစက် အသက်မဲ့လျက်။

အပူနဲ့အအေးရဲ့ အားပြိုင်ရင်ဆိုင်မှုမှာ ဒေါသတွေ အတ္တမာန်မာနတွေက လျှပ်စီးကြောင်းတွေလို မျက်ဝန်းကိုယ်စီမှာ ပြိုးပြက် လင်းလက်ကုန်သည်။

"မေဝင့်ထည်. . ."

ဖေဖေ့ခေါ်သံက ကျယ်လောင်လွန်းလှတာမို့ ဆွိတီ ဆတ်ခနဲ ခေါင်းထောင်သွားရ၏။

"ကျေးဇူးပြုပြီး အဲ့နာမည် မခေါ်ပါနဲ့ ဖေဖေ"

ဒီနာမည်က ဖေဖေကိုယ်တိုင် ပေးထားတဲ့နာမည်မို့ မေမေက စိတ်နာမုန်းတီးစွာ လုံးဝမခေါ်ခဲ့တာ သေသည့်တိုင်အောင်ဖြစ်သည်။ ဒါကြောင့် ဆွိတီကိုယ်တိုင်လည်း ထိုနာမည်ကို အသိအမှတ်မပြုချင်။

ဖေဖေက အံကြိတ်ပြီး စူးစူးရှရှကြည့်နေသည်။

"နင် ငါ့ကို ဒေါသထွက်ပြီး နေရာမှာတင် မိုင်းခနဲလဲသေအောင် သတ်နေတာလား ဆွိတီ"

တကယ်တမ်း တမြည့်မြည့် တရိရိခံစားပြီး သေရမှာက ဆွိတီ





ပါလို့ ပြန်အော်ချင်ပေမယ့် အာခေါင်တွေ ခြောက်ကာ အသံမထွက်နိုင်တော့ချေ။

ဖေဖေက ခေါင်းရမ်းရင်းမှ သက်ပြင်းတစ်ချက် ရှိုက်ကာ ဆွိတီနှင့်မျက်နှာချင်းဆိုင်ဆိုဖာပေါ်မှာ ဝင်ထိုင်သည်။

"သမီး. . . ဖေဖေ တောင်းပန်ပါတယ်သမီးရယ်၊ သမီး ဘာတွေ လျှောက်လုပ်နေတယ်ဆိုတာ ဖေဖေ့ကို အမှန်အတိုင်းအသိပေးစမ်းပါ။ သမီးရဲ့ Bank Account...ထဲက ဒီလောက်များတဲ့ငွေတွေထုတ်ပြီး ဘာလုပ်ပစ်လိုက်သလဲ၊ ဘယ်သူ့ကိုပေးလိုက်သလဲဆိုတာ ဖေဖေ သိချင်တယ်"

"မပြောဘူး. . . ဆွိတီ သေတဲ့အထိ မပြောဘူး၊ ဆွိတီ မဟုတ်တာ ဘာမှမလုပ်ဘူးဆိုတာ ဘယ်နှခါ ပြောရမလဲ။ ငွေသိန်းတစ်ရာလောက်နဲ့ ဖေဖေ ဘာမှဖြစ်မသွားနိုင်ဘူးဆိုတာ ဆွိတီ သိတယ်။ အဲလောက်ငွေလေးနဲ့ ဘာလို့ ဖေဖေ အသည်းအသန် စစ်မေးနေရတာလဲ"

"ဒီငွေကို နှမြောလို့ မေးနေတာမဟုတ်ဘူး ဆွိတီ။ ဒါ သမီးသုံးနေကျ ငွေပမာဏမဟုတ်ဘူးဆိုတာ ဖေဖေ သိတယ်။ ဘာဏ်က သမီး ဘယ်နှကျပ် ထုတ်သုံးဖူးလို့လဲ။ မာနတွေထားပြီး တစ်ပြားတစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



ယူမသုံးဘဲ နေခဲ့တဲ့လူက အခု သိန်းတစ်ရာထုတ်တယ်ဆိုတာ ဒါတွေ ဘယ်သွားသုံးပစ်လဲ။ အဖေတစ်ယောက်အနေနဲ့ သိခွင့်ရှိတယ် ဆွိတီ။ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်ချာလည်နေတဲ့ဖေဖေက သမီးကို ရင်အုပ်မကွာ မစောင့်ရှောက်နိုင်တာ အပြစ်လား။ ငါ့သမီးလေး ဘယ်လို လူဆိုးသူဆိုးနဲ့ သွားတွေ့မလဲ၊ လောင်းကစားသမား၊ ဆေးသမား၊ အရက်သမားနဲ့ သွားတွေ့မလဲဆိုပြီး ပူပန်စိတ်ကြီးနဲ့ လှောင်အိမ်ထဲထည့်ပြီး အရိပ်တကြည့်ကြည့်လုပ်လာခဲ့တာတွေကို မကျေနပ်လို့ ဖေဖေ့စေတနာတွေကို စော်ကားလိုက်တာလား”

“ဖေဖေ ထင်ချင်သလို ထင်နိုင်တယ်။ မှန်တာမှားတာ နောက်မှ နောင်တမရနဲ့။ ဒီငွေနဲ့ပတ်သက်ပြီး ဆွိတီ အလဟဿသုံးပစ်တာ မဟုတ်ဘူးလို့ အကြိမ်ကြိမ်ပြောပြီးပြီ”

“ဒါဆို ဘယ်မှာသုံးတယ်ဆိုတာ အမှန်အတိုင်းပြောရမှာပေါ့။ မပြောတာ မရိုးသားလို့ပဲမဟုတ်လား”

“မဟုတ်ဘူး. . .”

“ငါ. . . တယ်”

စူးစူးနင့်နင့်အော်လိုက်သော ဆွိတီအော်သံအဆုံး ဖေဖေ့လက်တစ်ဖက်က အရှိန်နှင့်မြောက်တက်သွားပြီး တော်တော်နှင့်ပြန်ကျမလာ





ခဲ့ပါ။

သက်ပြင်းချသံ၊ ပြင်းထန်သောအသက်ရှူသံတွေအဆုံး ရွယ်ထားသည့်လက်က ဘုတ်ခနဲပြန်အကျမှာ မျက်စိစုံမှိတ်၊ အံကိုတင်းတင်းကြိတ်ထားသည့် ဆွိတီလည်း ခုံပေါ်မှာတင် အရုပ်ကြိုးပြတ် ခွေလဲကျသွားလေတော့၏။

ဦးခန့်ထည် ရုတ်တရက်တော့ ကြောင်အမ်းအမ်းဖြစ်နေမိသေးသည်။

ညည့်ခန်းထဲကို ချောင်းကြည့်နေသော နှင်းဖြူနှင့် ဒေါ်မြိုင်မှာ ဆွိတီ လဲကျသွားတာနှင့်တစ်ပြိုင်နက်. . .

“အမယ်လေး. . . လုပ်ပါဦး။ မမလေး သတိလစ်သွားပြီ၊ ကယ်ကြပါ”

ဟု ငယ်သံပါအောင် အော်ဟစ်ကာ ပြေးဝင်လာတော့သည်။ ထိုအခါမှ ဦးခန့်ထည်မှာ. . .

“သမီး. . . သမီး ဘာဖြစ်တာလဲ၊ ဆရာဝန်ဆီ ဖုန်းဆက်စမ်း! မြန်မြန်လုပ်စမ်း! ”

ဟုအော်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။

တကယ်တမ်း ပူထူနေတာနှင့် ဆရာဝန်ခေါ်တာတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်။ ဆွိတီဘေးမှာပဲ ယပ်ခတ်သူခတ်၊ ရှေးဦးသူနာပြုစုနည်း တတ်သော ဒေါ်မြိုင်က ဟိုနှိပ် သည်ချိုးလုပ်ပေးတာနှင့် ဆွိတီ သတိ ပြန်ရလာတော့သည်။

သတိရရချင်း ဆွိတီက နှင်းဖြူလက်ကို တင်းတင်းဆုပ်ရင်း ချုံးပွဲချငိုသည်။ စိုးရိမ်ဖွယ်အခြေအနေမရှိတော့တာမို့ ညှိခန်းထဲမှာ လက်နောက်ပစ်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်းမှ ဦးခန့်ထည် က. . .

"နှင်းဖြူ, နင့်မမလေးကို ဂရုစိုက်၊ နောက်ထပ် တစ်ခုခုဖြစ် တာလည်း မမြင်ချင်ဘူး။ အခန်းပြင် လုံးဝမထွက်စေနဲ့"

ဟုမှာကာ အပေါ်ထပ်သို့ တက်သွားလေတော့သည်။

နှင်းဖြူ ဆွိတီပါးပေါ်က မျက်ရည်စတွေကို ကြင်နာစွာ တို့သုတ် ပေးမိ၏။

လာမည့်တနင်္ဂနွေနေ့ ဆွိတီ စေ့စပ်ရတော့မယ်ဟု သူမရော၊ ဒေါ်မြိုင်ပါ သိနေပေမယ့် ပြောမထွက်တာမို့ သက်ပြင်းတွေသာ ကိုယ် စီ ချမိလေသည်။



အခန်း (၁၉)

"ငါ ကားမောင်းမယ်နော်၊ မင်းက ဦးတို့နဲ့ နောက်မှာ သွား ထိုင်"

"အာ. . . မဟုတ်တာ၊ အခု မင်္ဂလာဆောင်တာမှမဟုတ်တာ။ မင်း,မောင်းလည်း ငါကတော့ ရှေ့မှာပဲ မင်းနဲ့အတူတူစီးမှာပဲ"

ရဲသီဟက ပြောပြောဆိုဆို ကားရှေ့ခန်းထဲကို ဝင်ထိုင်လေတော့ သည်။

ရဲသီဟရဲ့ဖေဖေနှင့်မေမေက ဖြိုးကိုကြည့်ပြီး ဖော်ရွေနှစ်လိုစွာ ပြုံးပြကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ. . . ကိုဖြိုးကို အားနာဖို့ကောင်းနေပြီ၊ သူ့ခမျာ ဟို အိမ်နားကနေ မေမေတို့ဆီ တကူးတက လာကြိုရတာ"

ရဲသီဟမေမေ ဒေါ်သင်းသင်းထက်စကားအဆုံး ဖြိုးက. . .

"ရပါတယ် အန်တီ"

ဟုပြောလိုက်ပေမယ့် ရဲသီဟက ဝင်ပြီး အာချောင်လိုက်သေး၏။

"ဒီကောင့်ကို ဒီလောက်တော့ ညှဉ်းထားမှ မေမေရ၊ သူ့အလှည့်က သိပ်မကြာတော့ဘူး"

"ဟယ်. . . ဟုတ်လား သား၊ ဘယ်ကလဲ၊ တကယ်ပဲလား"

"ဟာ. . . မဟုတ်ပါဘူး အန်တီ၊ ဒီကောင် သက်သက်မဲ့ လျှောက်ပြောနေတာ"

"ဟုတ်ရင်လည်း ဟုတ်မှာပါ၊ ကိုဖြိုးမျက်နှာက ရှက်ရဲရဲနဲ့"

ရဲသီဟရဲ့အဖေကြီးကပါ ဝင်ပြောလိုက်တာမို့ ဖြိုး ကိုယ့်မျက်နှာကိုယ် ကားမှန်မှာ ယောင်ပြီး ကြည့်မိသွားတော့ အားလုံး သဘောကျစွာ ပြုံးလိုက်လေသည်။

"ကျောင်းကဆိုရင်တော့ ငါ သိရမှာပဲ၊ ဘယ်မေဂျာကလဲဟေ့ ကိုဖြိုး"





"မဟုတ်ပါဘူး ဆရာ၊ ရဲသီဟ လျှောက်နောက်နေတာ"

"ဟုတ်တယ် ဖေဖေ၊ ဒီကောင့် ကောင်မလေးက ကျောင်းက မဟုတ်ဘူး. . . အပြင်က"

ရဲသီဟက သူ သိသလိုလို ဘာလိုလိုနှင့် အတည်ပေါက်ပြော နေတာမို့ လူကြီးတွေက ယုံကြည်နေကြ၏။ ထို့ကြောင့် ဆရာ ဆရာမ တွေပီပီ အိမ်ထောင်ပြုရင် ဘယ်လို. . . ဘယ်ညာ အစရှိတာတွေကို ရဲသီဟကိုရော သူ့ကိုပါ ရောနှောဆုံးမလာလိုက်တာ ဦးခန့်ထည်အိမ် သို့ ရောက်သည်အထိပင်။

ခြံထဲဝင်လိုက်တော့ ဦးခန့်ထည်က အိမ်အဝင်ဝ ပေါ်တီကိုအောက် မှာ ထွက်ပြီး ကြိုနေလေသည်။ နှစ်ဖက်မိဘတွေရဲ့မျက်နှာက ပြုံးရွှင် နေသလောက် ရဲသီဟကတော့ ရန်သူ့နယ်မြေရောက်နေရသလို မျက် လုံးတွေက ကျီးကန်းတောင်းမှောက် ဖြစ်နေရှာသည်။

"ဦးမြတ်စိုးတို့ တစ်ခါတည်း ပါမလာဘူးလား"

ဦးခန့်ထည်ရဲ့အမေးကြောင့် ဒေါ်သင်းသင်းထက်က. . .

"မပါဘူး ကိုခန့်ရေ၊ သူတို့အစီအစဉ်နဲ့ လာမယ်ပြောတာပဲ"

"ကျွန်တော့်ဧည့်သည်တွေ ရောက်နေပြီဗျ၊ ဒီမှာ ဒရိုင်ဘာ ပါ သားပဲ၊ ပြန်ကြိုခိုင်းလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ထည်က ဖြိုးကို ဒရိုင်ဘာအမှတ်နှင့်ပြောလိုက်တာမို့ ဒေါ်သင်းသင်းထက်က အားနာသွားဟန်နှင့်. . .

"ဒါက သားရဲ့. . ."

"ရပါတယ် အန်တီ၊ လိပ်စာပြောလိုက်ပါ၊ ကျွန်တော် သွားကြို ပေးပါ့မယ်"

"ဟာ. . .မဟုတ်တာ ကိုဖြိုးရာ၊ သူတို့ဘာသာ လာပါ့မယ်ဆိုတာ၊ သွားကြိုလည်း လမ်းလွဲမှာပဲဟာ"

"အင်းလေ. . .ဒါဆိုလည်း ပြီးတာပဲ။ သူတို့အလာ စကားပြောရင်း စောင့်တာပေါ့"

ဦးခန့်ထည်၏ အထက်စီးနင်းဆန်သော မျက်ဝန်းတွေက ဖြိုးကိုယ်ပေါ် တစ်ချက်ဝေ့သွားပြီးမှ ရဲသီဟမိဘတွေကိုခေါ်ကာ အထဲသို့ ဝင်သွားလေတော့သည်။

ကော်လာကတုံးအဖြူနှင့် ကချင်ပုဆိုး နက်ပြာကွက်ကလေးကို ဝတ်ထားသောဖြိုးပုံစံက တောက်ပ သန့်ပြန့်နေပေမယ့် ကားမောင်းသူနေရာမှာမို့ ဒရိုင်ဘာလို့ထင်ပြီး အခိုင်းခံရတာ သိပ်တော့မဆန်း။

ထိုကိစ္စကို ရဲသီဟက သိပ်ကျေနပ်ပုံမပေါ်။

"ရဲသီဟ, ငါ ဒီမှာပဲ နေခဲ့မယ်"





"ဘယ်မှာနေခဲ့မှာလဲ"

"ကားပေါ်မှာပဲ စောင့်နေတော့မယ်ကွာ။ မင်းတို့ပွဲက လူကြီးတွေ အဓိကပဲဟာ"

"ဟာ. . .မဟုတ်တာ၊ ကားထဲစောင့်ရအောင် မင်းက ဒရိုင်ဘာ မှမဟုတ်တာ။ လာ. . .အိမ်ထဲလိုက်ခဲ့၊ မင်းကို ငါ့သူငယ်ချင်းမှန်း မသိလို့ ဟိုအဘိုးကြီးက ပြောသွားတာ။ လာ. . .ဒီမှာနေရင် သူက အဲလို ထင်နေဦးမယ်"

ရဲသီဟကိုအားနာတာကြောင့် အိမ်ထဲလိုက်ဝင်ခဲ့ရပေမယ့် အလွန် ထည်ဝါခမ်းနားသောအိမ်ကြီးရဲ့ အရှိန်အဝါကြောင့် ဖြိုးစိတ်ထဲ အလိုလိုသိမ်ငယ်နေမိ၏။

ဦးခန့်ထည်ဆိုသော လူကြီးဟာ နာမည်နဲ့လိုက်အောင် ထည်ထည်ဝါဝါ နေတတ်လွန်းသည်ဟု ဆိုရမည်။

အိမ်ထဲဝင်လိုက်သည်နှင့် မြက်ခင်းသဖွယ် ဖန်တီးထားသော မြစိမ်းရောင်ကော်ဇောပေါ်ကို နင်းဖြတ်ရတာ အားနာစရာ။ မြက်ခင်းလို ဖြစ်နေတဲ့ ကော်ဇောရဲ့အလယ်မှာတော့ အိမ်တွင်းအလှစိုက်သစ်ပင်ကို ပန်းအိုးနှင့်မဟုတ်ဘဲ ဒီအတိုင်း ကြမ်းပြင်မှာ ချစိုက်ထားတာမို့ အိမ်ထဲရောက်ပြီးမှ ဥယျာဉ်တစ်ခုထဲ ရောက်ရသလိုလို၊ ပြတိုက်ထဲ ဝင်ရ



www.burmeseclassic.com

www.burmeseclassic.com



သလိုလို ဖြစ်သွားသည်။

ညည့်သည်တွေရှိနေသော ညည့်ခန်းဆီသို့သွားရာ စင်္ကြံလမ်းတစ်ဖက်တစ်ချက်ဆီမှာလည်း ကျောက်ခက်ပန်းပင်ပုလေးတွေ တန်းစီစိုက်ထားပြီး နံရံကပ်မီးဆိုင်းတွေကလည်း အနုအပြားမို့ ဖြိုး မငေးဘဲမနေနိုင်။

ညည့်ခန်းထဲ လှမ်းအဝင်မှာတော့ နံရံမှဖောက်ကာ စီးကျနေသည့်ရေတံခွန်တုနှင့် ကြာပန်းကြာရွက်သဏ္ဍာန် ဖန်တီးထားသည့်မြင်ကွင်းကို မြင်လိုက်ရလေသည်။

ညည့်ခန်းက လူနှစ်ဆယ်စာဆန့်သည့် သီးသန့်ညည့်ခန်းကျယ်ကြီးဖြစ်ပြီး တော်ရုံညည့်ခံပွဲလောက်ကို ဒီအခန်းထဲမှာ ကျင်းပနိုင်လေသည်။

ခပ်တိုးတိုးကြားရသော ပီယာနိုသံနှင့် ရေတံခွန်တုလေးဆီမှ ရေကျသံက သာယာနာပျော်ဖွယ်ပင်။ ညည့်ခန်းအဝင်ဝ ကျွန်းတံခါးကြီးနှစ်ချပ်လုံးကို ဖွင့်ထားတာမို့ အပေါ်ဘပ်သို့တက်သည့် ကြောင်လိမ်လှေကားကြီးကို အတိုင်းသားမြင်နေရ၏။

လူကြီးတွေအားလုံး စပ်မိစပ်ရာစကားတွေ ပြောနေကြပေမယ့် ဦးခန့်ထည်ရဲ့မျက်လုံးကတော့ ရည်မွန်သန့်ပြန့်ပြီး သူ့ရဲ့သားမက်လောင်းထက်ပင် ပိုပြီးရုပ်ဖြောင့်နေသော ဖြိုးကို ဘာပါလိမ့်ဟူသော အကဲခတ်





အကြည့်တွေနှင့် တစ်ချက်တစ်ချက်ငေ့ကြည့်တာမို့ ဖြိုး မသိချင်ယောင်ဆောင်ရင်း အိမ်တွင်းအလှဆင်ထားပုံတွေကို ရဲသီဟနှင့် တီးတိုးပြောဆိုနေလိုက်သည်။

"အိမ်ကြီးက အကျယ်ကြီးနော်"

"ခြံလည်း ကျယ်တယ်ကွ၊ အိမ်အနောက်ဘက်မှာ ရေကူးကန်နဲ့ ကစားကွင်းရှိတယ်။ တင်းနစ်လည်း ရတယ်၊ အဘိုးကြီးက ဂေါက်ကွင်းတောင် တကူးတက သွားစရာမလိုအောင် သူ့ခြံနောက်မှာ လေ့ကျင့်ရေးကွင်း လုပ်ထားတာ"

ရဲသီဟက သူသိသလောက် ဖြိုးကို ရှင်းပြသည်။

"ဦးခန့်ထည်ရော၊ ဦးနေရဲရော ကျွန်တော်တို့ နောက်ကျသွားတဲ့အတွက် စိတ်မရှိနဲ့ဗျာ။ လမ်းရောက်မှ ကားဒူးဆစ်ပြုတ်နေလို့ ချိန်းဟာနဲ့ဘာနဲ့ ကြာသွားတာ"

"ဟာ. . . ရပါတယ်ဗျာ၊ ရောက်လာတာပဲ ကျေးဇူးတင်ပါတယ်"

ရဲသီဟအဖေက ပျာပျာသလဲ ပြန်ပြောသည်။ ဦးခန့်ထည်ကတော့ စုံလင်စွာ ရောက်ရှိနေသည့်ညည့်သည်တွေကို ကြည့်ရင်း အပေါ်ထပ်လှေကားကို စိုးရိမ်ပူပန်ရိပ်.သမ်းသည့်မျက်လုံးတွေနှင့် မကြာခဏလှမ်းကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူးလို့ ပြောနေတယ်၊ ငါ့ကိုလွှတ်နော်"

ကျယ်လောင် စူးရှလှသော မိန်းကလေးတစ်ယောက်ရဲ့အော်သံကြောင့် စကားပြောဆိုသံတွေ ရှဲခနဲ တိတ်ကျသွားပြီး အသံလာရာ အပေါ်ထပ်လှေကားဆီသို့ လှမ်းကြည့်လိုက်မိကြ၏။

ဦးခန့်ထည်မျက်နှာက ပြုံတော့မည့်မိုးလို ညှို့မည်း အုံ့ဆိုင်းကာ ထိုင်ရာမှ အလျင်စလို ထရပ်လိုက်လေသည်။

ဖြိုးနဲ့ ရဲသီဟမှာ အားလုံးရဲ့ ထိတ်ထိတ်လန့်လန့်ပုံစံတွေကြောင့် သူတို့တွေ ကြည့်နေရာဆီသို့ ခေါင်းထောင်ကြည့်လိုက်မိကြ၏။

"ဟင်!. . ."

ဖြိုး ပါးစပ်အဟောင်းသား ဖြစ်သွားရတဲ့အထိ အံ့ဩမင်တက်သွားစေသည့်မြင်ကွင်းက အပေါ်ထပ်မှဆင်းသည့် ကြောင်လိမ်လှေကားကြီးပေါ်မှာ ရှိနေသည်။

"နှင်းဖြူ"

သူ နှုတ်ခမ်းလှုပ်ရုံလေး တီးတိုးရေရွတ်လိုက်မိ၏။ နှင်းဖြူရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ဦးခန့်ထည်ရဲ့အလုပ်သမားဖြစ်ဟန်တူသော မိန်းမကြီးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ရှိနေပြီး သူမလက်မောင်းတွေကို တစ်ဖက်စီဆွဲကာ ဖမ်းချုပ်လာပုံမျိုးနှင့် လှေကား





မှခေါ်လာတာကြောင့် ဖြိုးရင်ထဲ စိုးရိမ်စိတ်နှင့် နင့်ခနဲဖြစ်သွားမိသည်။

သူ သတိလက်လွှတ် ထိုင်ရာမှ ထရပ်တော့ ရဲသီဟက အံ့ဩသလို မော့ကြည့်၏။

ဖြိုး ဘာကိုမှ ဂရုမစိုက်နိုင်။

ဆံပင်တွေ ဖရိုဖရဲ ရှုပ်ပွလျက် အဝတ်အစားသစ်တွေ ဝတ်ပေးထားပေမယ့် ဗိုသီဖတ်သီဖြစ်နေသော နှင်းဖြူကို မြင်လိုက်ရတော့ ဖြိုးအဲတိုင်းအဆမဲ့ တုန်လှုပ်ချောက်ချားသွားမိသည်။

"နှင်းဖြူ"

ဖြိုးခေါ်သံကြောင့် ဦးခန့်ထည်နှင့် ညှော်ခန်းထဲ ရှိသမျှလူအားလုံးရဲ့အကြည့်တွေက သူ့ဆီ စုပြုံရောက်ရှိလာသည်။

အကြောက်အကန်ရုန်းကန်နေတဲ့ သူမခန္ဓာကိုယ်လေးက ရုတ်ချည်းငြိမ်သက်သွားပြီး ဖြိုးထံ ဖြည်းဖြည်းချင်း လှမ်းကြည့်လေသည်။ ထို့နောက် အငိုက်မိနေတဲ့ ဟိုနှစ်ယောက်လက်ထဲမှ အားကုန်ဆောင့်ရုန်းကာ ဖြိုးထံသို့ အပြေးအလွှားဆင်းလာလေတော့၏။

"ဖြိုး. . . ဖြိုးရယ်၊ ဖြိုးနဲ့ဝေးရပြီ ထင်နေတာ။ အခု လာခေါ်တာလားဟင်။ ဒီကနေ အဝေးဆုံးကို သွားရအောင် ဖြိုးရယ်. . . နော်"

သူမစကားတွေကြောင့် သံသယရိပ်စွက်သော ရဲသီဟရဲ့မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့ဆီ တန်းခနဲရောက်လာသလို. . .

"သမီး ဆွိတီ၊ အခုပြန်လာစမ်း"

ဟူသော ဦးခန့်ထည်ရဲ့အော်သံကြီးက မိုးခြိမ်းတမျှ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဆွိတီက ဘယ်သူလဲဟင်"

"အဲဒါတွေ ဆွိတီ ရှင်းပြပါ့မယ် ဖြိုးရယ်၊ အခုသာ ဆွိတီကို ဒီက ခေါ်သွားပေးပါ"

"ဟင့်အင်း, ကိုယ်သိတာ နှင်းဖြူပဲ၊ နှင်းဖြူ ဘယ်မှာလဲ"

"မင်းသိတဲ့နှင်းဖြူက ဒီမှာ၊ ငါ့အိမ်က အလုပ်သမား။ အဲဒါ ငါ့သမီး. . . လွှတ်စမ်း! ဟေ့ကောင်"

"အို. . . မဟုတ်ဘူး၊ ဆွိတီ ရှင်းပြမယ်။ ဖေဖေပြောတာ မယုံနဲ့၊ ဖြိုးရဲ့နှင်းဖြူက ဆွိတီပဲလေ။ ဖြိုး, နှင်းဖြူလို့သိထားတာ ဆွိတီပဲ။ နှင်းဖြူက သူ၊ ဖြိုး, သူ့ကိုမသိဘူးမှတ်လား"

အားလုံး မျက်စိလည် နားရှုပ်သွားပေမယ့် ဖြိုးကတော့ ရေးရေးသဘောပေါက်လိုက်ပါပြီ။

မျက်လုံးအပြူးသားနှင့် လေ့ကားနားမှာ ရပ်နေသော အသားညိုညို ခပ်ပိန်ပိန်ကောင်မလေးကမှ ဒီအိမ်က အိမ်ဖော်မလေး နှင်းဖြူ





အစစ်ပေါ့။ ဒါဆို သူမက ဦးခန့်ထည်ရဲ့သမီး မေဝင့်ထည်။

"အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တဲ့အကောင်၊ ငါ့သမီးကို အပိုင်ချိုင်တာပေါ့. . . ဟုတ်လား။ မင်းနဲ့တန်လို့လား. . . ဟမ်၊ ဆွိတီ, သမီး ဒီကောင့်ကို ငွေတွေ ခိုးပေးနေတာမှတ်လား။ ဟေ့ကောင်. . . မင်းကို ရဲလက်မအပ်ခင် ဒီအိမ်ထဲက အခုထွက်သွားစမ်း"

ဦးခန့်ထည်ရဲ့ ဒေါသတကြီး အော်ငေါက်သံအဆုံး ရဲသီဟရဲ့ အဖေအမေတွေက ပျာပျာသလဲ ဝင်တားရှာသည်။

"ခဏ. . . ခဏ နေပါဦး ကိုခန့်ရယ်။ ဒီကိစ္စကို ကျွန်မတို့ မိသားစုက ဘာမှသိတာမဟုတ်ဘူး။ ဒီအရှုပ်အရှင်းတွေကို အေးအေးဆေးဆေးဖြေရှင်းကြပါ။ ဒါ သားရဲ့သူငယ်ချင်းလေးပါ"

ဖြိုးမျက်နှာတစ်ပြင်လုံး ရှက်စိတ်ကြောင့် နီရဲထူအမ်းနေသည်။ ဆွိတီက သူ့လက်တစ်ဖက်ကို လွှတ်ထွက်သွားမှာစိုးသည့်အလား တင်းတင်းဆွဲထား၏။

ရဲသီဟကတော့ ဘာမှဝင်ပြောချင်စိတ်မရှိသလို ခေါင်းငိုက်စိုက်ချ ငြိမ်သက်နေလေသည်။ ဖြိုး ဘာမှမမှားခဲ့ပေမယ့် လွဲမှားရက်လေသော ကံကြမ္မာကြောင့် ခေါင်းမဖော်ရဲအောင် ရှက်နေမိ၏။

"နေရဲ. . . မင်းကိုတော့ အားနာတယ် သူငယ်ချင်းရာ။ မထက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကျွန်တော် တောင်းပန်တယ်။ ဒါပေမဲ့ ဒီကိစ္စက ကျွန်တော့် သမီးရဲ့မိုက်မဲမှုကြောင့် ဒီလိုပိုင်းလုံးကောင်ကို ကြိုက်မိလို့ အခုလို လူကြီးမိဘတွေ မျက်နှာပျက် အရှက်ရတာ။ ကျွန်တော်ဘယ်လိုမှခွင့်လွှတ်သည်းမခံနိုင်တော့ဘူး။ သမီး၊ ဖေဖေ့ဆီကိုပြန်လာခဲ့။ ဟေ့ကောင်. . . မင်း ငါ့သမီးလက်ကိုလွှတ်ပြီး အခုထွက်သွားစမ်း''

ရစရာမရှိအောင် နင်းချေ ဖျက်ဆီးခံလိုက်ရသည့် ရှိုစုမဲ့စုမာန နှင့်သိက္ခာအတွက် အားလုံးကို ဖြိုး ခေါင်းမော့ ရင်ဆိုင်လိုက်သည်။

အထူးသဖြင့် ပစ္စည်းဥစ္စာမာန်တွေ တက်နေသော ဦးခန့်ထည်ကိုဖြစ်၏။

''ကျွန်တော့်ကို ပိုင်းလုံးလို့ ပြောရအောင် ဦးမှာ ဘာသက်သေအထောက်အထားရှိလို့လဲ။ ကျွန်တော် သူ့ဆီက ဘာမှချူမစားခဲ့ဘူး။ ပြီးတော့ ကျွန်တော်သိထားတာက သူ့ကို ဦးသမီးအနေနဲ့မဟုတ်ဘူး။ ဒီအိမ်က အိမ်ဖော် နှင်းဖြူအနေနဲ့ပဲ သိထားတာ''

''အေး. . . နှင်းဖြူအနေနဲ့ပဲသိရင် မင်းသိတဲ့နှင်းဖြူကို ခေါ်သွား။ ငါ့သမီးကို လက်ဖျားနဲ့တောင် မထိနဲ့၊ ငါ့သမီးဆီက ငွေသိန်းတစ်ရာရထားပြီးပြီမဟုတ်လား။ ဒီလောက်နဲ့ ကျေနပ်လိုက်တော့၊ နောက်ဆုတ်လိုက်တော့ကွ''





ဖြိုး ဒေါသကြောင့် လက်သီးကို တင်းခနဲဆုပ်လိုက်မိ၏။

''သိန်းတစ်ရာ, ဟုတ်လား။ အဲဒီသိန်းတစ်ရာကို သူ ဘာလုပ်တယ်ဆိုတာ မေးကြည့်ပါဦး။ ကျွန်တော် ဘယ်တုန်းကမှ သူ့ဆီက ဘာမှမယူခဲ့ဖူးဘူး''

''သူခိုးကတော့ ခိုးတယ်ပြောမလားကွ''

''ဒါဆို သူ့ကို အားလုံးရှေ့မှာ မေးလိုက်၊ ကျွန်တော့်ကို ဘယ်နှကျပ် ပေးသလဲလို့''

ဖြိုး သူမလက်ကိုဆွဲရင်း ဦးခန့်ထည်ရှေ့ကို တွန်းပို့လိုက်သည်။ အားလုံး ငြိမ်သက် အံ့အားသင့်နေချိန် ဖြိုးကတော့ အသားဆတ်ဆတ်တုန်သည်အထိ ဒေါသဖြစ်နေရ၏။

''သမီး. . . ဖေဖေပြောတာ ဟုတ်တယ်မှတ်လား။ ငွေတွေ သူ့ကိုပေးလိုက်တာ မဟုတ်လား''

သူမက ငိုရှိုက်ရင်း ခေါင်းကို တအားခါရမ်းသည်။

''မဟုတ်ဘူး. . . မမေးနဲ့၊ ထပ်မမေးပါနဲ့''

''အဲလိုမငြင်းနဲ့၊ အမှန်အတိုင်းပြောရမယ်။ သမီးဘာလုပ်တယ်၊ ဘယ်သူ့ကိုပေးတယ်ဆိုတာ အားလုံးရှေ့မှာ ပြောရမယ်။ မပြောရင် ဖေဖေကတော့ ဟုတ်နေတယ်လို့ပဲ ယူဆရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမရှိုက်သံ ပိုကျယ်လာသလို ဖြိုးခေါင်းက ဆတ်ခနဲ ထောင်မတ်သွားရ၏။

"နှင်း. . . အဲ. . . ပြောလိုက်လေ ဆွိတီ။ ကိုယ် မင်းဆီက ဘာမှမယူခဲ့တဲ့အကြောင်း"

သူမက ငိုရင်း ခေါင်းကိုသာ တွင်တွင်ရမ်းနေသည်။ အားလုံးရဲ့အကြည့်စူးစူးတွေက ဖြိုးကိုယ်ပေါ်မှာပဲ စူးစိုက်ရောက်ရှိနေတာမို့ ရှက်စိတ်မွှန်ကာ ချွေးစေးတွေပင် စို့လာရ၏။

"မသိဘူး. . . မသိဘူး. . . ဆွိတီ ဘာမှမသိဘူး"

ဆွိတီက ခေါင်းကို တွင်တွင်ခါရမ်းရင်း ငိုရှိုက်ကာ လှေကားအတိုင်း ပြန်ပြေးတက်သွားလေတော့သည်။

"ဆွိတီ. . ."

သူမကိုခေါ်ရင်း ဖြိုး နောက်ကပြေးလိုက်မယ်ကြံတော့ ရဲသီဟက ဖြိုးလက်ကိုဆွဲထားရင်း ခေါင်းရမ်းပြသည်။

"မဟုတ်ဘူး. . . ဒီကိစ္စကို သူကိုယ်တိုင် ရှင်းပြမှဖြစ်မှာ"

"တော်စမ်း!. . . ဟေ့ကောင်၊ ဆင်တစ်ကောင်လုံးတွေ့မှ ဆင်ခြေရာရှာတာ ရှူးလို့ပဲ။ ခု ငါ့သမီးက မင်းပဲလို့ဖွင့်မပြောတာ ကျေးဇူးတင်။ ဒီလောက်နဲ့ မင်းသိက္ခာ မင်း,ကုန်းကောက်ပြီး ငါ့ခြံထဲက ထွက်





သွားတော့"

'စိတ်ချပါ၊ ဒီကိစ္စကို ကိုယ့်စိတ်ထဲမှာပဲ ထားမှာပါ'ဆိုတဲ့ကတိစကားက သူ့ရဲ့အရှက်နဲ့သိက္ခာကို လှလှပပဖျက်ဆီးပြီးသွားပြီမို့ ဖြိုး ဘာမှမတတ်သာ။

သူမ တက်သွားရာလှေကားကို မော့ကြည့်ရင်း ဖြိုး 'တောက်' တစ်ချက် နာကျင်ခံပြင်းစွာ ခေါက်လိုက်မိ၏။

ဦးခန့်ထည်နဲ့သူ့အသိုင်းအဝိုင်းက ဂုဏ်သရေရှိလူကြီးလူကောင်းတွေရဲ့ အထင်သေး ရွံ့ရှာတဲ့အကြည့်၊ အချစ်ဆုံးသူငယ်ချင်းရဲ့ နာကျင်အံ့သြနေတဲ့သံသယအကြည့်တွေကြား ဖြိုးရဲ့မာနက မီးပုံကြားက မြွေဟောက်တစ်ကောင်လောက်သာ တတ်နိုင်တော့သည်။

သူ ထိုနေရာကနေ ဝေးရာသို့ ပြေးထွက်လာခဲ့သည်။ ရှက်ရွံ့ခြင်းနှင့် ဝမ်းနည်းခြင်းက သူ့နှလုံးသားကို ထိုနေရာမှာပဲ တစ်စစီ ဆွဲဆုတ်ပစ်လိုက်တာမို့ သူ့ရင်က ဗလာကျင်းလျက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကိုဖြိုး ရှိသလားကွယ့်"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အသားဖြူဖြူ၊ အရပ်ပုပု နှင့် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မင်းမင်းက အဒေါ်ကြီးကို လက်ကာပြရင်း. . .

"ရဲထိုက်, ဒီမှာ ကိုဖြိုးညွှသည်ရောက်နေတယ်လို့ ပြောလိုက်ဦး။ အဒေါ်ကြီး ဒီမှာခဏထိုင်ဦးနော်"

"အေးအေး. . ."

မင်းမင်းက ထိုမိန်းမကြီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးတာမို့



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်သလို တစ်ချက်ကြည့်ပြီး သူ့အလုပ်သူ ဆက်လုပ်နေသည်။

သူမက ဝပ်ရှော့ခြံဝင်းထဲက စုတ်ပြတ်ပေရေနေသော ကောင်ကလေးတွေကို တစ်ယောက်ချင်းလိုက်ကြည့်ပြီး ကိုဖြိုးကို လိုက်ရှာနေ၏။

"ကျွန်တော် ကိုဖြိုးပါ"

ရုတ်တရက် အနားရောက်လာတော့ သူမက အံ့သြ လန့်ဖြန့်သွားပုံနှင့် မော့ကြည့်လေသည်။

ဖြိုး ထိုအဒေါ်ကြီးကို မြင်ဖူးသလိုလိုရှိတာမို့ ကြည့်နေစဉ်. . .

"အဒေါ်က ဆွိတီတို့အိမ်က ဒေါ်မြိုင်ပါကွယ်"

ဟု ပြောလိုက်သောကြောင့် သူ့ရင်တစ်ခုလုံး ကျဉ်ခနဲဖြစ်သွားရလေသည်။

ရှက်ရွံ့နာကျင်ရတဲ့ခံစားမှုက အသစ်ဖြစ်တည်လာသလို ဆွိတီဆိုသောနာမည်က သူ့ကို အိပ်မက်တွေထဲအထိ ခြောက်လှန့်ခဲ့တာဖြစ်၏။

ဖြစ်နိုင်လျှင် ဒီပတ်ဝန်းကျင်ကနေ ပြေးချင်ပြီ။

ဆွိတီဆိုတဲ့နာမည်ကို မကြားပါရစေနဲ့တော့။

မေဝင့်ထည်ဆိုတဲ့ သူဌေးသမီးတစ်ယောက်ရဲ့ လှလှပပဖြား





ယောင်းလှည့်စားခြင်းထဲမှာ ကစားစရာအရုပ်ဖြစ်ခဲ့ရတဲ့ ဖြိုးက အရှက်သိက္ခာနဲ့အတူ နှလုံးသားကိုပါ အဆစ်စတေးလိုက်ရသေးသည်။

သူ့ကိုယ်သူ နှင်းဖြူတဲ့။ သနားစရာအိမ်ဖော်မလေးပေါ့။

ပိပိရိရိ ညာရက်ပါပေ့ ဒေါ်မေဝင့်ထည်ရယ်။

"ဘာကိစ္စရှိလို့လဲ အဒေါ်ကြီး။ ကျွန်တော့်အနေနဲ့တော့ ဆွိတီဆိုတာ ကျွန်တော့်ဘဝမှာ တစ်ကြိမ်တစ်ခါမှ မပတ်သက်ခဲ့ဖူးဘူးလို့ မှတ်ထားပါတယ်"

ဖြိုးစကားကြောင့် ဒေါ်မြိုင်ကဲ မျက်နှာပျက်သွားသည်။

"ဒီ. . . ဒီလိုပါကွယ်၊ ခု ဆွိတီလေးက တော်တော်နေမကောင်းဖြစ်နေရှာတယ်။ သားကိုတွေ့ချင်တယ်လို့ တတွတ်တွတ်ပူဆာနေလို့ပါကွယ်"

"ခဏလေး. . . အဒေါ်၊ သူ နေမကောင်းဘူးဆိုရင်တော့ အတွေ့သင့်ဆုံးက အထူးကုသမားတော်ကြီးတွေပါပဲ၊ ကျွန်တော် မဟုတ်ပါဘူး။ ဝပ်ရှော့အလုပ်သမားတစ်ယောက်နဲ့တွေ့လို့ သူ့ရောဂါတွေ သက်သာပျောက်ကင်းသွားမှာမှမဟုတ်တာ။ အဒေါ် နေရာမှားလာပြီ၊ သူ့မျက်နှာကိုမမြင်ချင်တဲ့ လူတစ်ယောက်ကို လာခေါ်မယ့်အစား ဆရာဝန် ပင့်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုခါးခါးသီးသီးစကားတွေ ကြားရလိမ့်မယ်လို့ အဒေါ် မထင်မိဘူးကွယ်။ သူ့ခမျာ အတန်တန်မှာရှာတာ၊ သားက သူ့ကို နာကြည်းနေမှာတဲ့။ ဒါပေမဲ့ သေရတော့မယ်ဆိုရင်တောင် မသေခင် တောင်းပန်ချင်တာတွေ ရှင်းပြချင်တာတွေ ပြီးအောင် လုပ်သွားမယ်တဲ့လေ”

သူ့ရင်ထဲ နင့်သွားပေမယ့် နာကြည်းစွာ ပြုံးလိုက်မိ၏။

“သေတဲ့အထိတောင် ကျန်ခဲ့တဲ့လူကို ဇဝေဇဝါအတွေးတွေနဲ့ ဆွေးမြည့်ကျန်ခဲ့အောင် လှည့်စားဦးမယ်ဆိုပါတော့”

“မခနဲ့ပါနဲ့ကွယ်. . . ဆွိတ်ဘဝက သနားစရာပါ။ သားစိတ်နဲ့ပဲ သူ့ခမျာ မအိပ်နိုင် မစားနိုင်ဖြစ်နေတာ။ ဆရာကြီးကလည်း ဘယ်မှ မထွက်ရအမိန့်နဲ့ အခန်းတံခါးပိတ်ထားတော့ ကြာရင် သေဖို့ပဲ ရှိတော့တယ်။ အဒေါ်က သားသမီးချင်းကိုယ်ချင်းစာလို့ လာပြောပေးတာပါ။ သားက လိုက်မတွေ့နိုင်ဘူးဆိုတော့လည်း ဘာတတ်နိုင်မှာတုန်းကွယ်။ အင်း, သူ့ထိုက်နဲ့ သူ့ကံပေါ့။ ငယ်ငယ်ကတည်းက ကံမကောင်းလိုက်တဲ့ကလေး, ဝဋ်ရှိသရွေ့ ခံပေဦးတော့၊ သင်းလည်း သေမှ ကျွတ်မယ့် ဝဋ်တွေ. . . ကြီးပဲ့”

ဒေါ်မြိုင်က မချိတင်ကဲ ရေရွတ်ရင်း ထိုင်ရာမှ ထရပ်သည်၊ ထို့နောက် ငေးငိုင်နေတဲ့ဖြိုးကို တစ်ချက်မျှကြည့်ကာ သက်ပြင်းရှိုက်လျက်





ထွက်သွားလေတော့၏။

သူမက နှုတ်မဆက်သွားသလို ဖြိုးကလည်း နှုတ်ဆက်ဖို့သတိမရ။

**“လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ငွေကြေးနဲ့ဖျက်ဆီးလို့ ရသလို ပျက်စီးနေတဲ့ဂုဏ်သိက္ခာကို ငွေကြေးနဲ့ဝယ်ယူလို့ရတယ်”**

သူမအသံကို ညစဉ်ညတိုင်း အိပ်မက်တွေထဲမှာ ထိတ်လန့် တုန်လှုပ်ဖွယ် ကြားခဲ့ရတာမို့ ဖြိုး ရူးသွပ်တော့မတတ် ခံစားခဲ့ရပြီးပြီ၊

သနားစရာကောင်းသော၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသော အမူအရာ ဟန်ပန်တွေက မာယာတွေဆိုတာ မယုံနိုင်လောက်အောင် ပီပြင်ခဲ့တော့ ဖြိုးမှမရူးလျှင် ဘယ်သူ ရူးမှာတဲ့လဲ။

**“ဒါပေမဲ့ ငွေကြေးနဲ့ ဝယ်လို့မရတာလည်း ရှိတယ်။ အဲဒါ ဖြိုးကို ချစ်တဲ့အချစ်၊ ဖြိုးဆီက ရထားတဲ့အချစ်လေ။ ဘယ်လိုမှတန်ဖိုးမဖြတ်နိုင်ဘူး”**

အက်ခါစ်လို သူ့နှလုံးသားကို တရိရိ ဆွေးမြည့် လိုက်စားစေမယ့်စကားဆိုရင်တောင် ထိုအက်ဆစ်က ပျားရည်ထက် ချိုပြီး နှင်းဆီထက်ပင် မွှေးပျံ့လိမ့်ဦးမည်။

**“ဖြိုး…လက်ထပ်ရအောင်နော်၊ ဘယ်သူမှမသိနိုင်တဲ့ အဝေးဆုံးကို**



www.burmeseclassic.com

www.burmeseclassic.com



သွားနေကြမယ်"

ဆိုတာ အလှပဆုံး ရက်စက်မှုတွေလား ညီမလေးရယ်။ ရင်ထဲမှာ ချစ်သူတစ်ယောက်လိုရော. . ညီမလေးတစ်ယောက်လိုပါ အရိပ်တကြည့်ကြည့် တွယ်တာမြတ်နိုးခဲ့ရတာ ရွှေအိမ်စံမင်းသမီးလေး သိရဲ့လား။

မင်း ညာရက်လိုက်တာ မေဝင့်ထည်ရယ်။

"ကိုဖြိုး. . ."

အတွေးတွေနဲ့အတူ လွင့်ချင်ရာ လွင့်နေတဲ့စိတ်က မင်းမင်းခေါ်သံကြောင့် ပစ္စက္ခကို ပြန်ရောက်လာ၏။

"မင်း သူနဲ့တွေ့သင့်တယ်"

ဖြိုး ခေါင်းရမ်းလိုက်သည်။

"ဒဏ်ရာက အကင်းမသေသေးပါဘူးကွာ။ ထပ်ပြီး အညှော်မတိုက်ချင်ကြပါနဲ့တော့"

"ဒီလိုတစ်ဖက်သတ် မဆုံးဖြတ်နဲ့ဦး ကိုဖြိုး။ သူ့မှာ ဖွင့်ပြောလို့မရတဲ့ အခက်အခဲတွေ ရှိလိမ့်မယ်လို့ ငါထင်တယ်"

မင်းမင်းစကားအဆုံး ရဲထိုက်က ကွမ်းတံတွေးကို ပျစ်ခနဲထွေးထုတ်ရင်း. . .





"ယောက်ျားပဲကွာ. . . ဒီလောက်တော့ အသည်းမာပေါ့။ ဟိုက သူဌေးသမီးဖြစ်နေတာပဲ။ မင်း မရှုံးပါဘူး"

"ဟေ့ကောင်! မင်း ဘာစကားပြောတာလဲ"

"အမှန်အတိုင်းပြောတာပဲ၊ အစက မင်းလိုချင်တာ အဲလိုမျိုး ကောင်မလေးပဲလေ။ မင်းက သိပ်ချမ်းသာချင်တဲ့ကောင်။ မရှိတာကိုတောင် အရှိလုပ်ပြီး ကြွားသေးတာ။ အခု သူဌေးသမီးမှန်း သိလိုက်ရတော့မှ ဘာမှုနေတာလဲ"

"ငါ. . . ကွာ. . . တောက်!"

သူ ရဲထိုက်ရဲ့အင်္ကျီကော်လာစကို ဆောင့်ဆွဲရင်း လက်ရွယ်မိသွားသည်။ ရဲထိုက်က ကွမ်းဝါးမပျက်. . .

"အမှန်အတိုင်းပြောလို့ အနာပေါ် တုတ်ကျသလို နာတယ်ဆိုရင် ထိုးလိုက် ကိုဖြိုး။ သူငယ်ချင်းအချင်းချင်း မုန်းစရာမရှိဘူး။ မင်းကိုမုန်းလို့ ဖွဲ့တယ်ထင်ရင် လုပ်ပေါ့"

"တောက်!. . ."

သူ တောက်ခေါက်ရင်း ရဲထိုက်အင်္ကျီစကို လွှတ်ချပေးလိုက်၏။ ရဲထိုက်က ကော်လာစကို ဆွဲခါရင်း မျက်တောင်စင်းနှင့် စောင်းပေပေကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းက သူ့ပခုံးကိုဆွဲဖက်ရင်း ရဲထိုက်ဘက် လှည့်ကာ ဟန့်လိုက်၏။ ထို့နောက် ဖြိုးကို တစ်လှည့်နှစ်သိမ့်သည်။

"တော်တော့ကွာ. . . အချင်းချင်းတွေ စကားနာ ထိုးမနေကြနဲ့တော့။ ကိုဖြိုးက သူ့ကို သူဌေးသမီးမှန်း မသိခင် အိမ်ဖော်ဆိုကတည်းက ချစ်ခဲ့တာ ငါတို့လည်း သိနေတာပဲ။ ခုကိစ္စက လူပုံအလယ်မှာ ကိုဖြိုးက အရှက်ခွဲခံလိုက်ရတာ။ ဒါပေမဲ့ တမင်လုပ်တာတော့ မဖြစ်နိုင်ဘူး။ ငါပြောသလို သူ့မှာ လူသိမခံနိုင်တဲ့ မိသားစုအတွင်းရေး ရှိလိမ့်မယ်။ စဉ်းစားပေါ့ကွာ. . ."

"မဟုတ်ဘူး. . . ငါ စိတ်နာတာ အဲဒီ့ကိစ္စတစ်ခုတည်းကြောင့် မဟုတ်ဘူး။ သူ ငါ့ကို တောက်လျှောက်ညာခဲ့တာ။ အိမ်ဖော်ပါဆိုပြီး ညာလာတာ။ ပြီးတော့ ငါ့ဆီက ကရုဏာတွေ သံယောဇဉ်တွေ ရနိုင်သမျှယူပြီး အသုံးချတယ်။ နောက်ဆုံး ငါ့ကို ချူစားတဲ့ကောင်၊ ပိုင်းလုံးလို့ စွပ်စွဲတော့ သူ ရှင်းမပြဘူး။ အဲဒါက ဘာလဲ. . . သူ ငါ့ကို တကယ်ချစ်ရင် ရိုးသားရမှာပေါ့"

ရဲထိုက်က ဟက်ခနဲရယ်ရင်း ခါးထောက် မတ်တပ်ရပ်ကာ. . .

"မင်းတောင် သူ့အပေါ် ရိုးသားခဲ့လို့လား။ နည်းနည်းများများ ညာတာက ညာတာပဲကွ။ ဒီလိုပြောကြေးဆို ခုချိန်ထိ မင်းဘဝမှန်ကို





သူသိလို့လား"

"ငါက ဝန်ခံဖို့ ဆုံးဖြတ်ထားပြီးသားကွ"

"ဟိုကလည်း ဝန်ခံချင်နေတယ်လေ။ မင်း နားထောင်ပေးသင့်တာပေါ့။ အဲလိုမှမဟုတ်ရင် မင်း မတရားဘူး"

ရဲထိုက်စကားက သူ့ကို အရှိုက်ထိရုံတင်မဟုတ်။ ဘယ်ဘက်ရင်အုံကိုပါ တည့်တည့်ထိသွားတာမို့ ဖြိုး အငိုက်မိသွားရပါသည်။

ပြန်လည်ချေပဖို့စကားတွေ ပျောက်ဆုံးကုန်တဲ့အထိ ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"လူနာအခြေအနေက ပြောရခက်တယ်ဗျ။ နှလုံးအားနည်းတာက သူ့ရဲ့စိတ်ခံစားမှုနဲ့လည်း ဆိုင်တယ်။ စိုးရိမ်သောကတွေ စိတ်ဖိစီးမှုတွေ များပြီး ကလေးက Depression...ဝင်နေတာ။ ဒီတော့ ကျွမ်းကျင်တဲ့ psychiatrist နဲ့ပြပြီး ဆွေးနွေးကြည့်ပါ။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ကျွန်တော်တို့ ခင်ဗျားတို့က ဂရုစိုက်စောင့်ရှောက်နိုင်ပေမယ့် စိတ်ပိုင်းဆိုင်ရာကျတော့ သက်ဆိုင်ရာတွေနဲ့ ပြကြည့်လိုက်မှ အဆင်ပြေမှာ။ ဘာကိုဆိုလိုတယ်ဆိုတာ ခင်ဗျားသဘောပေါက်မှာပါ။ ဒီလူနာမျိုးက စိတ်ဆင်းရဲရင် အသက်ဆုံးရှုံးတဲ့အထိ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဒုက္ခပေးသွားနိုင်တယ်။ တခြားစိုးရိမ်စရာတော့ ဘာမှမရှိပါဘူး။ ကျွန်တော်ပေးခဲ့တဲ့ဆေးတွေ မှန်မှန်တိုက်ပါ။ နဂိုက အစာအိမ်ရောဂါ အခံရှိတဲ့အတွက် အစားအသောက်ကို ဂရုစိုက်ကျွေးပါ။ တချို့ဆေး တွေက ပြင်းတော့ အစာမရှိရင် အူတွေကို ဒုက္ခပေးလိမ့်မယ်"

"ကောင်းပါပြီ ဆရာ"

ဆရာဝန်ရဲ့အမှာစကားအဆုံး ဦးခန့်ထည် သက်ပြင်းမောတစ် ချက် ချလိုက်မိသည်။

သမီးလေးကို လိုလေသေးမရှိ ပြည့်စုံအောင် ထားခဲ့ပါလျက်နှင့် မရှိနိုင်တာ၊ သူမပေးနိုင်တာကိုမှ လိုချင်နေပြီး ဆင်းရဲဒုက္ခရောက်ရ သောအဖြစ်ကို သူ မကြည့်ရက်ပြန်။

ချစ်ပေမယ့် ပျက်ဆီးသွားမှာစိုးလို့ အလိုမလိုက်ခဲ့တာက သူ့ရဲ့ စေတနာဆိုတာ သမီးက နားလည်ပါ့မလား။ တစ်သက်လုံး စည်း နှင့်ကမ်းနှင့် ထိန်းသိမ်းစောင့်ရှောက်လာသမျှ ခုမှအလျှော့ပေးရတော့ မလို။

အသက်အဆုံးခံမလား... ဘဝအဆုံးခံမလား၊ ကြိုက်ရာရွေး ဆိုတဲ့အခွင့်အလမ်းဆိုးတွေကို ဥပေက္ခာပြုပြီး သမီးကိုစွန့်လွှတ်ဆုံးရှုံး လိုက်ရမှ နောင်တ မရချင်။ သူ ဆုံးဖြတ်ဖို့ ဒွိဟဖြစ်နေမိ၏။





"သမီး..."

မျက်တွင်းတွေကျလျက် ပိန်လှီဖျော့တော့နေသော သမီးက သူ့ ကို မျက်တောင်ဖွင့်ကြည့်တာမို့ ဦးခန့်ထည် နည်းနည်းတော့ စိတ်အေး သွားရသည်။

"သမီး နေကောင်းအောင် နေနော်၊ နေကောင်းရင် သမီးသွား ချင်တဲ့နေရာ ဖေဖေ လိုက်ပို့မယ်။ သမီးစားချင်တာတွေလည်း ကျွေး မယ်။ သမီးတွေ့ချင်တဲ့လူ... အဲ"

ဦးခန့်ထည် စကားကို တစ်ဝက်မှာပဲ ရပ်ထားလိုက်သည်။ ဆွိတီ က အသက်ကို မျှင်းရှိုက်နေရာမှ အနိုင်နိုင်အားယူရသောလေသံလေး နှင့်...

"မသေခင် တစ်ခါလောက် ဖြိုးကို တွေ့ပါရစေ ဖေဖေရယ်"

ဟု ဘယ်တုန်းကမှ မပြောခဲ့ဖူးသော လေသံပျော့ကလေးနှင့် တောင်းတောင်းပန်ပန်ပြောလိုက်သည့်အခါ ဦးခန့်ထည်မှာ ဖြေရခက် သွားလေတော့၏။

"သမီးရယ်၊ ဆင်းရဲတာ ချမ်းသာတာ ဖေဖေ အပြစ်မပြောလို ဘူး။ ဒါပေမဲ့ အကျင့်စာရိတ္တချို့ယွင်းနေတဲ့လူတစ်ယောက်ကို သံယောဇဉ် မထားသင့်ဘူးလို့ ဖေဖေ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွိတီက မျက်ရည်တွေ ပြည့်လျှမ်းရစ်ဝိုင်းနေသော မျက်ဝန်းအစုံနှင့် ဦးခန့်ထည်ကို မော့ကြည့်လိုက်၏။ ထို့နောက် အခန်းရဲ့မျက်နှာကြက်ကို တိတ်တဆိတ် ငေးမောကြည့်နေရင်း. . .

"ဖြိုးကို အကျင့်စာရိတ္တ ချို့ယွင်းနေတယ်လို့ ဘာကြောင့် ပြောရတာလဲ"

"သမီးဆီက သူ, ငွေတွေ တောင်းခဲ့တယ်မှတ်လား"

ဆွိတီ ခပ်မဲ့မဲ့လေး ပြုံးလိုက်မိ၏။

"ငွေသိန်းတစ်ရာကို ခုထိ ဖေဖေက စိတ်ထဲထည့်ထားနေတုန်းပဲကိုး။ ဆွိတီကတော့ မေ့လိုက်တာ ကြာပါပြီ။ တမင်မေ့ဖျောက်ထားတာပါ။ အဲဒီငွေသိန်းတစ်ရာကို ဆွိတီ ဘယ်နေရာမှာ သုံးခဲ့တယ်ဆိုတာ ဖြိုး သိတယ်။ ဒါပေမဲ့ ဆွိတီတို့သားအဖနှစ်ယောက်လုံးရဲ့ အရှက်နဲ့သိက္ခာကိုငဲ့ပြီး လူပုံအလယ်မှာ ဘာမှပြောမသွားခဲ့ဘူး"

"ဘယ်လို!. . . ဖေဖေနားလည်အောင် ပြောပါဦး သမီးရယ်"

"ဒီစကားတွေကို တစ်သက်လုံးမပြောတော့ဘူးလို့ ဆွိတီ ဆုံးဖြတ်ထားပေမယ့်. . . လူတစ်ယောက်အပေါ် အထင်သေးနေတာတွေ၊ သံသယဝင်နေတာတွေအတွက် ပြောမှဖြစ်တော့မယ်လို့ ဆွိတီထင်တယ်၊ သိန်းတစ်ရာ တကယ်ယူသွားတဲ့သူက ဖြိုးမဟုတ်ဘူး. . . ဖေဖေ၊ သိမ့်





သဉ္ဇာနိုင်နဲ့ သူ့အမေပဲ"

"သိမ့်သဉ္ဇာနိုင်. . ."

ဖေဖေက မမှတ်မိသလို မျက်မှောင်ကြုတ်လျက် အတန်ကြာငြိမ်သက်စဉ်းစားနေ၏။

"ဖေဖေ့လုပ်ငန်းမှာ ကြော်ငြာရိုက်တုန်းက သုံးခဲ့တဲ့ မော်ဒယ်လ်တွေထဲက တစ်ယောက်ဖြစ်မှာပေ့ါ။ ဖေဖေက သူ့ကို တိုက်ခန်းတစ်ခန်းဝယ်ပေးမယ်ဆိုပြီး မဝယ်ပေးတဲ့အတွက် အရှက်ခွဲမယ်တဲ့၊ အဲလိုမဖြစ်စေချင်ရင် သိန်းတစ်ရာ လာပို့ပါဆိုလို့. . ."

စကားမဆုံးခင် ဆွိတီပါးပေါ်သို့ မျက်ရည်တွေ ပေါက်ခနဲကျလာသည်။

ဦးခန့်ထည်က ကျွတ်ခနဲစုတ်သပ်ရင်း ခေါင်းကို ခပ်လေးလေးရမ်းသည်။

"ဒါ သူတို့ဘက်က သက်သက် ကလိမ်ကကျစ်လုပ်ပြီး ဘာမှမသိတဲ့ သမီးလေးကို ငွေညှစ်တာ၊ ဒါတွေ ဘာလို့ ဖေဖေ့ကိုမပြောတာလဲ သမီးရယ်"

"ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့. . . ငွေတွေကုန်တာ အကြောင်းမဟုတ်ပါဘူး။ ဆွိတီနဲ့ ဖေဖေ့ကြားမှာ စိတ်ညစ် စိတ်ရှုပ်စရာကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မဖြစ်စေချင်လို့ပါ''

''ဖြစ်ရလေ သမီးရယ်၊ ဒါတွေ ဖေဖေအားလုံးသိခဲ့ရင် ဒီလိုဖြစ်မလား။ အခုတော့ အားလုံးမှားကုန်ပြီ သမီးရယ်။ အဲ့အတွက် ဖေဖေပြန်ဆပ်ပေးပါ့မယ်။ ဖေဖေ့ကို စိတ်ဆင်းရဲမှာစိုးခဲ့တဲ့သမီးကို ဖေဖေက စိတ်ဆင်းရဲစေခဲ့တယ်။ နောက်, ဘယ်တော့မှ အဲလိုမဖြစ်စေရပါဘူးကွယ်''

ဖေဖေက ဆွိတီပါးပေါ်က မျက်ရည်စတွေကို သုတ်ပေးရင်း တီးတိုးရေရွတ်နေသည်။

ဆွိတီကတော့ ပီတိပြုံးလေးနှင့် ဖခင်ဖြစ်သူကို ငေးမောနေမိသည်။

♥♥♥



## အခန်း (၂၂)

''ဖြိုး ရှိလားဟင်''

လာပြန်ပြီတစ်ယောက် ဟူသောအတွေးနှင့် စိတ်မရှည်စွာ ပြန်ကြည့်လိုက်သောမင်းမင်းမှာ တစ်ခါမှမမြင်ဖူးသော ကောင်မလေးတစ်ယောက်ကြောင့် တအံ့တသြဖြစ်သွားရလေသည်။

'ဘယ်သူလာလာ, မရှိဘူး'လို့ ပြောခိုင်းထားတာမို့ သူ အားနာနာနှင့်ပင်. . .

''ကိုဖြိုး မရှိဘူး''

ဟု ပြောလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားတာလား. . . အဲဒါဆို ဒီမှာ ခဏထိုင်စောင့်နေမယ်နော်"

"ဟာ. . . မစောင့်နဲ့ မစောင့်နဲ့၊ သူက တော်တော်နဲ့ ပြန်လာမှာမဟုတ်ဘူး"

သူမက မျက်လုံးလေး ပိုင်းသွားသည်။

"ဘယ်အထိ သွားတာမို့လဲဟင်၊ ဒီနေ့ ပြန်ရောက်မယ်ဆို စောင့်နိုင်ပါတယ်"

"သဘောပဲဗျာ"

မင်းမင်း စိတ်ရှုပ်ရှုပ်နှင့် ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်သည်။ ဖြိုးက တစ်ဖက်အခန်းထဲမှာ ဝင်အိပ်နေတာဖြစ်၏။

"အစ်ကိုက သူနဲ့ သူငယ်ချင်းလားဟင်"

"ဟုတ်တယ်၊ မင်းကရော ဘယ်သူလဲ"

"ကျွန်မက နှင်းဖြူပါ"

"ဩော်၊ မင်းကလည်း မေဝင့်ထည် လွှတ်လိုက်တဲ့လူပဲကိုး။ ဆိုစမ်းပါဦး. . . ဘာကိစ္စလဲ၊ ကိုဖြိုးက ငါ့သူငယ်ချင်း။ သူ့ကိုပြောချင်တာတွေ ငါ့ကိုပြောလို့ရတယ်"

"မပြောချင်ပါဘူး။ ဖြိုးနဲ့တွေ့မှပြောမယ်"





"ဘယ်လောက်အရေးကြီးတဲ့စကားဖြစ်ဖြစ် ကိုဖြိုးနဲ့တွေ့ရင် ငါပြောပေးလို့ရတယ်ကွ"

"သေချာလား"

"သေချာတယ်"

"အဲဒါဆို ဆွိတီက ဖြိုးကိုသိပ်ချစ်ပါတယ်လို့ ပြောပေး. . ."

"အမ်. . . ဒါပဲလား"

"ကျန်တာတွေတော့ နောက်မှပြောတော့မယ်။ လောလောဆယ် ဟိုမုန့်လေးတွေ ဝယ်ကျွေးပါလားဟင်"

သူမစကားကြောင့် မင်းမင်းက ကြောင်အမ်းအမ်းနှင့် ဟိုဒီလိုက်ကြည့်လေသည်။

"ဘယ်မှာလဲ၊ မုန့်သည်"

"ဟိုမှာ မတွေ့ဘူးလား"

သူမက ခြံရှေ့ကို လက်ညှိုးထိုးပြလေသည်။ ခြံဝနားမှာ မုန့်အုပ်ကလေးသည်ကို မြင်လိုက်ရတာမို့ မင်းမင်း အံ့ဩသွားသည်။

"ကြဲကြဲဖန်ဖန်ကွာ. . . ကဲကဲ. . . သွားစား၊ ပြီးရင် ငါ ပိုက်ဆံလာပေးမယ်"

"ကြိုက်သလောက် စားမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ, ဒီလိုညှော်သည့်မျိုး တစ်ခါမှမတွေ့ဖူးဘူး"

သူမက နှစ်နှစ်ခြိုက်ခြိုက်ပြုံးရင်း သူ့ရှေ့မှ လှစ်ခနဲပြေးထွက်သွား၏။

မင်းမင်းလည်း ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေး ဆက်လုပ်နေလိုက်သည်။

ရဲထိုက်တို့အုပ်စုက အတွင်းဘက်ထဲမှာဖြစ်ပြီး ဖြိုးကတော့ အခန်းထဲ အိပ်နေတာမို့ မင်းမင်းတစ်ယောက်တည်းသာ ရှိနေ၏။

ကောင်မလေးမှာ နာရီဝက်လောက်ကြာတဲ့အထိ ခြံထဲ ပြန်မဝင်လာတာမို့ ပြန်သွားပြီလားဟု ထင်မြင်မိစဉ်. . .

"ကောင်လေး. . . မုန့်ဖိုးပေး"

ဟူသော အဒေါ်ကြီးတစ်ယောက်အသံကြောင့် မင်းမင်း မော့ကြည့်လိုက်သည်။

အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိပြီမို့ သူ့အမေအရွယ်ပင်ဖြစ်တာကြောင့် မင်းမင်း ကရုဏာသက်သွားသည်။ သူ့ခမျာ သားထောက်သမီးခံ မရှိလို့ ဒီလိုဘဝမျိုး ရောက်နေတာဖြစ်မှာ ဟူသော အတွေးနှင့် မင်းမင်း ကွမ်းယာဖိုး ဆောင်ထားသည့်အကြွေတစ်ရာကို ထုတ်ပြီး ရိုရိုသေသေပေးလိုက်သည်။





"ဟဲ့. . . ခြောက်ရာပေးလေ၊ ဒီတစ်ရာတည်း ရမလား"

"ဗျာ. . ."

မင်းမင်း ကြောင်သွားသည်။ ပိုက်ဆံတောင်းတဲ့လူက မာရေကျောရေနိုင်လှချည်လား. . .

"ဟဲ့. . . ဘာကြည့်နေတာလဲ၊ ခြောက်ရာ ပေး၊ အချိန်မရှိဘူး"

"ဟာ. . . အဒေါ်ကြီးက လွန်လွန်းတယ်။ ကျွန်တော်လည်း ရှိသလောက်ပေးတာပဲ"

"ရှိသလောက်ပေးလို့ ရမလားဟဲ့။ ခြောက်ရာပါ ဆိုတာကို"

"ခြောက်ရာတောင် တောင်းရအောင် ဘယ်အထိ ပြန်မှာမို့လို့လဲ"

"မြောက်ဒဂုံ. . . အဲလေ, ဟဲ့. . . ငါ့ဘာသာ ဘယ်ပြန်ပြန် နင့်အပူလား။ ပေးမှာပေးစမ်း"

"ဟာဗျာ. . . တစ်သက်နဲ့တစ်ကိုယ် ဒီလိုအထက်စီးနင်းကနေ ပိုက်ဆံတောင်းတာမျိုး ဒီတစ်ခါပဲ မြင်ဖူးတယ်။ ဟားဟားဟား"

မင်းမင်းက အဒေါ်ကြီးကို လက်ညှိုးထိုးရင်း ဗိုက်နှိပ်ရယ်လိုက်မိ၏။

"အံမာ. . . ဟဲ့အကောင် ဒါ ရယ်စရာလား။ ငါ စိတ်မရှည်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်။ ပေးမှာ ပေးစမ်း''

''ကျွန်တော်လည်း စိတ်မရှည်တော့ဘူးနော်။ သွားတော့. . . ကျွန်တော်တို့သူဌေးတွေ့ရင် ခင်ဗျား အအော်ခံရလိမ့်မယ်။ ခြံဝမှာ အလှူခံမဝင်ရဘူးဆိုတဲ့ဆိုင်းဘုတ် မတွေ့ဘူးလား''

မင်းမင်းစကားအဆုံး အဒေါ်ကြီးက ထမိကို တိုတိုပြင်ဝတ်ပြီး ခုနစ်သံချီတင်ထားသောအသံနှင့်. . .

''ဟဲ့. . .သေနာကျလေး။ ဟိုမှာ အရူးလိုလို အပေါလိုလို ကောင်မလေးက ငါ့မုန့်တွေကို ပါးဖြဲနားဖြဲ မျိုသွားလို့ မုန့်ဖိုးလာတောင်းတာ ဟဲ့။ ငါ့ကိုများ သူတောင်းစားမှတ်နေလား''

ဘာညာကွိကွတွေ စုံအောင် ဆဲဆိုကြိမ်းမောင်းလေတော့သည်။ ထိုအခါမှ မင်းမင်းလည်း ဖြိုးဆီကိုလာသော နှင်းဖြူဆိုသည့်ကောင်မလေးကို သတိရသွား၏။

ထိုအသံတွေကြောင့် ဖြိုးလည်း အိပ်ရာမှ လန့်နိုးသွားတော့၏။

''ဘာတွေဖြစ်နေတာလဲ မင်းမင်း''

''ဒီမှာကွာ. . . ဟိုကောင်မလေး မွှေသွားတာ၊ ဟဲဟဲ. . . ကန်တော့နော် အဒေါ်ကြီး၊ ကျွန်တော်က အဒေါ်ကြီးကို မုန့်သည်မှန်းမသိလို့. . . အဟီး''





မင်းမင်းမှာ တဟီးဟီး တဟဲဟဲနှင့် မျက်နှာချိုသွေးရင်း မုန့်အုပ်ကလေးသည်ကို ပိုက်ဆံထုတ်ပေးလိုက်ရလေတော့၏။

''ဘယ်လိုဟာတွေမှန်းကို မသိဘူး။ စားပြီး မပေးချင်တာနဲ့ ရူးချင်ယောင်,ဆောင်နေကြတယ်''

ပိုက်ဆံရသွားတာတောင် မကျေမနပ်ရေရွတ်သွားသော အဒေါ်ကြီးကိုကြည့်ပြီး မင်းမင်းမျက်နှာက ရှုံ့တွ တွန့်လိမ်နေသည်။

နားမလည်သလို ရပ်ကြည့်နေသောဖြိုးဘက် လှည့်ကာ. . .

''အဲဒါ မင်း မကောင်းလို့''

''ဘာ. . . ငါက နေရင်းထိုင်ရင်း''

''မင်းဆီကိုလာတဲ့ နှင်းဖြူဆိုတဲ့ကောင်မလေး စားတာကွ။ ဘယ်လိုဟာလေးမှန်း မသိပါဘူး''

''ဘာ. . . နှင်းဖြူဟုတ်လား''

''ဟုတ်ပ။ . . . မုန့်အုပ်ကလေးကို ခြောက်ရာဖိုးတောင် စားသွားတဲ့ ပြိတ္တာမလေး''

''အခု ဘယ်ရောက်သွားပြီလဲဟင်''

''မသိဘူး. . . စားပြီး လစ်ပြီထင်တာပဲ''

ဖြိုး ခြံရှေ့ကို အပြေးအလွှားလိုက်ကြည့်ဖို့ ပြင်လိုက်စဉ် မင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့လက်ကို ဆွဲထားသည်။

"အခုလာတာ မင်းညည့်သည်နော်၊ မုန့်ဖိုး မင်း ပေးရမှာ"

"အေးပါကွာ"

ဖြိုး ပြီးစလွယ်ဖြေပြီး လှည့်ထွက်ရန်ပြင်ခိုက် ဝပ်ရှော့ခြံဝင်းထဲသို့ ဝင်လာသောလူတွေကိုကြည့်ပြီး အံ့သြထိတ်လန့်သွားရလေတော့သည်။

တွန်းလှည်းဈေးသည်၊ အထမ်းဈေးသည်၊ ခေါင်းရွက် ဗျတ်ထိုးဈေးသည်တွေ တန်းစီဝင်လာတာ ခြံဝမှာ ရှုပ်ယှက်ခတ်နေ၏။

ဆီးသီး၊ သရက်သီး၊ ငွေးသီးရောင်းသော တွန်းလှည်းသည်က ရှေ့ဆုံးမှာ ပိတ်နေသဖြင့် နောက်က အထမ်းသမားတွေဖြစ်သော ကြာဆံချက်သည်၊ မုန့်တီသည်၊ ရောက်သီးသုပ်သည်တွေက မကျေမနပ် ဝိုင်းအော်ကြ၏။

"ဟေ့. . . ရှေ့ကပိတ်မနေနဲ့၊ ဒီမှာ ထမ်းပိုးထားရတာ အားနာဦး"

"ဒီမှာ ရွက်ထားရတာ ဖက်ခိုင်နေပြီ၊ ရှေ့က မြန်မြန်ဖယ်စမ်း"

"ဒီမှာ ကျုပ်က မီးဖိုတစ်ဖက်နဲ့ဗျ"

မုန့်စိမ်းပေါင်းသည်၊ ကောက်ညှင်းပေါင်းသည်တွေသာမက၊ ဗယာ





ကြော်ကုလားပဲ ပါသေးသည်။ ဈေးသည်အုပ်ကြီးက လူနှစ်ဆယ်နီးပါး ရှိတာမို့ မင်းမင်းရော ဖြိုးပါ အံ့သြသွားရသည်။

သူတို့ရဲ့အထမ်းအပိုး တောင်းတွေ၊ ဗန်းတွေပါ ချလိုက်တော့ ကားရေဆေးသည့်ကွင်းပင် ပြည့်လုခမန်း ဖြစ်သွား၏။ နောက်ဆုံးဝင်လာတာက အကင်သည်ဖြစ်၏။

"ဟေ့, မောင်ဖြိုးဆိုတာ ဘယ်သူလဲ၊ ကြာဆံချက် ဆယ့်နှစ်ပွဲဖိုး. . . ပေး"

"ဗျာ. . . ကြာဆံချက် ဆယ့်နှစ်ပွဲ"

"ကျုပ်ဆီကလည်း မုန့်စိမ်းပေါင်း ရှစ်ရာဖိုး ဝယ်ထားတယ်"

"မုန့်တီ ဆယ်ပွဲဖိုး ပေးဗျို့"

"ရောက်သီးသုပ်လည်း ရှစ်ပွဲထောင်၊ ပဲပြားသုပ်က ငါးပွဲ၊ တို့ဟူးသုပ် ခြောက်ပွဲ"

"ကောက်ညှင်းပေါင်းလည်း တစ်အိုးလုံး၊ နှစ်ထောင်နဲ့အပြတ် ဝယ်သွားတာတော့"

"အစ်မလေးတစ်ယောက်နော်. . . ချွန်ဒွေါ်ဆီက ကြော်ပြီးသား အကြော်တွေ တစ်ဗန်းလုံး ယူသွားတယ်နော၊ အဲဒါ ဒီက အစ်ကို ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကုလားကလည်း တစ်မျိုး။

"ဟော့. . . ဝက်သားတုတ်ထိုးလည်း နှစ်ထောင့်ခြောက်ရာဖိုး စားထားတယ်။ အဲဒါ ပေးဦး"

တရုတ်ကြီးကလည်း ဝက်သားခုတ်သည့် ဓားပြားကြီးတရမ်းရမ်းနှင့်. . .

"ဒါတွေ ဘယ်သူစားသွားတာလဲဗျာ"

"အစ်ကို, ရှုးချင်ယောင်တော့ မဆောင်နဲ့ဗျာ။ ကောင်မလေး တစ်ယောက် စားသွားတာ။ သူက အစ်ကို့မိန်းမ မှတ်လား"

ဖြိုးရင်ထဲ လှပ်ခနဲပင် အေးသွားရသည်။

"ဟုတ်တယ် ဟုတ်တယ်. . . ကျုပ်ဆီက အသုပ်ကို သူစားတဲ့ အပြင် လမ်းက သွားလာနေတဲ့လူတွေကိုလည်း ခေါ်ကျွေးတာ။ မစား တဲ့လူဆို ပါဆယ်ထုပ်ပေးသေးတာ"

"ဟုတ်ပါ့တော်, ကျွန်မ ကောက်ညှင်းပေါင်းတွေလည်း ကလေး တွေကို ဝယ်ကျွေးတာ"

မင်းမင်းက ဖြိုးကို ပြုံးစေ့စေ့မျက်နှာနှင့် မော့ကြည့်၏။ ဖြိုးက လည်း ပြုံးလိုက်မိ၏။ ထို့နောက် မင်းမင်းကို လက်ညှိုးထိုးကာ. . .

"ကိုဖြိုးဆိုတာ သူပဲ ခင်ဗျ"





ဟုဆိုကာ သူမနောက်သို့လိုက်ရန် ခြံပြင်သို့ အပြေးတစ်ပိုင်း ထွက်ခဲ့လေတော့သည်။ ဈေးသည်တွေအားလုံး မင်းမင်းနားသို့ ဝိုင်းအုံ တိုးကပ်သွား၏။

"ပေးနော်, အစ်ကိုလေး။ ဆီပူနဲ့ ပက်လိုက်မယ်။ ကုလားကို ဘာမှတ်နေလဲ"

"ဒီမှာတွေ့လား ဓား. . . ထက်သလားတော့ မမေးနဲ့။ နှစ်ရက် တစ်ခါ သွေးထားတာကွ"

"မပေးလို့ကတော့ တစ်စစီ ဆွဲဆုတ်ပစ်မယ်။ မုန့်စိမ်းပေါင်း သည်ဆိုပြီး လျှော့မတွက်နဲ့"

ဈေးသည်တွေရဲ့ ကြိမ်းမောင်းသံတွေကြား မင်းမင်းတစ်ယောက် ဘယ်လိုကျန်ခဲ့မည်မသိ။

ဖြိုးကတော့ ခြံပြင် ပြေးထွက်သည်နှင့် သူမကို လိုက်ရှာရလေ တော့၏။

လမ်းတွင် မုန့်စိမ်းပေါင်း စားနေသောကလေးတစ်ယောက်ကို တွေ့တာမို့. . .

"ညီလေး, ဒီနားမှာ အစ်မကြီးတစ်ယောက် တွေ့မိလား"

"ဘယ်က အစ်မကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ညီလေးတို့ကို မုန့်စိမ်းပေါင်းကျွေးတဲ့အစ်မကြီးလေ"

"ကျွန်တော့်ကို မုန့်စိမ်းပေါင်းကျွေးတာ အစ်မကြီးမဟုတ်ဘူးဗျ"

"အေး. . . အစ်မလေးပဲ ထားပါတော့ကွာ"

"ဘာတွေပြောနေတာလဲဗျ၊ ကျွန်တော့်ကို မုန့်စိမ်းပေါင်း ဝယ်ကျွေးတာ ကျွန်တော့်အမေပါ"

ကောင်လေးစကားကြောင့် ဖြိုး ခေါင်းကုတ်ရင်း ထိုနေရာမှ ပြေးထွက်လာခဲ့လေသည်။

"ဟေ့. . . ဟေ့ကောင်လေး"

နောက်မှခေါ်သံကြောင့် လှည့်ကြည့်တော့ ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ထားသည့် ခပ်ဝဝအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ကျွန်တော့်ကို ခေါ်တာလား"

"အေး. . . ဟုတ်တယ်၊ ဒါနဲ့ မင်းက မုန့်တွေ ဝယ်ကျွေးနေတဲ့ ညီမလေးကို ရှာနေတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘာလဲ. . . မင်းက စားချင်လို့လား"

"အင်းပေါ့၊ အဲ. . . မဟုတ်. . . မဟုတ်ပါဘူး၊ သူ့ကိုတွေ့ချင်လို့ပါ"





"ဟိုဘက် ထွက်သွားတယ်၊ အစ်မကိုလည်း ကြာဆံချက် တိုက်သွားတယ်။ မုန့်စိမ်းပေါင်းတစ်ထုပ်နဲ့ ကောက်ညှင်းပေါင်းတစ်ထုပ် ပေးသွားလို့ သားကိုကျွေးနေတာလေ။ သွား. . . သွား, ခုလေးတင် သွားတာ, မီသေးတယ်။ သူ့လက်ထဲမှာ မုန့်တွေ ကျန်သေးတယ်နဲ့တူတယ်။ ကံကောင်းရင် မင်းလည်း စားရမှာပါ"

အမျိုးသမီးက စကားတွေ ရှည်နေသေးသည်။ ဖြိုး ခေါင်းညိတ်ပြကာ ထိုနေရာမှ ပြေးထွက်ခဲ့လေတော့၏။ သူ ပြေးလာရင်း ယခင်တွေ့နေကျ ရေမြောင်းအုတ်ခုံလေးဆီသို့ ရောက်လာသည်။

"ဖြိုး. . ."

ရုတ်တရက် အသံကြားရသောကြောင့် ခေါ်သံလာရာဆီသို့ လှည့်အကြည့် ကွပ်ကြွပ်အိတ်က ဖြိုးမျက်နှာကို လေနဲ့အတူ ပြေးကပ်သည်။

ကလေးတွေရဲ့ ဝေါခနဲရယ်သံကို ကြားလိုက်ရ၏။ အိတ်ကိုဖယ်ပြီး ကြည့်လိုက်တော့ ကလေးတွေကြားထဲမှာ ရပ်နေသည့်သူမကို တွေ့လိုက်ရလေသည်။

"ဆွိတီ. . ."

"နှင်းဖြူပါ ဖြိုးရယ်၊ ဒီနေ့တစ်နေ့ပဲ အသက်ရှင်ခွင့်[illegible]ို



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် လွတ်လပ် အေးချမ်းတဲ့ နှင်းဖြူဘဝလေးနဲ့ပဲ နေသွားမယ်။ ဆွိတ်ဆိုတဲ့ဘဝက မွန်းကျပ်လွန်းလို့"

"ကိုယ် သိပြီးပါပြီ၊ မနက်က နှင်းဖြူ လာသွားတယ်။ အကျိုးအကြောင်းတွေအားလုံး ပြောပြလို့ ကိုယ်နားလည်သွားပါပြီကွာ"

သူမက မျက်ရည်အဝဲသားနှင့် ရှက်ပြုံးလေး ပြုံးပြီး ဖြိုးရင်ခွင်ထဲ တိုးဝင်လာတာမို့ ဖြိုး အလိုက်သင့် ပြန်ဖက်ထားလိုက်၏။

ကလေးတွေက ဖြိုးနှင့်သူမကိုကြည့်ပြီး ရုပ်ရှင်ဇာတ်ပေါင်းခန်း ကြည့်ရသလို လက်ခုပ်ပိုင်းတီးကြသည်။

ဖြိုးလည်း ခုမှ တကယ့်ဇာတ်ပေါင်းခန်း ရောက်သလို ခံစားရတာမို့ သူမကို တိုး၍တင်းကျပ်စွာ ဖက်ထားစဉ်. . .

"ကိုဖြိုးရေ. . . လုပ်ပါဦးကွ"

ဟူသော မင်းမင်းအသံကြောင့် လှမ်းကြည့်လိုက်စဉ် ဈေးသည်အုပ်ကြီးရှေ့မှ အသက်လုပြေးလာသော မင်းမင်းကို တွေ့လိုက်ရလေသည်။

ဖြိုး သူမကိုငုံ့ကြည့်ပြီး မျက်ခုံးပင့်ပြလိုက်၏။

"ဘာလုပ်မလဲ၊ ပေးမလား. . . ပြေးမလား"

"ပြေးမယ် ဖြိုးရ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲ"





သူမစကားအဆုံး ဖြိုးနှင့်သူမ, နောက်ကိုတစ်ချက်လှည့်ကြည့်ကာ လက်ချင်းတွဲလျက် ထိုနေရာမှ ပြေးထွက်ခဲ့လေတော့၏။

နောက်မှာ အော်ဟစ်ကြိမ်းမောင်းသံတွေ ဆူညံနေပေမယ့် သူတို့နှစ်ယောက်ရဲ့ရယ်သံတွေကို ဘယ်လိုမှမလွှမ်းနိုင်ပေ။

ချစ်သူနဲ့အတူဆို မိုးကုပ်စက်ဝိုင်းကျော်အောင် ပြေးရမယ်ဆိုရင်တောင် မောတယ်ထင်မှာ မဟုတ်တော့ချေ။

ဖြိုးရဲ့ကောင်မလေးက အချစ်မှာ တန်ခိုးရှိတဲ့အကြောင်း ပုံပြင်ပြောခဲ့တာကိုး။

ဒီလောက်တော့ ရှိမှာပေါ့နော်. . .။

BURMESE CLASSIC .com

ပြီးပါပြီ။

ကြည်နုခေတ်

www.burmeseclassic.com